
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
နတ်ရွာမိုး
မီဂါဖျံ/နတ်ရွာမိုး။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃။
၁၄၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။


ထုတ်ဝေသူ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်။ ဖြန့်ချိရေး အောင်မြင်စာပေ။
ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်၊ (အောက်တိုဘာလ)၊ အုပ်ရေ(၅၀၀)။



# နတ်ရွာမိုး

မီဂါဖျံ

ဖျံဟာ
ရေထဲမှာတော့ ချွန်ဖီးသံငွေ့
တို့ကိုကိုဖျံကတော့
ရေရော လေရော မြေရော
ဘာတစ်ခုမှမချန်ဘူး
မီဂါဖျံ...။



www.burmeseclassic.com

www.burmeseclassic.com

အချစ်နှင့်
ထိတွေ့လိုက်သူတိုင်း
ကဗျာဆရာ ဖြစ်သွား၏။
(ဝီလျံရှိတ်စပီးယား)

အချစ်နှင့်
ထိတွေ့လိုက်သော
ကဗျာဆရာတိုင်း
အရူးတပိုင်းဖြစ်သွား၏။
(နတ်ရှာမိုး)







# အခန်း(၁)

"ဒါကြောင့် အခုတရားတော်ရဲ့အနှစ်ချုပ်က စိတ်ရှည် ဇွဲသန် သီးညည်းခံတဲ့. . ဘာတဲ့လဲ တရားနာပရိသတ်"

"စိတ်ရှည် ဇွဲသန် သီးညည်းခံပါဘုရား"

"အိမ်း. . ဒါကြောင့် မြင်ရင်မြင်တယ်လို့မှတ်၊ ဘယ်လိုမှတ်ရမလဲ. ."

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"မြင်ရင်မြင်တယ်လို့ မှတ်ရပါမယ်ဘုရား"

ထိုခဏ၌ပင်. . 'အောင်မင်းစိန်' လှမ်းမြင်လိုက်ခြင်းဖြစ်ပါသည်။

ကားထဲကတရားခွေကို လှမ်းပိတ်လိုက်သည်။

ပါးစပ်ကလည်း ပြောလိုက်သေးသည်။

"မြင်ရင်မြင်တယ်လို့တော့ မှတ်တာပါပဲဖရော့. .၊ ရင်ခံတဲ့မြင်ကွင်းဆိုတော့ တစ်ခုခု တုန့်ပြန်ရမှာပဲ. . ပုထုဇဉ်လေ"

သူ့ရှေ့လေကာမှန်မှ ဖြတ်၍မြင်လိုက်ရသော မြင်ကွင်းက ကန်သာယာပန်းခြံထဲဝင်သွားသော ဆိုင်ကယ်တစ်စီးဖြစ်သည်။

သူ့ရန်သူတော် 'ဝေချစ်ကို'က မောင်းသည်။

ဝေချစ်ကို ပုခုံးပေါ် လက်ကလေးတင်၍ စီးဝင်သွားသူက သူ့အသည်းလေး 'ချစ်ချစ်မွေး'။ 'အေပေးကောင်'ဟု စိတ်ထဲက ဆဲလိုက်မိသေးသည် ထင်သည်။

အသည်းတွေ တဆတ်ဆတ် တုန်ခါလာနေသည်။

"ငါဘာလုပ်ရမလဲ. .၊ အဲ့ဒီဆိုင်ကယ်ကို ကားနဲ့လိုက်တိုက်ရင် ကောင်းမလား"

ဖြစ်သေးပါဘူး. . . ကားက Mark X အသစ်ချပ်ချွတ်လေးမနေကမှ ဝယ်ထားတာ၊ ခု ရွှေညောင်ပင်လာပြရင်း တရားခွေ ဖွင့်ပြီးကန်စောင်းမှာ မဂ်လာယူနေတာ. . .။

"ဒီ အမင်္ဂလာကောင်ကိုက သူများမင်္ဂလာယူနေချိန်ကြီးကျခါမှ ချစ်ချစ်မွေးကို ဘယ်လိုတွေ ဖြားယောင်းပြီး ကန်သာယာပန်းခြံ





ထဲ ခေါ်ခဲ့ရတာတဲ့လဲ. . ဟဲ့"

ကန်မျက်စောင်းထိုးက ပွိုင့်စားတော်ဆက်ကို မောင်းလာခဲ့သည်။ ယုဝ နှင့် ဇီပိတ်ကိုအသင့်တွေ့ရသည်။ ကားကြွားရန် ချိန်းပြီးဖြစ်သည်။

"တီ!. . တီ!. ."

လက်ဖက်ရည်ပါဆယ်လာဆွဲသော စကပ်တိုလေးကို ဝမ်းပမ်းတသာ အားပါးတရ လိုရာဆွဲ စိတ်ကူးယဉ်နေသော ခေါ်တောအကြည့်တွေ ဟွန်းသံကြောင့် အောင်မင်းစိန်ဆီ ရောက်လာ၏။

ကားဆီအပြေးတစ်ပိုင်း ထလာ၍. . .

"ဟာ. . နောင်တော်စိန် သားနားသပ်ရပ် တောက်ပြောင်ဝင်းလက်နေပါ့လား"

"နဂိုရုပ်ခံက သန့်ပြန့်နေတော့ ဒီလိုဇွေလေးနဲ့ဆို ပိုပြီးခန့်ညားလာတာပေါ့"

ယုဝနှင့် ဇီပိတ်က. . တွေ့တွေ့ချင်း ရေပက်မဝင်အောင်မြှောက်ကြတော့သည်။

"အေးပါကွာ. . ငါရှင်းမှာပါ"

"ဒါဆို အစ်ကိုဆင်းလေဗျာ၊ အစ်ကို့မျက်နှာက တစ်ခုခုဖြစ်လာသလိုပဲ"

ဘေးဝိုင်းတွေက ခပ်ကြဲကြဲရှိနေသည်ကို အောင်မင်းစိန်အကဲခတ်လိုက်သေးသည်။

ယုဝဖွင့်ပေးသော ကားတံခါးမှ. . . သော့ထုတ်ရင်း ဆင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဂျိတ်!. ."

ရွရွကလေးရပ်ထားသော သူ့ကားကိုကြည့်ရင်း. . .

"အေးကွာ. . ဒီမှာပဲ တိုင်ပင်ကြတာ ကောင်းပါတယ်"

ဇိပိတ်က အောင်မင်းစိန်ထိုင်မည့်ခုံကို နေရာချ၍ သုတ်ပေးလိုက်သေး. . .။

"ဘာဖြစ်လာလို့လဲ နောင်စိန်"

"အူနုကျွဲခတ်ခံရတာ. . အူနုကျွဲခတ်ခံလိုက်ရတာကွ"

"ဒါ. . ဒါဆို ဗိုက်သားပါ ပေါက်သွားတာပေါ့. . မှန်း"

လုံချည်စကို ဇိပိတ်က လာဆွဲနေသဖြင့်. . .

"တင်စားတာကွ. . 'မျက်စပ်ပိုးဝင် ဆံတစ်ပင်တင်း ချစ်ခြင်းမယား ရည်းစားလူလု အူနုကျွဲခတ်' ဆိုတဲ့စကား မင်းမကြားဖူးဘူးလား ဇိပိတ်ရ. ."

"အွန်. . နောင်စိန်က မိန်းမလည်းမရှိ ရည်စားလည်းမရှိဘဲနဲ့ ဘယ်ကျွဲက ဘယ်လိုဝင်ခတ်လို့ အူနုပြတ်ရတာတုန်း"

"ရှိးမှပဲ. . ငါ့အသည်းလေး ချစ်ချစ်မွှေးကို ဟိုကျွဲကွာ. . ဝေချစ်ကို ဆိုင်ကယ်နဲ့ မ,သွားလို့ ကန်. . ကန်သာယာထဲ အခုနတင်ပဲ ဝင်သွားတာကို ငါမြင်လာလို့ကွ. .၊ အသည်းရော အူနုရော. . ဆတ်ဆတ်ခါ နာလာတာ"

"ဟာ. . . အဲ့ဒါတော့ ဖြစ်ကိုမဖြစ်သင့်တာပဲ၊ ကျ. . ကျွန်တော်တို့ ဘာလုပ်ပေးရမလဲ နောင်စိန်"





"ဘာလုပ်ရင်ကောင်းမလဲလို့ပါ။ အဲ့ဒါ တိုင်ပင်မလို့. . ငါဘာ
လုပ်သင့်သလဲ၊ ဟွန်း. . ခုလောက်ဆို ဟိုညောင်မြစ်ပျဉ်းတွေကြာ
ရောက်နေလောက်ပြီကွ. . ကယ်ကြပါဦးကွာ"

နုရွနေအောင်ဝတ်စားထားသော အောင်မင်းစိန်၏ မခို
တင်ကဲနှင့် ပူစပ်ပူလောင်ရောနေသော အားငယ်သံကို. . ယုဝနှင့်
ဇိပိတ်က တအံ့တသြလှမ်းကြည့်ပြီ အချင်းချင်းလည်း မျက်စပ်
လိုက်ကြသည်။

'ဟာ!. . အာစရိတကယ်မချိတာဟ၊ ငါတို့ အစွမ်းကုန်ကူညီ
မှ. . ဒါမှ ရေကျမှာ'ဟူသော မျက်စနှစ်စဖြစ်သည်။

ဇိပိတ်က တစ်ခုခုနှစ်သိမ့်ရန် အကြံထုတ်နေစဉ်. . .

ယုဝက. . .

"အေး. . အဲ့ဒီညောင်မြစ်ပျဉ်းတွေက ထိုင်ရုံနဲ့ လုံသွားတာ
ဗျ၊ အံမယ်. . အောက်မှာ ကျူဖျာတောင် ခင်းထားသေး"

ဇိပိတ်က. . .

"အောင်မာ. . မင်းက ဘယ်လိုသိနေတာလဲ"

"မနေ့က ငါတစ်နေကုန် ပျောက်နေတာ. . ဟဲဟဲ. . အဲ့ဒီ
ညောင်ပင်ပေါ် ရောက်နေတာလေ"

အားငယ်နေသော အောင်မင်းစိန်၏ မျက်နှာကို ဇိပိတ်က
မျက်စောင်းနှင့်ပြသည်။ အောင်မင်းစိန်၏ ရေနွေးငွဲ့သော လက်ချွ
က ကတုန်ကယင်ကို ပြနေ၏။

"ခုလောက်နဲ့တော့ ငါ့အသည်းလေးကျောကို ကျူဖျာမထူး



www.burmeseclassic.com

www.burmeseclassic.com



လောက်သေးဘူး. . နှုးတုန်းနှပ်တုန်းနေမှာ. . လုပ်ကြပါဦး အချိန်မီ ကြံကြပါဦး ငါ့ညီတို့ရာ. . .”

“နောင်စိန်ရာ ချစ်ချစ်မွှေးက အဲ့လိုအဆင့်အတန်း မဟုတ်ပါဗျ. . ဘွဲ့ရပညာတတ်လေးပါ”

“ပြောလို့ရမလား၊ ဝေချစ်ကိုက ကျားကွ. . သိုးသားကို ဖြစ်တဲ့နည်းနဲ့စားမှာ၊ ငါ့အသည်းလေးက မအူမလည်လေး. . ထိလွယ်ရှလွယ်လေး. .၊ မြန်မြန်ကွ. . တစ်ခုခုကြံကြစမ်းပါဦးဟ”

စားပွဲထိုးလေးက အောင်မင်းစိန်သောက်နေကျ နို့ကြက်ဥလာချသည်။

ယုဝက. . .

“ကျွန်တော်အကြံတစ်ခုရတယ် နောင်စိန်”

“ဟေ. . ဘာအကြံလဲ”

“ဒီနို့ကြက်ဥ ကိုဝေ့ဆီ ကျွန်တော်သွားပို့. . .”

“ဘာကွ!. . ဒီလိုအခြေအနေမှာ မင်းက ဝေချစ်ကိုဆီ မြစ်ပျဉ်းကြားအထိ နို့ကြက်ဥပို့ပေးဦးမယ်. . ဟတ်လား. . ယုဝ၊ ဒီအတိုင်းတောင် ဒီကောင်က အားကောင်းမောင်းသန်ကြီးဟာကို. .”

“ကျွန်တော့်စကား မဆုံးသေးဘူးလေ နောင်စိန်ရဲ့ မြစ်ပျဉ်ကြားမှာ ဘွားခနဲ သွားတွေ့ရင် ဘယ်လိုဖြစ်ဖြစ် သူတို့ဇာတ်လမ်းကတင်ပိုကျသွားမှာပဲ၊ ထိုးရပ်သွားဖို့ အစိက မဟုတ်လား”

ဇိပိတ်က ဝင်လာသည်။

“အွန်!. . ကိုဝေက အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုပြီး. .





မင်းဆီ လက်ချည်းပဲ လွတ်လိုက်မှာ၊ သူ့လက်သီးအကြောင်းလည်း မင်းသိသားနဲ့”

“ဒါကြောင့်မို့ နို့ကြက်ဥပါဆယ်လေး ယူသွားတာပေ့ါကွာ၊ ကိုဝေတို့ ဆာနေမှာစိုးလို့ ယုဝစေတနာမေတ္တာပါဆိုရင် မကျေနပ်ဘဲနေမလား၊ ငါ့ရန်တော့ ငါသိပါတယ်”

“နို့ကြက်ဥသောက်ပြီး. . မင်းကိုဖနောင့်နဲ့ ပေါက်ထုတ်ရင်ကော ဘယ်လိုလုပ်မလဲ ယုဝရာ၊ ကျူဖျာမကဘူး မြေပါကျိုးမှာ. . နောက်တစ်ခုကြံဦး. . ဇိပိတ်မင်းအလှည့် ကြံစမ်း”

ဇိပိတ်က ပညာရှိကြီး ဂိုက်စပေါက်နှင့် သူ့မေးစေ့ကို လက်ညှိုးနှင့်တောက်ရင်း. . .

“ဒီကိစ္စကို အော်ပရေးရှင်း မစ်ရှင်တစ်ခုလို တိုက်ခိုက်ခြေမှုန်းရမှာ ဆိုတော့ကာ. . ယုဝက နယ်မြေကျွမ်းကျင်တယ်၊ မင်းမနေ့ကလည်း တစ်နေကုန် အဲ့ဒီနယ်မြေမှာပဲ ကျက်စားနေခဲ့တာဆိုတော့. . မင်းပဲ အဲ့ဒီတာဝန်ယူ ရမယ်”

“ဇိပိတ်ရာ လိုရင်းပြောစမ်း. . အချိန်နဲ့အမျှ အရေးကြီးနေတယ်ကွ”

“လိုရင်းပြောရရင် ညောင်ပင်ပေါ်ကနေ ပုံးကြဲမယ်လေ”

“ဘာပုံးလဲကွ မင်းဟာက”

“ခွေးလျှားသီးပုံး. . နေဦး သုံးမနစ်ပဲစောင့် အိမ်ပြန်ယူလာခဲ့မယ်”

ပြောပြီး သုတ်ခနဲ ထသွားသည်။ ဇိပိတ်အိမ်က လမ်းဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ကူးရုံနှင့်ရောက်သည်။

နှစ်ယောက်တည်း ကျန်သောအခါ ယုဝက. . .

“ဟုတ်တယ်နောင်စိန် ညောင်ပင်ပေါ်ကနေ မြစ်ပျဉ်းအင်ဂယ်လ်မှန်သမျှ. . ထင်းခနဲ လှမ်းမြင်နေရတဲ့ ခြေကုတ်စခန်းတွေ ကျွန်တော်လေ့လာပြီးသား၊ ကျွန်တော့်တာဝန် ကျေစေရပါ့မယ်၊

ဇိပိတ်အိုင်ဒီယာ ကောင်းတယ်၊ သူ့သူငယ်ချင်း ကျွန်တော်လည်း အန္တရာယ်ကင်းတယ်၊ ခွေးလျှားဗုံးက အသံလည်းမထွက်ဘူးလေ. . ဘယ်နေရာက ကြချသွားသလဲဆိုတာ ဘယ်သူမှမသိနိုင်ဘူး၊ ဟီဟိ. . ယိုးဒယားကတွေ မြင်ရဦးမယ်”

ဇိပိတ်ပလတ်စတစ်အိတ်လေးနှင့် ပြန်ရောက်လာသည်။

“ရှားရှားပါးပါး ရှာဖွေစုဆောင်းထားတဲ့ ဖြို့ခွင်းရေးလက်နက်ပဲ၊ ကဲ. . ရော့. . ယုဝ၊ မင်း တားကက်ကို ထိအောင်ကြပေရော့”

“နေဦးကွ. . .”

အောင်မင်းစိန်က သူတို့အစီအစဉ်ကို မကန့်ကွက်သော်လည်း သူ့စိတ်ထဲ သိပ်အားမရသေးပုံမျိုး ဖြစ်နေသည်။

သူ့ရန်သူတော် ဝေချစ်ကို သိပ်အထိမနာဟု ယူဆသည်။

“မင်းတို့ ခွေးလျှားဗုံးလောက်နဲ့ ဒီကောင်က နောင်ကြဉ်မှာမဟုတ်ဘူးကွ၊ ဒီကောင်နောင်ကြဉ်အောင် ဒီထက် ထိချက်ခပ်ပြင်းပြင်းလေး လုပ်ကြပါဦးဟာ”

“အဲ့ဒီတာဝန်ကို ဇိပိတ်ယူတယ် နောင်စိန်၊ ဝေဟင်မှာ ယုစမြေပြင်မှာ ဇိပိတ်တဲ့. . ၊ ငဝေတစ်ယောက် ငယ်ထိပ်မြွေပေါက်စေရ





မယ်”

“ကဲ. . ဒိုးစို့”

“ဟင်!. . နောင်စိန်က ဘယ်လဲ”

“ငါလည်းလိုက်ကြည့်မယ်လေ. . ဒီမစ်ရှင်ပြီးရင် မင်းတို့နှစ်ကောင် ငါ့ဆီက ဘီယာဖိုး တောင်းကြတော့မှာလေ၊ အင်ပေါ်လေးဘဲလ်မစ်ရှင်းဖြစ်နေရင် ဘယ်လိုလုပ်မလဲ၊ ငါမြင်ရမှ ဖြစ်မှာပေါ့”

“ဒါဆို. . လာဗျာ”

“ဒီမှာ. . ရှုပ်မယ် ကောင်လေး”

သုံးယောက်သား လက်ဝါးဖျောင်းဖျောင်း ရိုက်လိုက်ကြ၏။ မစ်ရှင်စပြီ။





www.burmeseclassic.com

www.burmeseclassic.com

ကြွက်လျှောက်တန်းအောက်က
ကောက်ရတဲ့ ဆေးလိပ်တို
မှိန်နံ့နဲ့...
ငါက...
လောကကြီးဆီက
မီး တစ်တို့တောင်း..လို့
လည်ပင်းညောင်းလို့ ထင်ရဲ့
လှည့်တောင်မကြည့်ဘူး...။ ။







# အခန်း(၂)

**ဆိုင်**ရှေ့၌ ကားကိုထားခဲ့ပြီး ကန်သာယာထဲ ဝင်ခဲ့ကြသည်။

"ဟိုမယ် ညောင်ပင်အောက်မှာ ဆိုင်ကယ်၊ လာ နောင်မိန့် ဒီဘက်ကတက်မယ်"

"အေး. . အပေါ်က အပိုင်သာကြချ၊ ငါက အောက်ခြေမြေ



www.burmeseclassic.com

www.burmeseclassic.com



မြင်မှာ ဆိုင်ကယ်ကို ဒုက္ခပေးဖို့ တာဝန်ယူတယ်"

ဇိဂိတ်၏ စီမံခန့်ခွဲမှုဖြစ်သည်။ ပင်စည်ကိုအကာအကွယ်ယူ၍ ယုဝက ရှေ့ကတက်သည်။ အောင်မင်းစိန်က ဦးဂျမ်းပုဆိုးအသစ်ကြီးနှင့် နောက်ကလိုက်တက်သည်။

အတွင်းခံဘောင်းဘီပါပေါင် တစ်ဝက်ကျော်ပေါ်အောင် ကုန်းကုန်းကွကွ တက်ရခြင်းဖြစ်သည်။

"ထင်သားပဲ. . သိပ်မသဲကွဲတဲ့ မြစ်ပျဉ်းထဲ ဒီပုဂ္ဂိုလ်ဝင်လိမ့်မယ်လို့"

"ဘာ ကိုပြောတာလဲ ယုဝရ"

"တိုးတိုးပြော. . 'ဘိ'သုံးခုရှိတယ်၊ နှစ်ခုက အပေါ်စီးမြင်ကွင်း ရှင်းတယ်၊ တစ်ခုက အောက်ကနေ မော့ကြည့်တာတောင် ကျွန်တော်တို့ကိုလှမ်းမမြင်ရအောင် ညောင်ရွက်တွေခံနေတယ်. .၊ ရှိုးတိုးရိပ်တိတ်တော့ မြင်ရပါတယ်၊ ကိုဝေ ဘာရောင်ဝတ်ထားသလဲ နောင်စိန်"

"အဖြူရောင်ကွ၊ ဘယ်မလဲ. . ဘယ်မလဲ. . ပြစမ်း၊ အခြေအနေက ဘယ်လိုပိုဇရှင် ရောက်နေပလဲ"

"လာ. . နောက်တစ်ဆင့်တက်ရင် လင့်စင်ရှိတယ်၊ အဲ့ဒီကဆို ပိုကောင်းတယ်"

လင့်စင်ပေါ် ချွေးဒီးဒီးကျအောင် တက်ယူရသည်။ ဟောဟဲလိုက်နေ၏။

"ဟိုးမှာ မြင်လား နောင်စိန်. . အင်္ကျီအဖြူနဲ့"





"ဟာ. . တော်သေးတယ်၊ အချိန်မီတယ် ကျောမကျသေးဘူး"

အောင်မင်းစိန်က အဝေးမှုန်သည်။ ပြူးပြဲ၍ ငုံ့ကြည့်ရှာသည်။

တော်တော်လည်း မြင့်သည့်အပြင် ညောင်ကိုင်းညောင်ရွက်တွေခံနေသဖြင့် လူလုံးကတော့ သိပ်မကွဲ။

"နှုတုန်းနှပ်တုန်းကွ. . မြန်မြန်ကြပါဟ၊ မင်းကဘယ်နေရာက သွားကြမလဲ. . လေကတိုက်နေသေး"

"အဲ့ဒါခွေးနေတာ၊ ဟိုအကိုင်းကနေ အောက်နည်းနည်းဆင်းရမယ်၊ လေငြိမ်မှ ကြမှာပါဗျ ကျွန်တော်မတိုးပါဘူး"

"လေကမငြိမ်ရင်. . ဟိုကောင်က ငြိမ်နေမှာ မဟုတ်ဘူးဟ၊ ကျောရရုံကြံတယ်ဆိုတာ မင်းမကြားဖူးဘူးလား. .၊ တစ်ဂီယာပြီး တစ်ဂီယာ ချိန်းနေမှာ"

"မြင်ယောင်ပါတယ်ဗျာ အာစရိအသည်းလေး မျောနေပုံလေး. . ဟေးဟေး. ."

"အေး. . ဟာ!. . အဲ့ဒါမအေးဘူးလေ၊ အဲလိုမလုပ်ရဘူးလေ"

ယုဝက ကိုင်းကူးသွားလေပြီ။

အင်း. . ကိုယ့်အိုးကိုယ့်အိမ်လို့ပါပဲလား၊ ဒီလင့်စင်လည်း သူ့လက်ရာပဲဖြစ်မယ်ဟု အောင်မင်းစိန် တွေးရင်း အောက်ကိုမေးတင်ငေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ပွဲက တဖြည်းဖြည်း အကြိတ်အနယ်အပိုင်း ရောက်တော့မည်။ ပုံးမကြဲနိုင်ပါက ရန်သူအသင်းက အနိုင်ဂိုးသွင်းတော့မည်။

ဝေချစ်ကိုဆိုသော ဒီကောင့်ခြေက တိုင်ထိပြန်ထွက်ခြေ. . မဟုတ်မှန်း အောင်မင်းစိန် ကိုယ်တိုင်သိသည်။

တန်းထည့် တန်းဝင်ခြေ. . .။

ကြဲပါဟ. . .။

အော်မိမလို ဖြစ်သွားသေးသည်။

ယုဝက လေကြောင်းရွေးသလို အကိုင်းရွေးသလိုနှင့်. . ရှုထောင့်စုံကနေ လိုက်ချောင်းနေ၏။

အလို!. . . ဒီကောင် ဖုန်းဟန်းဆက်နဲ့ ဗီဒီယိုရိုက်နေတာကိုး. .၊ ဒီကောင် ဒါလုပ်စားနေတာများလား. .။

ဟာ!. . ငါ့အသည်းလေးဟု စိတ်ကပူလာပြန်သည်။

မဖွယ်မရာ ဗီဒီယိုထဲ ငါ့အသည်းလေးဟု စိတ်ကောင်းလေးပြူတူတူနှင့် တွေးလိုက်မိသော်လည်း. . .

ဒင်းက ဝေချစ်ကိုနဲ့. . ဒီလို ဒီလို ဆိုတော့. . ငါကဟူသော အတ္တစိတ်က ဝေါခနဲ ထွက်လာသည်။

ခေါင်းပြူနေသော စိတ်ကောင်းလေး ပြန်ဝင်သွား၏။

မင်းတို့နှစ်ယောက်ရဲ့ အောက်ဖဲ ငါရပြီဟု ဆုံးဖြတ်လိုက်လေသည်။ အကုသိုလ်စိတ် အပြည့်မဝင်ခင် ဒွိဟဖြစ်နေသေး. .။

"ရိုက်. . ရိုက်. .၊ ဒါပေမယ့်. . ကြဲကြဲ. . ပုံးသာကြဲကွာ၊





ဟော. . ကြဲပြီ. . အချိန်မီပဲ. . အချိန်မီပဲ. . ဟော. . ဟော"

ခွေးလျှာမှုန့်တွေ ဝေ့ဝဲ၍ ကွက်တိကျသည်။ အောက်မှာတာပိုင်နာတီတည်နေပြီဖြစ်သည်။ အသက်ပြင်းပြင်း ရှူနေပြီဖြစ်သည်။ ဒိုလေးလို ခြေထောက်ကြီးကားကားကြီးနှင့်. . .။

ကန်ချက်တည့်အောင်နှင့် ရအောင်ပုတ်ထုတ်မည့် နှစ်သင်းလုံး၏ အသက်ရှူသံများပြင်းလာပြီး ပြေးကန်တော့မည်ပြုခါမှ. . . ယိုးဒယားအက,က စသည်။

ပုံးကွဲပြီ. .။ ကုတ်လေယားလေ. . ယားလေကုတ်လေ. . ကုတ်လေယားလေကုတ်လေ ကုတ်လေယားလေ ချွေးလျှား၏ ယမ်းပြင်းအားက ကောင်းလှသည်။ နပမ်းလုံးထား ချွေးပြင်းအားနှင့် ပေါင်းစပ်ခြင်းဖြစ်ရကာ. . ယားအား ပြင်းလှသည်။

ပိုင်နာတီမကန်ခင် ပွဲပျက်သွားသည်။

သူတို့မစ်ရှင် အောင်မြင်သည်။

မစ်ရှင်မြေကို အောင် မြင်စွာခြေမှုန်း၍ အမြန်ဆုံး စွန့်ခွာခဲ့ကြသည်။

'ကျွန်တော်လည်း ပလပ်ချွတ်ယူလာတယ် သူတို့ ဆိုင်ကယ်တွန်းပေရော့'. . တဲ့. . မြေပြင်ခြေမှုန်းရေးတာဝန်ခံ ဇိပိတ်က။

ကားထားခဲ့သော ပွိုင့်မှာပင် ပြန်ထိုင်ရင်း အောင်မင်းစိန်တယုဝကို ကျွဲရိုင်းဗူးဖွင့်ပေးခြင်းဖြင့် အမှုအရာနှင့် ယဉ်ကျေးမှုစခင်းသည်။

စိတ်လိုလက်ရရှိမှ ဒီလိုအကြင်နာမူယာပြမှန်းလည်းသိ. .



www.burmeseclassic.com

သူ့ဆီက တစ်ခုခု အလကားနီးပါး ယူတော့မည် ဆိုတာလည်းသိသော ယုဝက ကင်မရာကို သူ့ဘက်ဆွဲယူလိုက်သေည်။

ညောင်ပင်ပေါ်က မြင်ရပုံတွေ ခါချဉ်ကိုက်ခံရပုံတွေ စားမြုပြန်ရင်း . . အပေါ်စီးမြင်ကွင်းတွေ လှကြောင်းဆီ ဆွဲလှည့်ရင်း . .

“မင်းက ကင်မရာမင်းဖြစ်ချင်တဲ့ကောင်ပဲ၊ မင်းကို ကင်မရာတစ်လုံးတော့ လက်ဆောင်ပေးဦးမှ . .၊ မှန်း . . မင့်လက်ရာကြည့်ရအောင် . .”

ကင်မရာလက်ဆောင်လည်း တကယ်ပေးနိုင်သူဖြစ်သည်။

ကြွယ်ဝသူ ဖြစ်သည်လေ။

ဘယ် . . ဒီလို လွယ်လွယ်ပေးမည်နည်း။

ယုဝ . . ယူ့ထက် ဝတယ် . . လူပါး လူပါး . . ။

“မကြည့်ပါနဲ့ အစ်ကိုရာ . . ကျွန်တော်လည်း ပြန်ဖျက်ပစ်မှာတွေပါ”

“မင်းမဖျက်ပါဘူးကွာ . . မင်းဒါနဲ့ လုပ်စားနေတယ်လို့ ငါကြားတယ်”

“မဟုတ်တာဗျာ၊ ကဲ . . နောင်စိန် စကားလွှဲမနေနဲ့ . . ဒီနေ့မစ်ရှင် အောင်မြင်ခြင်း အထိမ်းအမှတ်နဲ့ ဘီယာတိုက် . . ကေတီဗီပါဟဲမယ်”

ဖိုပိတ်က ထောက်ခံသည်။ ဘီယာဗိုက်ကိုပွတ်နေသေး . .၊ တံတွေးတမျိုမျို . . .

“အေးပါကွာ . . တိုက်ပ့ါမယ်၊ မတိုက်ရင် ရိုးရာပျက်သွားမှာပေါ့၊ ဒါနဲ့ . . ယုဝ အဲ့ဒီကဒ်လေး ငါလိုချင်တယ်ကွာ၊ ဒီနေ့ရိုက်ချက်တစ်ကဒ်ထဲ ဘယ်လောက်ပေးရမလဲ”

ယုဝ ပြုံးလိုက်သည်။ ဖိုပိတ်ကို လှမ်းကြည့်လိုက်ပြီး . . .

“အဲ့လိုမျိုး ဒဲ့ညှိစမ်းပါ နောင်စိန်ရာ . .၊ အစ်ကိုကြားဖူးလားတော့မသိဘူး . . အခုအင်္ဂလန်ပြည့်ရှင် ဘုရင်မကြီးနဲ့ ကြင်ယာတော်ဖီးလစ်မင်းသားကြီး အိမ်ခေါင်မိုးပေါ် ပိုးလိုးပက်လက် နမ်းနေတဲ့ ဓါတ်ပုံလေ . . ဘယ်လောက်တန်လဲ သိလား”

“အင်း . . ပြောကြည့်”

“တစ်ဒသမငါးသန်း၊ ပေါင်နဲ့ . . ပေါင်နဲ့နော် . . ဆို . . ခုတော့ . . ခါ . .၊ မြန်မာငွေနဲ့ တစ်ပုံးခွဲတော့ပေး အစ်ကိုရာ . . ညီတို့ ခန်းနေလို့ပါ၊ မနေ့က အစ်ကို ဆယ်ပုံးလောက် အောင်ထားတယ် . . ဒီနေ့မစ်ရှင်လည်း အောင်တယ်လေ”

“ဟုတ်တယ် . . ညီတို့ တာဝန်ကျေပါတယ် အစ်ကိုရာ”

“အေးပါကွာ၊ ရော့ . . လောလောဆယ် တစ်ပုံးပဲပါတယ် ဒါလည်းရှင်းရဦးမယ်”

“ဘီယာတိုက်ရဦးမယ်လေ”

ယုဝက ငွေတစ်သိန်းထုပ်ကို ခါးကောက်ထိုးလိုက်ပြီဖြစ်သည်။

“တိုက်ပါမယ်၊ ကဲ . . မင်းကဒ်ပေး”

ယုဝကလည်း မင်မိုရီကဒ်ပြုတ်ပေးရင်း . . .

“နောက်ငါးပုလင်းက ဘောပွဲမှာယူမယ်နော်”







www.burmeseclassic.com

www.burmeseclassic.com



"အေးပါ. ."

"ကတိနော်. . ဒီညနေနော်"

"ငါက အကြီးပါကွ. . လူကြီးလူကောင်းတစ်ယောက်ပါ. . ဘယ်သူ့ကိုမှ မကြောဘူး၊ လာကြောရင်လည်း သေမယ့်သာပြင်. . အောင်မင်းစိန်တို့က သေးသေးတင်မခံဘူး"

သူအမိကလိုချင်နေသော ဝှက်ဖဲက. . တစ်ပုံးလောက်နှင့် လက်ထဲရောက်လာ၍ အောင်မင်းစိန် ငါမာန်ရစ်ပြီး လေကြောရှည်လာသည်။ ငါသံထွက်လာ၏။

ဤနေရာ၌ အဖြစ်မှန်တစ်ပိုင်းတစ်စကို ထုတ်ပြောရန် လိုအပ်လာပြီ ထင်ပါသည်။

အောင်မင်းစိန်နှင့် ယုဝ၊ ဖိုပိတ်တို့ဆုံဆုံချင်း အောင်မင်းစိန်၏ ညောင်မြစ်ပျဉ်းဖြို့ခွင်းရေးကို စတည်သည်။

အောင်မင်းစိန်၏ စိတ်ရင်းစတည်သည်က သူသာဆို ကန်သာယာတဲရောက်သည်နှင့် ဒီမြစ်ပျဉ်းထဲသွားမှာပဲဟူသော နေရာက စတည်သည်။

နှုးပုံနှင့်နှပ်ပုံ၊ ကျောကျပုံ၊ ကျူဖျာရိုးပုံတွေပါ အကွင်းလိုက် အကွက်လိုက် (ဇောနှင့်)မြင်နေ၍. . .

ဝေချစ်ကိုတို့ဆိုင်ကယ် ကန်သာယာအပေါက်မှ ထွက်သွားသည်ကို သူတို့မမြင်လိုက်ကြ၊ ရှမ်းစုဘက် ထွက်သွားခြင်းဖြစ်သည်။

"အတော်ပဲ မောင်ဝေချစ်ကိုရေ့၊ ကြီးတော် ယတြာချေမလို့ မင့်နှမကို ကန်သာယာလိုက်ပို့ပေးစမ်း"





"ဘယ်လို ကြီးတော်"

ချစ်ချစ်မွေးက မွေးခနဲ ဝင်လာ၏။

"ဒီလိုကိုဝေရဲ့ ကုံကော်ညွှန့်နဲ့ သြဇာညွှန့်သွားခူးမလို့၊ မုန့်ဟင်းခါးဝယ်ကျွေးမယ်. . ရှမ်းစုမုန့်ဟင်းခါး၊ ရော့. . မောင်း"

အောင်မင်းစိန် ကားသစ်လေး ရွှေညောင်ပင်ဘိုးဘိုးအား ပြသပြောဆိုနေသော အချိန်လောက်က. . အထက်ပါအဖြစ်အပျက်လေး တစ်နေရာတွင် ဖြစ်ပျက်ခဲ့ပါသည်။

ဆိုလိုသည်မှာ သူတို့မစ်ရှင်းမစခင်ကပင် Victum ခေါ်. . သားကောင်နှစ်ကောင်မှာ သြဇာညွှန့် ကုံကော်ညွှန့်တွေကိုင်၍ ဆိုင်ကယ်မြိုင်ထလေးနှင့် ပြန်သွားကြပြီဖြစ်သည် ဆိုတာပါပင်။

ဒါဆို. . သူတို့သွားမစ်ရှင်မိတာက. .

ဟုတ်ကဲ့. . မစ်ရှင်အမှားကြီး ဖြစ်နေခဲ့ပါသည်။

ဝုန်းခနဲ. . တွန်းလာသောဆိုင်ကယ်ကို ဆောင့်တွန်းလှဲသံ ကြားလိုက်ရသည်။ ဆိုင်ကယ်တုံးလုံးနှင့်ပင် လွင့်သွား၏။

ဒေါသဟုန်းဟုန်းထနေသော ကိုကျားကြီး. . ၊ ကြေးစားမွေ ထိုင်းသမားကြီး. . အကျီအဖြူနှင့်. . ။

"အဲ့ဒီလူတွေပဲ ဦးကြီး. . မွေထိုင်းနဲ့ ထိုးပြစမ်းပါ"

ကလေးသုံးယောက်က ကျားကြီးပရိသတ်ဖြစ်သည်။

လက်တိုလက်တောင်း ပန်းခြံစောင့်ကလေးတွေမို့ အားလုံး မြင်ရပေမည်။

"ဟိုက်. . ပြေးလာနေပြီ နောင်စိန်၊ လစ်. . ရွှန်တော်တို့



www.burmeseclassic.com

လည်း. . လစ်ပြီ”

“ဂျိတ်!. . ”

ကျားကြီးက ကားပါ ဆွဲစားမည့်ဟန်နှင့် ပြေးလာနေ၏။

“ဝူး!. . ”

အသည်းအသန် မောင်းပြေးရပါလေသော အောင်မင်းစိန်သည်. . ကျားကြီး၊ ယုဝနှင့် ဇိပိတ်တို့ ငယ်ထိပ်ချင်းတိုက်ပြီး တဝါးဝါး တဟားဟား ရယ်ကျန်ခဲ့သည်ကို ဘယ်လိုလုပ် သိလိမ့်မတုန်း။

သူ့ရာဂနှလုံးကို ချစ်ချစ်မွှေးတွေ ဖုံးနေခဲ့သည်လေ။

လက်ဖက်ရည်ဆိုင်၌ပင် ဝေစုခွဲကြသည်။

“ရှော့. . . ကိုကျားကြီးနဲ့ ကေတီဗွီက ညလေးနဲ့. . တစ်ယောက်တစ်သောင်းစီ၊ ဘီယာလည်း တိုက်ဦးမယ်ဗျာ”

“ပိုစိုပြည်တာပေါ့ ညီတို့ရာ၊ ငါ့မှာပင်ပမ်းလိုက်တာကွာ. . ကောင်မလေးကို အာပွါးပေးရ၊ ကုတ်ချင်ယောင် ယားချင်ယောင်ဆောင်ရနဲ့ တစ်ပုလင်းနဲ့ ဘီယာအဝ ရတယ်လို့ကွာ၊ ဟားဟ. . ဒါနဲ့ နေပါဦး. . . မင်းတို့လည်း သက်သက်သာသာနဲ့ ဘယ်လောက်ရလိုက်သတုန်း”

“ဒါ ထိပ်တန်းလျှို့ဝှက်ချက်ဗျ ပေါက်ကြားမခံနိုင်ဘူး၊ ဘယ်လောက်ရရ ခင်ဗျားနဲ့မဆိုင်ဘူး”

“ဝတ္ထုဇာတ်ညွှန်းက ယုဝ+ဇိပိတ်လို့ပဲ မှတ်ထားလိုက်၊ အာလိုက်မခြောင်နဲ့. . နောက်နောင် အလုပ်မအပ်ဘဲ နေလိုက်မှာနော်”

“အာတော့မခြောင်ပါဘူး ကတိပေးတယ်. . ၊ လောလော





ဆယ် အာခြောက်လာပြီ. . ဆိုင်ကယ်ပလပ် ပြန်ပေးကွာ”

“ဟောသမှာ. . ရော့၊ နိုးနိုးချင်း ဘီယာဆိုင်ကို တန်းမောင်းပေတော့. . သုံးယောက်စီးမယ်”

“ငါ့ညလေး ပန်းခြံထဲ ကျန်ခဲ့တယ်ကွ”

“ကျွန်တော်တို့ကို လိုက်ပို့ပြီးမှ ပြန်ခေါ်ဗျာ”

“လေးယောက်စီးမယ်ကွာ၊ ငါ့ညလေး ငါ့ပေါင်ပေါ်တင်စီးမယ်”

“လုပ်လိုက်လေ”

ဆပ်ကပ်လို လူလေးယောက်စီးသွားသော ဆိုင်ကယ်လေးကို ရှမ်းစုမုန့်ဟင်းခါးဆိုင်ထဲက ဝေချစ်ကို လှမ်းမြင်လိုက်ရသည်။ အားပါးတရ ပြုံးလိုက်မိသည်။

ချစ်ချစ်မွှေးကတော့ ဘာမှမရိပ်မိ၊ နံနံပင် ထပ်တောင်းနေလေ၏။





www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

(၁)

♣ ကွင်းစကွင်းပိတ်ထဲက
အစက်ကလေး
ဘာအဓိပ္ပါယ်လဲ?
တွေးကြည့်ပါ။
♣ အောက်ကမြင့်လား?
သေးသေးတင်လား?
♣ ဖူးစတော့လား?
စမောလက်တာ
j နဲ့ i ရဲ့ခေါင်းတင်လား?
♣ ဟင်းလင်းပြင်ထဲက
တစ်စင်းသောကြယ်လား?
♣ အနန္တစကြဝဠာနဲ့စာရင်
တို့နေစဉ်စု…တို့နေမင်းရဲ့
အရွယ်အဆင်းလား?
♣ လား?…လား…နဲ့ အကြောင်းများ
ခေါင်းစားမနေပါနဲ့
ဘာမှမဟုတ်ပါဘူး
ဘောပင် ဘုတ်ခနဲ ပြုတ်ကျတာ။ ။







# အခန်း(၃)

"ညည်း . . တကယ်ရှင်းမလို့လား ချစ်မွေး"

လျှာနီကလေး ရှူးရဲ့တစ်လစ်နှင့် ချစ်ခင့်စဖွယ်ချစ်မွေးတို့ ရေနွေးကြမ်းငွေ့နှင့် နွေးအောင်လှမ်းမှုတ်ရင်း ဝေချစ်ကိုမေးခြင်းဖြစ်ပါသည်။

"ရှင်းမှာပေါ့ . . နော့၊ ကိုဝေက ချောဆွဲခံရတာလေ . ဒေါ် တာကြေးတော့ မုန့်ဟင်းခါးကျွေးရမှာပေါ့၊ ရှူး . . အား . . စပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ. . ငရုပ်သီးမှုန့် နည်းနည်းများသွားတယ်. . ဟား”

ဟားခနဲ လျှာရဲရဲလေးကို အကုန်ထုတ်ရင်း. . လက်ဝါးနှင့် ယပ်ခတ်နေပုံလေးက အလွန်ချစ်စရာကောင်းပါသည်။

အသက်မှတ်ထုတ်သော အာခံတွင်းနံ့ကပင် သန့်စင်လှပါသည်။ မုန့်ဟင်းခါးနံ့တော့ပါမပေါ့. . ၊ ကိုယ်လည်းစားထားတော့ မုန့်ဟင်းခါးနံ့ ရကိုမရတာပါ။

ခံတွင်းသန့်သူလေး. . ကြာညိုပန်းနံ့လေး. . ။

သည်အနံ့မျိုးက ဘဝင်ကြွစေတတ်သည်။

ပြန်ဖိချ. . အဖြူထည်ပဲပြ. . ကိုယ်က ကျွံမဝင်နဲ့၊ သူ့ဟာသူ ကျွံဝင်လာတဲ့အထိ မသိမသာ ဟ,ထားရမှာ။

“အဲ့ဒီဒုက္ခ စက္ကန့်သုံးဆယ်အတွင်း ပျောက်ချင်ရင် မျက်နှာမော့. . မျက်စိမှိတ်. . ပါးစပ်ဟ”

တစ်ကယ်လည်း မျက်ရည်ဝဲအောင် စပ်နေသူ ကုသဆေး သူ့မှာပါသည်။ လျှာလေးပြန်သွင်း၍ တံတွေးမျိုရင်း. . .

“အွန်!. . ကိုဝေ ဘာပြောတယ်”

“စပ်တာ ချက်ချင်းပျောက်တဲ့ဆေး ပါတယ်၊ မော့. . မျက်စိမှိတ်”

ယုံကြည်မှုကိုပြပါသည်။ မော့သည်၊ မျက်စိမှိတ်သည်။

သည်လိုယုံကြည်မှုရအောင်လည်း အချိန်ပေး၍ ကတိတည်ကြည်ခဲ့သည်ပဲ။ အသေးစိတ်ကလေးကအစ တမင်ကို ကတိတည်ခဲ့တာတွေလေ. . .





လှပသော မျက်လွှာလေး၊ ငုံ့လင့်နေသော မျက်နှာလေးတို့ ဆယ့်လေးလက်မ အကွာက ခဏငေးရင်း အသင့်ပါလာသော ချွင်းဂမ်း. . အချိုဆုံး(ဖာဂူဆန်စားသော. . ရှားပါး)ကို ဖြည်ရသည်။ အခေါက်ခေါက်ရသည်(သန့်စင်စွာ ကိုင်တွယ်၍ပါ)။

“ဟလေ. . ပါးစပ်”

လှပသော နှုတ်ခမ်းနှစ်လွှာ အာလာသည်။

စီညီနေသော သွားအတွင်းသားလေးတွေပင် ကြေးပြောင်သန့်စင်လို့၊ လျှာနီနီလေး တဆတ်ဆတ် တိုဝင်နေသလားလို့. . .

“လျှာထုတ်”

ဖတ်ခနဲ ချွင်းဂမ်းလေး လျှာပေါ်တင်ပေးရင်း ကိုယ်တိုင်တံတွေးမျိုလိုက်မိသည် ထင်သည်။

သူမကပြုံ့နေသည်. . မျက်စိမဖွင့်သေး၊ ဘေးဘီကလည်း ဘယ်သူမှမရှိ၊ ပုဂ္ဂိုလ်ရေး. . ကြိုက်သလောက် ငေးပေတော့။

စိတ်ရိုင်းနဲ့တွေးရင်တော့. . ဖွတ်ဖွတ်ကြေပြီး ချိုနဲ့သားရေတောင် ပြန်မရနိုင်ဘူးပေါ့။ ခက်တာက. . ကိုယ်က ယဉ်ကျေးသူလေ ချစ်ခြင်းမေတ္တာ၏ ကိုယ်ရည်ကိုယ်သွေးကို လေးစားသူလေ။

“ဝါးပါ ချစ်မွှေးရဲ့. . အားမနာနဲ့”

“ဟယ်!. . . ဟုတ်တယ်ကိုဝေ၊ စပ်တာ ချက်ချင်းပျောက်သွားတယ်တော့်”

ငရဲတစ်ခုမှ ချက်ချင်းလွတ်လာသူလို ကြည့်နေရင်း ယန်းလာနေသည်။ ကယ်တင်ရှင်ကို ကျေးဇူးတင်သည့်အကြည့်နှင့် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ပြုံးပြနေသည်။ ပြီး. . သောက်ရေတစ်ခွက် ပလုပ်ကျင်းသောက်ပြီးသောအခါ. . ရေကျန်နှင့် သူ့ရင်ဘတ်ကိုလှမ်းပက်ရင်း. . .

"ကိုဝေ့နားမှာ ချစ်မွေးဒုက္ခဟူသမျှ ငြိမ်းတယ်နော်"

ဝင်လာခြင်းဖြစ်သည်။ သည်အစကို နင်း၍ တစ်ကွင်းလုံးသိမ်းပိုက်၍ရပါသည်။ သို့သော် တော်သင့်ရုံစကားနှစ်ခွန်းသာ. . လက်ရှိသိုးဆောင်းစကားနှင့် တုန့်ပြန်လိုက်သည်။

"ever.."

အမြဲတန်းဟု အဓိပ္ပါယ်ရပါသည်။ ရှင်းပါသည်၊ မင်းလေးနဲ့အတူနေရရင် အဲ့ဒီနေ့ကစပြီး မင်းဒုက္ခတွေ ငြိမ်းပါပြီ၊ ကိုယ့်ဒုက္ခတွေတော့ စပြီပေါ့. . ဟူသော အဓိပ္ပါယ်လည်း ဖြစ်ပါသည်။

"သမ္မတကြီး ရော်နယ်ရီဂင် ကျမ်းသစ္စာကျိန်ဆိုတုန်းက. . မှတ်သားလောက်တဲ့ တိုင်းပြုပြည်ပြု မိန့်ခွန်းစကားရှိတယ် ချစ်မွေးရဲ့. . တိုတိုလေး"

"ပြောပါဦး"

"အမေရိကန်ပြည်သူများခင်ဗျာ. . .

ဒီနေ့ကစပြီး ခင်ဗျားတို့ဒုက္ခတွေ ငြိမ်းပါပြီး၊ ကျွန်တော့်ရဲ့ဒုက္ခတွေတော့ စပါပြီတဲ့၊ ရှင်းခနဲ နေတာပဲနော်၊ တစ်တိုင်းပြည်လုံးစာ သူကြုံးခံတော့မယ် ဆိုတဲ့သဘောပဲ"

"ကိုဝေက ဗဟုသုတ ဟင်းလေးအိုးကြီးပဲနော်. . ဟင်းဟင်းကဲ. . ဒီမှာရှင်းမယ် ဒေါ်ပြုံးကြည်ရေ၊ ပဲကြော်နဲ့ ငါးဖယ်နဲ့ အိုးဘဲဥနဲ့နှစ်ပွဲ. . ."





"ကော်ဖီကတော့ ကိုဝေတိုက်မယ်နော်"

"ဘယ်မှာသွားသောက်မှာလဲဟင်"

"ညည်းကို အသေရရအရှင်ရရဆိုတဲ့ အောင်မင်းစိန်တို့အိမ်မျက်စောင်းထိုးက အသစ်ဖွင့်တဲ့ သံစဉ်ကဖီးလေ"

မျက်နှာမဲ့ရှုံ့ပြသည်။ ခေါင်းမသိမသာယမ်းရင်း. .

"ဒီပြင်ဆိုင်သွားပါ ကိုဝေရာ. . အဲ့ဒီလူကြီးက ဇွတ်ကြီး. . ၊ အိန္ဒြေသိက္ခာလည်း မရှိဘူး. . အတင်းဝင်နှောင့်ယှက်လိမ့်မယ်"

"သူက ကြိုက်မရှက် ငိုက်မရှက် ဖြစ်ဖြစ်နေတာ ညည်းကိုတကယ်ချစ်လို့နေမှာပေါ့၊ ညည်းစဉ်းစားတဲ့အထဲမှာ သူလည်းပါတယ်မဟုတ်လား. . မှန်မှန်ပြော"

"မြို့မျက်နှာဖုံး သူဌေးလူပျိုကြီးပဲ ကိုဝေရဲ့. . ပြင်စရာတွေပြင်လိုက်ရင် ဘဝလုံခြုံမှုပေးနိုင်တဲ့လူပဲ၊ ချစ်မွေးတို့ မိန်းမသားဘဝက ကိုယ်ကြိုက်တာရွေးလို့မရဘူးလေ၊ ကိုယ့်ကိုရွေးတဲ့လူ လက်တစ်ဆုပ်စာထဲက ပြန်ရွေးရတာပါရှင်၊ ကိုအောင်မင်းစိန်ကို သဘောကျနေတဲ့ မိန်းမလှတွေ မီးရထားတစ်တွဲစာတောင်မကဘူးလေ. . ဟင်းဟင်း"

"ခေါင်းတွဲထဲမှာ ချစ်ချစ်မွေးဆိုတဲ့ အောင်မင်းစိန်ရဲ့ ရွှေနှိုးလေး ပါတာပေါ့နော်"

"ပါတယ်ဆိုရင် ကိုဝေက မစ္ဆရိယစိတ် ဝင်မှာလား"

"နိုး. . မဝင်ပါဘူး၊ ညည်းရွေးချယ်ခွင့်ကို လွတ်လပ်စေချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ဆိုင်ကယ်သော့ ချစ်မွှေးကိုလှမ်းပေးသည်။

"ကော်ဖီက ကိုယ်တိုက်မှာဆိုတော့ မင်းကြိုက်တဲ့ဆိုင်ကို မောင်း. ."

သူမကျောဘက်ဆီက ခွ၍ထိုင်ပါသည်။ လိုအပ်သည်ထက် အနည်းငယ်ခွာ၍ သူမကိုမထိအောင် ထိုင်ပါသည်။ ကျောအလှက တော့ မကြည့်ချင်မြင်နေရသည်ပဲလေ။

ပြီးတော့. . သူမ၏ ကိုယ်သင်းနံ့နှင့် ရှမ်ပိုနံ့ရောနေသော ဆံပင်တွေကို မသိမသာမွှေးခွင့်က အလိုလိုရနေမင့်ဟာပဲ. . တော် ပြီပေါ့. . ။

သူမကို သူကိုယ်တိုင် ဆိုင်ကယ်စီးသင်ခဲ့ရသူမို့ သည်လို တွဲစီးတာကို မြို့လေးကလူတွေအတွက် အဆန်းတကြယ်မြင်ကွင်း မဟုတ်တော့ပါပေ။ ကျွမ်းကျင်စွာ ချစ်မွှေး မောင်းနှင်နေပါသည်။ သူလည်းကြည်နူးစွာပင် သွားချင်ရာသွားဟု မျက်စိမှိတ် လိုက်ပါလာ ခဲ့သည်။

မြို့ကလေး၏ အဆင့်မြင့်ဆုံး SNACK BAR ဖြစ်သော Mr. Crown သို့ရောက်လာသည်။ သီးသန့်စကားပြောဆိုနိုင်သော ငြိမ်းချမ်းသည့်နေရာလေး ဖြစ်သည်။

တစ်ဆိုင်လုံးကို လှမ်းမြင်နေရသော ခြံထောင်နားက စားပွဲ တွင် နေရာယူ၍ နွားနို့စစ်စစ်နှင့်ဖျော်သော Nes ကော်ဖီနှစ်ခွက်နှင့် ပူတင်း မှာလိုက်သည်။

ချစ်မွှေးက ဆံပင်တွေကို သပ်တင်ရင်း. . .





"ကိုဝေက ဆေးလိပ်မသောက်ဘူး၊ ကွမ်းယာဆိုင်တည်ထား ပြီး. . ကွမ်းလည်းမစားဘူးနော်"

"ထုံးစပ်ပြီးရင် ကွမ်းယာမြည်းပါတယ်. . ကွမ်းတော့ မစွဲ အောင်နေတာပေါ့၊ တို့ဗမာလူမျိုးတော်တော်များများဟာ သွားအရဲ သားနဲ့ ဘယ်လောက်သားသားနားနား ဝတ်ဆင်ထားထား ကမ္ဘာ့ အမြင်မှာ ခံတွင်းမသန့်တဲ့လူမျိုးလို့ အထင်ခံနေရတာ ရှက်စရာလို့ ကိုယ်ကတော့ထင်တယ်"

"အွန်!. . ကွမ်းယာဆိုင်တော့ တည်ထားပြီး"

"မိဘလက်ငုတ်မို့ ဆက်လုပ်နေတာပါ၊ လူငှားတွေလည်း အလုပ်ဆက်ရှိစေချင်လို့"

"သိန်းချီတဲ့ ရောင်းအားကြောင့်လည်း ပါပါတယ်နော်"

သည့်ပြင်စီးပွားရေး ရှိနေသည်ကို ချစ်ချစ်မွှေးမသိစေချင် သေး. . ၊ ကွမ်းယာသည်နှင့် စာအုပ်ဆိုင်သာ သိထားစေချင်သည်။

အစားအသောက်များရောက်လာသည်။ ချစ်မွှေးက သူ၏ နွားနို့ကော်ဖီကို မွှေ၍ သူ့ရှေ့သို့ချပေးသည်။ ထိုစဉ်မှာပင် ချစ်မွှေး၏ ဖုန်းဝင်လာခြင်းဖြစ်သည်။

"ဟုတ်. . ကြီးကြီး အခုလာပြီ"

ဖုန်းပိတ်ရင်း ချစ်မွှေးက. .

"ကြီးကြီးက ယတြာအချိန် ကပ်နေပြီတဲ့၊ ချစ်မွှေးအမြန်ပြန် မှဖြစ်မယ်"

သူမကော်ဖီနှင့် ပူတင်းကို ပါဆယ်ထုပ်ခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်နေခဲ့ဦးမယ် ချစ်မွေး၊ ချစ်မွေးပြန်နှင့်. ."

"ကိုဝေက ဘာနဲ့ပြန်မလဲ. . ဆိုင်ကယ်လည်းမပါဘဲနဲ့"

"ရပါတယ်၊ ကယ်ရီမရရင် အိမ်ကမောင်ထွေးကို ဆိုင်ကယ်ယူလာဖို့ ဖုန်းဆက်ခေါ် လိုက်မှာပေါ့၊ ကိုယ်အေးအေးဆေးဆေးထိုင်ချင်သေးတယ်. . စိတ်ချထားခဲ့ပါ"

ချစ်မွေး၏မိဘနှစ်ပါးက ဝန်ထမ်းတွေဖြစ်သည်။ နေပြည်တော်မှာ တာဝန်ကျနေသည် ကြီးတော်နှင့်နေသူဖြစ်သည်။

ချစ်မွေးလေးဆိုင်ကယ်ထွက်သွားသည်။ နောက်ပြန်လက်ပြသွားသည်။ ခဏအကြာတွင် အောင်မင်းစိန်၏ Mark X ကားလေးဝင်လာခြင်းဖြစ်သည်။ ချစ်မွေး သည်ဆိုင်ကထွက်လာသည်ကို တွေ့ပုံရသည်။

ဆိုင်ထဲကားရပ်၍ ဆင်းဆင်းချင်း သူ့ကိုရှာမှန်း သိသာသည်။ အကြည့်ဆုံဆုံချင်း ဝေချစ်ကိုက လက်ထောင်ပြလိုက်ပါသည်။

ငယ်ပေါင်းမဟုတ်သော်လည်း အထက်တန်းကျောင်းနေဖက် သူငယ်ချင်းများဖြစ်သည်လေ။ သူက ရည်းစားလုဘက်၊ ပြိုင်ဘက်ဟု အတွင်းခိုတ်ကောက်နေသော်လည်း ကိုယ်ကတော့ အတတ်နိုင်ဆုံး ဖြောင့်အောင်နေခဲ့သည်ပဲ။

သူ့ကို ခပ်မဲ့မဲ့ပြုံးပြ၍ သူ့ဆီပင် တန်း၍ဝင်ချလာသည်။ မျက်နှာက သုန်မှုန်နေသည်။ သူကပြုံး၍. . .

"ဘာသောက်မလဲ သူငယ်ချင်း"





"မင်းနဲ့ချစ်မွေး စောစောက ကန်သာယာထဲ ဝင်သွားပါတယ်၊ ပြီးတော့. . ဘယ်ပျောက်သွားတာလဲ"

"အေးလေ. . အဲ့ဒါဘာဖြစ်လဲ ထိုင်ပါဦးကွ"

ဆောင့်ကြီးအောင့်ကြီး ထိုင်ချလိုက်သည်။ ရေခဲရေလှမ်းငှဲ့၍ မော့သည်။

"မင်းတို့ ဘာသွားလုပ်တာလဲ ဝေချစ်ကို"

"သြော်. . . ချစ်မွေးကြီးမေ ယတြာချေဖို့ ကုံကော်ညွှန့်နဲ့သြဇာညွှန့် သွားခူးတာလေ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲကွ မင်းသိသားနဲ့၊ ငါချစ်မွေးကို ပရိုပို့(စ်)လုပ်ထားမှန်း"

"သိပါတယ်ကွ၊ ကြီးကြီးက အဖော်လိုက် သွားပေးပါဆိုလို့ ငါလိုက်ပေးတာပဲ၊ ငါတို့က ရိုးရိုးသားသားပါကွ"

သူက ရယ်ကြဲကြဲပြောနေသလောက် အောင်မင်းစိန်က ရှုံ့မဲ့မဲ့ ဖြစ်နေသည်။

"အေး. . မင်း ဆန်းဆန်းပြားပြား လုပ်လာရင်လည်း ငါနဲ့တွေ့မှာပဲ"

"နေပါဦး အောင်မင်းစိန်ရ. . မင်းကိုချစ်ပါတယ်လို့ ချစ်မွေးက ပြောပြီးပလား"

"ပြောခါနီးနေပြီကွ. . မင်းဝင့်ဝင်ရှုပ်နေလို့"

"မဆိုင်တာကွာ. . မင်းရည်းစားလည်း တရားဝင်မဖြစ်သေးပါဘူး၊ သူလည်းလွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ရှိရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . ငါ့ကိုအဖြေပေးပြီးရင်တော့ မင်းချစ်မွေးနဲ့ ကင်းအောင်နေ၊ မနေရင် ငါ့အဆိုးမဆိုနဲ့. . . "

"အောင်မင်းစိန် မင်းစကားပြောနေပုံက ပညာတတ်မဆန်သလို လူကြီးလူကောင်း မပီသဘူး၊ မင်းကို ခင်လို့ ပြောရဦးမယ် သူငယ်ချင်း. . အဲ့သလို လူမှုဆက်ဆံရေးမျိုးကို ချစ်မွေးက မကြိုက်ဘူး၊ ကျန်တာတွေ မင်းမှာအမှတ်ပြည့်ပဲတဲ့"

"ချစ်မွေးက အဲ့လိုပြောသလား"

"ပြောတယ်. . မင်းဟာ ပျိုတိုင်းကြိုက်တဲ့ နှစ်ဆီခိုင်ပဲတဲ့၊ ပြင်စရာတချို့ကလွဲရင်ပေါ့တဲ့"

"ငါက ဘာတွေပြင်ရမှာလဲ"

"အဲ့ဒါတော့ မင်းဟာမင်း မေးကြည့်ပေါ့. . ၊ မင်းကငါ့ကို ချစ်မွေးနဲ့ကင်းအောင်နေလို့ လာခြိမ်းခြောက်လို့ ငါတစ်ခုတော့ ကြိုတင်သတိပေးလိုက်မယ် အောင်မင်းစိန်၊

ချစ်မွေးအတွက်. . ဘာတစ်ခုမှ ပြင်စရာမလိုတဲ့ လူတစ်ယောက်ကတော့ ရှိနေတယ်တဲ့၊ အဲ့ဒီလူက ချစ်မွေးကို ချစ်တယ်လို့ မပြောသေးလို့တဲ့"

"အဲ့. . အဲ့ဒါ. . ဘယ်. . ဘယ်သူလဲ"

"ဟင်း. . ဟင်း. . အဲ့ဒါလည်း မင်းကိုယ်တိုင်ပဲ ချစ်မွေးကို မေးကြည့်ပေါ့ကွာ၊ (စားပွဲထိုးကိုကြည့်၍) ဒီမှာရှင်းမယ် ကလေးရေ"

ပြောပြီး. . ကော်ဖီနို့ကို မော့ချကာ ကောင်တာသို့ထလာခဲ့သည်။ အောင်မင်းစိန် ရှုံ့မှုံ့ရှုံ့မှုံ့နှင့် ကျန်ရစ်ခဲ့လေသည်။





ဆိုင်ကအထွက်၌. . .

"အောင်မင်းစိန်. . မင်းကို ကိုကျားကြီး လိုက်ရှာနေတယ်"

ဟုအော်ဖြစ်အောင် အော်ခဲ့သေးသည်။





www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၄)

**တစ်**ထပ်တိုက်ပေါ်တီကို ရှေ့ဆိုင်ကယ်ရပ်ရပ်ချင်း. . ကြီးကြီးသန်းက အိမ်တံခါးဝမှ ပေါ်လာသည်။ ဆိုင်ကယ်ခြင်းထဲတို လှမ်းကြည့်ရင်း. . .

"ကြာလိုက်တာ ချစ်မွေးရယ် ဆယ့်ငါးမိနစ်ပဲလိုတော့တယ် ရေမြန်မြန်သွားဆေးပြီး သုံးညွှန့်စီ ဘုရားခန်းယူခဲ့၊ ဟင်!. . မောင်ဓေ ချစ်ကိုကောဟဲ့. . "



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုပေါ်တာဆွဲသွားတော့ ကျွေးရမွေးရတာပေါ့၊ စားလို့ တောင်မပြီးသေးဘူး ထပြေးလာရတာလေ၊ ဒီမှာ ကြီးမေဖို့ ကော်ဖီနဲ့ပူတင်း ကိုဝေပါဆယ်ထုပ်ပေးလိုက်တာ"

လှမ်းယူရင်း အပျိုကြီး ကြီးသန်းပြုံးသည်။

"အင်း. . မောင်ဝေဟာ အလိုက်ကိုသိတယ်၊ မောင်မင်းကြီးသားလေး ဘုန်းကြီးလို့သက်ရှည်ပါစေတော်"

ချစ်မွေးကတော့ ပန်းညွန့်တွေ အရွက်တွေယူရင်း ပြုံးမိသည်။ ကိုအောင်မင်းစိန်ကားကို သူမက မမြင်ချင်ယောင်ဆောင်၍ ဖြတ်လာခဲ့သည်။

ဟိုကဟွန်းတီးတာတောင် သူမ လှည့်မကြည့်ခဲ့. . . နောက်ကြည့်မှန်ကနေ မြင်လိုက်ရသည်လေ ကိုဝေရှိနေသော Mr. Crown ထဲဝင်သွားသည်။

ဘာတွေ ရိုကြ ကလိကြဦးမည်မသိ။

အဟိဟု အသံပင်ထွက်သွားသည်။

ပန်းညွှန့်တွေရေဆေးရင်း စဉ်းစားမိသည်။

သုံးဆယ်ဝန်းကျင် လူချောလူလှကြီးနှစ်ယောက်က သူမကို အပြိုင်အဆိုင် ပိုးပမ်းနေသည်ကို မိန်းမဘာဝ သူမကိုယ်သူမ ဘဝင်ကျနေမိသည်။

တစ်ယောက်က နောက်ကျမှာစိုးလို့တဲ့ ဖွင့်ပြောပြီးဖြစ်သည်။

ခက်နေသည်က. . ကိုဝေ. . .

အိမ်ဘေးရေကန်ဆီ ကြီးသန်းအသံရှကြီး ဝင်လာသည်။





"ချစ်မွေး. . အမြန်လုပ်ပါဟဲ့"

"ဟုတ်. . လာပြီ ကြီးကြီး"

ကံ့ကော်သုံးညွန့် ဩဇာသုံးညွန့် ရေသန့်စင်၍ ကြီးသန်းလက်ထဲ ထည့်ပေးလိုက်သည်။ ကြီးသန်း ဘုရားခန်းဝင်သွားမှဝင် သူမ အိပ်ခန်းထဲဝင်ပြီး ကုတင်ပေါ် ကန့်လန့်ဖြတ် လှဲချလိုက်သည်။

ကိုအောင်မင်းစိန်နှင့်. . ကိုဝေ(ခေါ်)ဝေချစ်ကို၏ မျက်နှာနှစ်ခုက မျက်နှာကျက်ဖြူဖြူပေါ် ယှဉ်၍ပေါ်လာသည်။

ကိုအောင်မင်းစိန်က တရုတ်သွေးရောသည်။ အသားအရောင်က အင်မတန်ဝင်းဝါသည်။ မျက်နှာက မိန်းမချောချောသည်။ ကိုရီးယား အဆိုတော် မင်းသားတွေလို အလွန်လည်းသ သကိုးလေ။ အရပ်က(၅)ပေ(၆)လက်မခန့် ရှိသည်။ ပိန်ပိန်သွယ်သွယ်နှင့် ရှပ်လက်ရှည်ကို ကြယ်သီးစုံအောင်တပ်၍ သပ်ရပ်စွာ ဝတ်လေ့ရှိသည်။ အနားလာကပ်လျှင် မွှေးကြိုင်နေလေ့ရှိသည်။ ကွမ်းစားသဖြင့် တစ်ခါတစ်ရံ သွားတွေနီရဲနေတတ်သည်။

ဘယ်လက်က ဟန်းချိန်းကြီးက သူ၏သင်္ကေတလို ဖြစ်နေသည်။ ဘိုကေကို တိုတိုကပ်ကပ်ညှပ်၍ ဂျယ်လီနှင့် ဘီးအစင်းရာထင်အောင် ဖြီးသင်ထားလေ့ရှိသည်။

ကတ္တီပါဖိနပ်နှင့် ခြေသည်းတွေ ပြောင်လက်နေအောင် ဂရုတစိုက် သထားလေ့ရှိသည်။ မြို့မျက်နှာဖုံး သူဌေးပေါက်စဖြစ်သည်။ ရွှေပန်းတိမ်နှင့် ရွှေဆိုင်ဖွင့်ထားသည်။ အရင်က ဆန်နီဆလွန်းကားဟောင်းနှင့်ဖြစ်သည်။ ခုတော့ Mark X အသစ်ဝယ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်အလှမယ် တင်တင်ဇော်နှင့် ဖြစ်ဖူးသည်။ ဟိုက သူ့ထက်ချမ်းသာသော မြို့ကြီးက သူဌေးနှင့်ယူသွား၍ အသည်းကွဲပြီး အရက်သမားဖြစ်လိုက်သေးသည်။ ချစ်မွေးကို ချစ်မိမှ အရက်ဖြတ်လိုက်သည်ဟု ဆိုသည်။ သို့သော် တစ်ခါတစ်ခါ အနီးကပ် စကားပြောမိသောအခါ ကွမ်းနံ့နှင့်ရောနေသော ဘီယာနံ့ ရတတ်သည်။

ကိုဝေကတော့ တစ်လမ်းတည်းသားဖြစ်သည်။ ဆံလုံးကြီး၍ နက်မှောင်နေသောဆံပင်ကို အရှည်ထားသူဖြစ်သည်။ နဖူးပြောင်နေအောင် လှန်ဖြီး၍ စုစည်းထားတတ်သူဖြစ်သည်။ အသားရောင်က မဖြူမညို အလယ်အလတ်ဖြစ်သည်။ မျက်ခုံးထူထူက ဆက်လုဆက်ခင်ရှိသည်။ နှာတံဖြောင့်စင်း၍ လေးထောင့်ဆန်သော မေးရိုးရှိသည်။ သပ်ရပ်တိကျသော နှုတ်ခမ်းနှင့် ဖြူဖွေးဝင်းလက်သောသွားတန်းက သေသေချာချာပြုံးလိုက်တိုင်း အလွန်တင့်တယ်သည်။ အထူးသဖြင့် အားပါသောမျက်လုံးက စူးလက်၍စိတ်အတွင်းသားကို ထိုးဖောက်အကြည့်ခံရသလို ခံစားရလေ့ရှိသည်။

ဗေဒင်ယတြာကို အလွန်ယုံကြည်သော ကြီးကြီးသန်းနှင့်ပတ်သက်၍. . သူတို့နှစ်ယောက် ကြီးကြီးသန်းအပေါ် ဆက်ဆံပြုမူပုံကို သူမပြန်လည်မြင်ယောင်လာသည်။

ကိုအောင်မင်းစိန် သူမကိုချဉ်းကပ်နေသော ကာလဖြစ်သည်။ ထိုနေ့က ကိုအောင်မင်းစိန်အိမ်က တရွှေကြီးပစ်သဖြင့် ဆန်နီဆလွန်းကားပေါ် ခေါက်ဆွဲကြော်၊ ကြာဆံကြော်ထုပ်တွေတင်ပြီး. . တစ်အိမ်ဝင်တစ်အိမ်ထွက် လိုက်ပို့သောနေ့ ဖြစ်သည်။





ခြံထဲ တံမြက်လှည်းနေသော ကြီးသန်းကို. . .

"ကြီးသန်း ချစ်မွေးရှိလား"

"အေး. . ရှိသကွဲ့၊ မင်းညီမ ဘုရားခန်းမှာ ပန်းလဲနေတယ် ဘာကိစ္စလဲ"

"ပါပါနဲ့အမား တရွှေကြီးပစ်လို့လေ ခေါက်ဆွဲကြော် လာပို့တာ၊ ကြီးသန်းကို ဦးဦးဖျားဖျား လာပို့တာခင်ဗျ"

"အေး. . တရွှေကြီးပဲပစ်ပစ် သူရဲကြီးပဲပစ်ပစ် အလှူဒါနလုပ်တာပဲ. . သာဓုကွယ် သာဓု သာဓု၊ ဟင်. . မင်းကားထဲက စံပယ်ပန်းကုံးလေးတွေက မွှေးလှပါလား၊ အတော်ပဲ. . နက်ဖန် ကြီးသန်းစံပယ်ပွင့် ငါးဆယ့်လေးပွင့် လိုချင်နေတာ ဘယ်မှာရမှန်းမသိတာနဲ့ မင်းဘယ်က ဝယ်သလဲ မောင်စိန်"

"အမား. . ဘယ်ကဝယ်ပြီး နောက်ကြည့်မှန်မှာ ချိတ်ထားသလဲမသိဘူးခင်ဗျ၊ ကြီးသန်းက ဘာလုပ်မလို့လဲ"

"နက်ဖန် သောကြာနေ့လေကွယ် ဗေဒင်ဆရာက စနေထောင့်မှာ ပန်းသက်စေ့ လှူရမယ်ဟောလို့"

"ဟင်း. . ဟင်း. . အဲ့ဒါလုပ်ရင် ဘာဖြစ်မယ်တဲ့လဲ"

ခေါက်ဆွဲထုပ်တွေ ကားနောက်ခန်းကယူရင်း မေးခြင်းဖြစ်သည်။

"ကျန်းမာမယ်၊ ချမ်းသာမယ်၊ အန္တရာယ်ကင်းမယ်ပေါ့ကွယ်၊ ယတြာကောင်းရင် မင်းလောင်းတောင် ပျောက်တယ်တဲ့"

ကြီးသန်းကို ခေါက်ဆွဲနှစ်ထုတ်ပေးရန် ကိုင်ထားရင်းတ



www.burmeseclassic.com

www.burmeseclassic.com



တံခါးဝကပေါ်လာသော သူမကိုလှမ်းကြည့်သည်။

"ကြီးကြီးက ဗေဒင်ယတြာကို ယုံသလား"

"မိရိုးဖလာ ယုံကြည်လာတဲ့ကိစ္စပဲကွဲ့၊ ဗေဒင်ယတြာကြောင့်ပဲ တို့တွေစီးပွားလာဘ်လာဘ ပွင့်လာတာပဲဥစ္စာ"

"ကြီးသန်းရဲ့ မောင်နဲ့ယောင်းမ အလုပ်ကြိုးစားလို့ ရာထူးတက်ပြီး ချမ်းသာလာတာပါဗျာ၊ ချမ်းသာလာလို့ ကျမ်းမာရေးပါ ငွေကုန်ကြေးကျ ခံနိုင်လာတာပါ။ ကြီးသန်းကို မီးယပ်သွေးဆုံးကိုင်လို့ သူတို့ကုတာလေ၊ ဗေဒင်ဆရာက ကုတာမှ မှုတ်ဘဲ"

ကြီးသန်း အတော်ဖုသွားပုံရသည်. . ။

ကမ်းပေးနေသော ခေါက်ဆွဲထုပ်ကိုပင်မယူဘဲ တံမြက်စည်းကိုင်၍ ရှစ်ခေါက်ချိုးမျက်နှာနှင့် ပေရပ်နေသည်။ သူမက အပြေးအလွှား ယူလိုက်ရသည်။

"အိပ်ရာက နိုးတဲ့အလှနဲ့ စောစောစီးစီး မြင်ခွင့်ရတာပါပဲ၊ ဘာမှမလိမ်းမခြယ်ဘဲလဲ လှနေတော့တာပဲ ချစ်မွှေးရယ်"

ဟုကပ်ပြောနေသေးသည်။

ကြီးသန်းက မျက်စောင်းထိုး၍ တရှဲရှဲ တံမြက်ဆက်လှဲနေသည်။ ကားပေါ်တက် တံခါးပိတ်ပြီး ညဥ့်ကျဖုံးဆက်မယ်နော် လုပ်နေသေးသည်။ သူမကိုနှုတ်ဆက်ပြီး ကြီးသန်းကိုလှမ်းကြည့်သည်။

"ကြီးသန်းရေ လောကမှာ နှစ်နှစ်ကာကာ ယုံကြည်ရမှာက ဗေဒင်ယတြာမဟုတ်ဘူးဗျ၊ ဘုရား တရား သံဃာ ရတနာသုံးပါးနဲ့ အတ္တာဟိ အတ္တနော နာထောပါဗျာ၊ ကြီးသန်းက. . လက်မှာလည်း





ပုတီးနဲ့ ဗေဒင်ဆရာကို ယုံတာတော့. . ဘုရားဟောနဲ့ မကိုက်သေးဘူး"

ဝူးခနဲ မောင်းထွက်သွားလေသည်။

"မျိုးပျက်ခွေးတလုပ်၊ သူ့ကျတော့ တစ္ဆေသူရဲကို ခေါစာပစ်တဲ့အထိ ယုံနေပြီး ငါ့ကျ ဆရာလာလုပ်နေတယ်၊ သောက်ကြောတို့ မတည့်ဘူး"

ခေါက်ဆွဲထုပ်ကိုင်ရင်း သူမက. . .

"သူပြောသွားတာလည်း မှန်နေတာပဲ ကြီးကြီးရဲ့"

"မိချစ်မွှေးနော် ငါတံမြက်စည်းနဲ့ လှမ်းခေါက်လိုက်လို့ ဖွန်းသူကပါ ညိုမြဖြစ်နေတယ်၊ သူ့ခေါစာခေါက်ဆွဲ နင်စားချင်စား မစားချင်နေ. . ငါ့ကိုယ်တာ ခွေးကျွေးလိုက် ဒါပဲ"

တံမြက်စည်းရိုးနှင့် လှမ်းရွယ်သည်မို့ သူမခေါင်းကလေးပုလျှာတစ်လစ်နှင့် လစ်ရသည်လေ။ ထိုအကြောင်း ကိုဝေနှင့် နေ့ခင်းဘက် ဖုန်းပြောမိကြသည့်အထဲ မတော်တဆ ပါသွားသည်။ သူမက အမှုမဲ့ အမှတ်မဲ့ပါပင်. . .

ညနေဘက်ကျတော့ စပယ်အဖူးချည်းပဲ အဖူးခြောက်ဆယ်တိတိ ကလေးတစ်ယောက်နှင့် ကိုဝေက အပို့ခိုင်းလိုက်သည်။

နက်ဖြန်ပွင့်မည့် ပိုသောခြောက်ပွင့်ကို ဘုရားတင်ချင်တင် ချစ်မွှေး ပန်ချင်ပန်ပါတဲ့၊ ကဲ. . အဲ့ဒါ ကိုဝေပေါ့. . ။

ဝေချစ်ကိုသည် သူမနှင့် သူမအသိုင်းအဝိုင်းကို ဘယ်တော့မှ အမှုမဲ့ အမှတ်မဲ့ မနေခဲ့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



အသေးစိပ် သူမကို ဂရုစိုက်ခဲ့သည်။

ကြည်နူးဖွယ် အသေးစိပ်များက စိပ်လည်းစိပ်တတ်လွန်းပါသည်လေ. . ဟင်း. . ဟင်း. .

တစ်နေ့. . . ။









# အခန်း(၅)

**တစ်**နေ့. . .

သူမ မနက်ပိုင်း သီချင်းဖွင့်၍ အေရိုးပစ် ကစားနေတုန်း ဖုန်းဝင်လာသည်။ ကိုဝေထံမှဖြစ်သည်။ ကိုဝေက သူမထံ ဖုန်းဆက်ခဲ့သူဖြစ်သည်။ တော်ရုံ ဖုံးမဆက်။

“ကိုဝေ စောစောစီးစီး ဘာကိတ်”

“ကိုဝေ ရန်ကုန်ကနေ. မနေ့ညဦ့က ပြန်ရောက်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"အွန်!. . သွားတာတောင် ပြောမသွားဘူး၊ မှာစရာရှိလို့"

"အေး. . အဲဒါ ပြောမလို့ဟ၊ နင်မမှာဘဲ ငါပါလာတာတွေ ရှိတယ်၊ အလကားတော့ မရဘူးနော်"

"ဘာတွေ ပါလာလို့လဲ"

"နင်အားရင် ငါ့ဆီလှည့်ဝင်ခဲ့၊ ငါ မအားလို့"

"ဘာတွေလဲဆိုတာ နည်းနည်းကြိုပြောမှပေါ့ရှင်"

"နင် လာကြည့်ပေါ့ဟာ၊ မကြိုက်ရင် မယူနဲ့ပေါ့၊ ဈေးထဲ ငါပြန်သွင်းရင် ကြိုက်ဈေးရတဲ့ ပစ္စည်းတွေလို့ပဲ ကြိုပြောထားမယ်၊ ညည်းလာခါနီး ဖုန်းတောက်လိုက်"

ရေမိုးချိုး ဖီးလိမ်း၍ မနက်စာပင်မစားဘဲ ဖုန်းလှမ်းတောက်သည်။

"ငါ မစ္စတာခရောင်းမှာ ရှိတယ်၊ ဆိုင်ကယ်နဲ့ လာခေါ်"

သူမ နည်းနည်းတွေသွားသည်။ ကိုအောင်မင်းစိန်က မနေ့ နေ့ခင်းက သူမကို ရည်းစားစကား ပြောထားသည်။ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်နှင့် နက်ဖန် အဖြူအမည်း အဖြေပေးပါဟု ပြော လာသည်။

ညဥ့်အိပ်ခါနီး ဖုံးဝင်လာသည်။ နက်ဖန် မစ္စတာခရောင်းမှာ မနက်စာစားရင်း တစ်ဘဝစာအဖြေလိုချင်သည်တဲ့ ချစ်မွေး နေမ ကောင်းဘူးဟုငြင်းသည်။ နေ့ခင်းကအကောင်းကြီး ညဥ့်ကျမှ နေမ ကောင်းတမင်ဖြစ်တာလားဟု ခနဲ့သည်။

"ဟုတ်တယ်. . . ဟိုဟာတွေဖြစ်နေတာလေ တမင်နေမ





ကောင်းချင်လို့ မဟုတ်ဘူး" ဟု မမမှတာကိစ္စကို ပုံချ၍ ဖုံးချခဲ့သည်။

"ဟဲ့. . ချစ်မွေး လာမှာလား၊ မလာရင်တော့ ငါဈေးထဲက ဒေါ်ညှပ်ဆိုင်ကို အမြတ်နဲ့ပြန်သွင်းလိုက်မှာနော်"

"လာပြီ၊ တအောင့်ပဲစောင့် ကိုဝေ"

"ဆိုင်ထဲဝင်ရပ်၊ ကိုဝေပါဆယ်ထုပ်တွေနဲ့ စောင့်နေမှာ၊ ဆိုင် ထဲဝင်ထိုင်ဖို့ မလိုပါဘူး"

သည်စကားကြားမှပင် သူမ စိတ်နည်းနည်းအေးသွားသည်။ ဆိုင်ထဲ ကိုဝေနှင့်ထိုင်နေတုန်း ကိုအောင်မင်းစိန် မြင်သွားလျှင် မ ကောင်းဘူးမဟုတ်လား။

"ဟူး. ."

"ဟူး. . ကျို. ."

သူမ ပါကင်တွင် ဆိုင်ကယ်ထိုးရပ်လိုက်သောအခါ ဆိုင်ထဲ မှ စားစရာပါဆယ်များနှင့် ကိုဝေထွက်လာသည်။

"ကြီးသန်းဖို့ပါ ပါတယ်၊ ကဲ. . ကိုဝေ့ဆိုင်ကို အရင်မောင်း"

ကိုဝေ နောက်ကခွထိုင်သည်။ ပါဆယ်ထုပ်တွေ လက်တစ် ဖက်ဆွဲသည်။ လက်တစ်ဖက်က. . ဆိုင်ထဲနောက်ပြန် တာ့တာပြခဲ့ သည်ကို သူမ မမြင်လိုက်။

အောင်မင်းစိန်နှင့် ဝေချစ်ကိုက နာရီဝက်ခန့် ဆိုင်ထဲ၌ အ တူရှိနေခဲ့ပြီးဖြစ်သည်။ ဝေချစ်ကိုက တမင် နှာတစ်ဖျားသာကြောင်း ပြခဲ့ခြင်းဖြစ်သည်ကို ချစ်ချစ်မွေးမသိလိုက်. . .။

"ငဝေ ချစ်မွေးနေမကောင်းဘူးကွ၊ ငါ့မို့ပြောပြတာ. . ဒီလို



www.burmeseclassic.com

www.burmeseclassic.com



အချိန် ဘယ်တော့မှအပြင်မထွက်ဘူး. . ဟင်းဟင်း၊ လောင်းမလား"

"အေး. . . ငါက အလောင်းအစားတော့ ဝါသနာမပါဘူး၊ မင်းနဲ့ငါနဲ့ မတူဘူးဆိုတာပဲ မင်းသိအောင်ပြချင်တာပါ၊ မင်းခဏ စောင့်ကြည့်၊ (စားပွဲလေးအား) ညီလေးရေ ပါဆယ်တွေရပြီလား"

"ခဏပဲစောင့် အစ်ကိုဝေ ရတော့မယ်"

"ခဏစောင့်ရင်း ငါဖုန်းဆက်လိုက်ဦးမယ် အောင်မင်းစိန်၊ မင်း အဲ့ဒီမှာပဲထိုင်နေ. . ပြီးတော့ အေးဆေးထိုင်ကြည့်နေ"

ဟူသော စကားပြောခန်းလေးတစ်ကဒ် ဆိုင်ထဲတွင် ဖြစ်ပျက်ခဲ့သည်ကိုလည်း ချစ်ချစ်မွှေး ဘယ်လိုမှ မသိလိုက်ပါချေ။

အောင်မင်းစိန် ရှုံးရှုံးရှဲရှဲဖြစ်၍ ကျန်ခဲ့သည်ကိုလည်း ဘယ်လိုလုပ် သိလိုက်ပါမည်နည်း။

ဤသို့ဖြင့် နောက်တစ်ခဏ၌ ဝေချစ်ကို၏ အိမ်ရှေ့၌ ခဏ ဆိုက်သည်။ ဆိုင်ထဲက အလုပ်သမား မောင်ထွေးက အိတ်တစ်အိတ် လာထွက်ပေးသည်။ ဆိုင်ကယ်ခြင်းထဲထည့်၍ ချစ်ချစ်မွှေးအိမ်ကို မောင်းခဲ့သည်။

ကြီးကြီးသန်းက ဧည့်ခန်းဖုန်သုတ်နေသည်။ သူကအထုပ်တွေနှင့်. . .

"ဟိုတစ်နေ့က ကြီးသန်း စားချင်တယ်ပြောတဲ့ မစ္စတာခရောင်းက မန္တလေးမုန့်တီနဲ့ ပူတင်း၊ ကဲ. . ချစ်မွှေးပြင်ပေး၊ ဩော်ကော်ဖီလေးတော့ ညည်းတိုက်ပေါ့ဟာ. . တို့က နို့စိမ်းနဲ့မှနော်"

"အိတ်ထဲက ဘာတွေလဲကွဲ့ မောင်ဝေရဲ့"





"ကြီးသန်းကို ရန်ကုန်က ကျွန်တော့်အစ်မ ကန်တော့လိုက်တာပါတယ်၊ ကျန်တာက ချစ်မွှေးကို ရောင်းရမယ် ပစ္စည်းတွေ"

ချစ်မွှေး စားစရာတွေဆွဲ၍ နောက်ဖေးဘက်ဝင်သွားသည်။ အရင်ဆုံး ခါးကြီးပါတိတ်ကို ဆွဲထုတ်၍ တရိုတသေပေးလိုက်သည်။

"ဟယ်. . ရွေးတတ်လိုက်တာ မင်းအစ်မကြည်ကြည်လား မင်းလား ဒီအဆင်ရွေးလာတာ"

"ကျွန်တော်ရွေးလာတာပါ ကြီးကြီး၊ အရောင်က မကာလက်ဘူး၊ အဆင်က နုတယ် ကြီးကြီ၊ လူကြီးအဆင်တွေ သိပ်မဝတ်ပါနဲ့ အသက်ဆိုတာ ကိန်းဂဏန်းပါ"

အပျိုကြီးက ဖြန့်၍ ပေါင်ပေါ်တင်ကြည့်ပြီး သဘောကျနေသည်။

"မမကြည် စက်ပူကဝယ်လာတာလေ ကြီးသန်းဖို့ ငါမောင်ရွေးယူသွားဆိုလို့"

"အင်း. . မင်းက ပန်းချီမျက်စိ ရှိသကိုးကွဲ့. . ဟင်းဟင်း. . ကြည်ကြည်တို့မိသားစုကော ကျန်းမာကြရဲ့လား"

"ဒေါင်ဒေါင်ကိုမြည်လို့"

ချစ်မွှေးက စားစရာတွေ လာချသည်။ အိတ်ကို မျက်စောင်းထိုးသည်။

"ဟယ်. . . ကြီးကြီးနဲ့ အဲ့ဒီအဆင်လိုက်တယ် ကော်မီးခိုလေးနဲ့ အညိုခက်လေးတွေက လှလိုက်တာ"

"ညည်းအစ်ကိုဝေ ရွေးလာတာတဲ့တော် ရွေးတတ်ပါ့၊ ကဲ



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီတော့ ကြီးသန်းပဲ ဖျော်ပါ့မယ်"

"ရေနွေးက မီးဖိုပေါ်မှာ. . ကြီးသန်းဟင်းအိုး ခဏချထားတယ်"

ကြီးသန်း လုံချည်ပါယူ၍ အထဲဝင်သွားသောအခါ သူက အိတ်ကိုလှမ်းပေးရင်း. . ။

"ပြန်ပြင်လို့ မရတဲ့ပစ္စည်းတွေချည်းပဲ ချစ်မွေးရေ၊ စက်ာပူက ငါ့အစ်မပါလာတာတွေ ညည်းနဲ့မတော်ရင်တော့ ဒေါ်ညွှပ်ကို ငါပြန်ရောင်းရမှာပဲ"

"ဘာတွေလဲ ကိုဝေရဲ့"

"အဲ့ဒါက မလေးရှားစကပ်ထဘီ၊ အဲ့ဒီဂျပ်ဗူးထဲမှာက ကြိုးသိုင်းပင်စယ်လ်ဟီး. . ဒေါက်ကနှစ်လက်မ၊ အဲ. . ဟိုဗူးလေးထဲက တော့ နင့်ဟာနင် ဖွင့်ကြည့်၊ အဲ့ဒါ လေဒီဒိုင်ယာနာသုံးတဲ့ Brand ပဲ. . အီတလီဖြစ်"

"ဟယ်!. . စကပ်ထမီအရောင်က နှစ်ရောင်စပ်ပဲ လှလိုက်တာ၊ ခါးနံပါတ်က ဘယ်လောက်လဲ"

"ငါလည်းမသိဘူး. . မှန်းပြီးရွေးလာတာ၊ ညည်းဟာညည်း သွားဝတ်ကြည့်၊ ငါ ဗိုက်ဆာပြီ"

အိတ်ဆွဲ၍ အိပ်ခန်းထဲ နွဲ့ခနဲ ထပြေးသည်။ ကျောအလှက တော့မကြည့်ချင် မြင်လျက်သားပါပင်။

မန္တလေး မုန့်တီကို ဆာဆာနှင့် အားရပါးရလွေးနေမိသည်။ အောင်မင်းစိန် ကော့လိမ်ပြီး ကျန်ခဲ့မည့်အဖြစ်ကို လှမ်း၍မြင်ယောင်





နေသလို အဝတ်အစားလဲနေမည့် ချစ်မွေး၏ ခုနေအခိုက်အတန့်ကို လည်းပုံဖော်ကြည့်ရင်း ခေါင်းကို ယမ်းထုတ်ပစ်လိုက်ရပါတယ်။

ကြီးသန်းက ကော်ဖီသုံးခွက်ကို လင်ဗန်းနှင့် ထည့်ယူလာသည်။

"မိချစ်မွေတို့မျှား ထမင်းစားခန်းမှာ အတူတူထိုင်စားဖို့ ပြင်လိုက်ပြီးတဲ့ဟာကို. ."

ဤသည်ပင် ကြီးသန်းပေးသော မိသားစုဝင်လိုင်စင်ဖြစ်သည်။ မိန်းမသူ နှစ်ဦးတည်းနေသောအိမ်မို့ သူစိမ်းယောက်ျားလေး တော်ရုံမဝင်မခံသော ရှေးရိုးစဉ်လာ စည်းစနစ်ကြီးသော ကြီးသန်းက အိမ်ထဲ ထဲထဲဝင်ဝင် ဝင်ခွင့်ပြုခြင်းလည်းဖြစ်သည်။ ကြီးသန်းက ကော်ဖီပန်းကန် သူ့ဆီတိုးပေးရင်း. . .

"ဟင်. . မင်းညီမရော"

"ဒီမှာလေ ကြီးသန်းရဲ့. . ဟင်းဟင်း. ."

လမင်းလေး ထွက်လာခြင်းပါပေ။ စကပ်ထဘီက ရွှေအိုရောင်နှင့် သျှားရောင်နှစ်ရောင်စပ် ဖြစ်သည်။ ဒူးအထက်နားမှ ခွဲ၍ ခြေမျက်စိဖုံးထားသည်။

အတွင်းခံ ဒိုင်ယာနာအောက်ခံက အညိုရင့်ရင့်နှင့် သကြိန် တုန်းကဝတ်သော ယိမ်းခေါင်းဆောင် ငုဝါရောင်လက်ရှည်ပါးပါးနှင့် လိုက်ဖက်တင့်မောလှပါသည်။

ချစ်မွေးက ဒေါက်ဖိနပ်ကြိုးသိုင်းကိုပါစီး၍ မော်ဒယ်လို လျှောက်လာခြင်းဖြစ်သည်။ ပြောခဲ့သော ကြီးသန်းပါးစပ်မှ ခပ်တိုး



www.burmeseclassic.com

www.burmeseclassic.com



တိုး လွှတ်ခနဲ အသံပင်ထွက်ကျလာသည်။

"ဟယ်!. . လှလိုက်တာ သမီးရယ်"

သူလည်း ငေးခနဲကိုဖြစ်သွားသည် ဟင်းရည်ဇွန်းကြီးတန်းလန်းနှင့်. . ချစ်မွှေးက ညှော်ခန်းထဲစင်မြင့်လိုသဘောထား၍ တံခါးဝအထိ. . ပဲနှင့် ခေါင်းကလေးမော့၍ လျှောက်သွားသည်။ လှလှပပတစ်ပတ်လှည့်၍ ပြန်လာသည်။

"ဟယ်. . မယ်မင်းကြီးမ ဖိနပ်ကြီးနဲ့ပါလား ငါတိုက်ထားတဲ့ကြမ်းခင်း ကုန်ပါပီတော်"

"ကြီးကြီးကလည်း ဖိနပ်က အသစ်စက်စက်ပါ. . မြေကြီးတောင် မထိရသေးဘူးရှင်၊ အံ့ဩစရာကောင်းလိုက်တာ ဖိနပ်ကောထဘီခါးရော. . အဲ. . အားလုံးကွက်တိပဲ"

အဲ. . ခံ၍ ခဏစကားထစ်ပြီးမှ အားလုံးဟု ဆိုလိုရင်းဖြစ်သည်။ အတွင်းခံပါ ကွက်တိဖြစ်အောင် ဝယ်လာနိုင်ခြင်းကို ကြီးဒေါ်လုပ်သူကိုတော့ ချစ်မွှေးအသိမပေးချင်ပါပေ။ ယုန်ထင်ကြောင်ထင်တွေ ဖြစ်ကုန်မည်လေ၊ ချစ်မွှေးသည်လောက်တော့ ပါးနပ်ပါသည်။ ဒါကိုသူကလည်း ရိပ်မိသဖြင့် ချစ်မွှေးကို ပြုံး၍ကြည့်လိုက်မိသည် မသိမသာမျက်ခုံးပင့်ပြသော ချစ်မွှေးသည်(အရပ်စကားနှင့်)'ချစ်မွှေး' ကိုပါနေပါတော့သည်။

အတိအကျဖြစ်နေသော အတွင်းအလှကိုလည်း ဆိုဖာတွင် ဝင်ထိုင်ရင်း ခန္ဓာဗေဒဘာသာစကားနှင့် မသိမသာ စွင့်ပြလိုက်သေးသည်လေ။





"အတော်ပဲ. . . ပဒေသာရက်ကွက်က ရေစက်ဖွင့်ပွဲမှာ ချစ်မွှေး ကာတ်ကြေးဖန်းကိုင်ရမယ်၊ အဲ့ဒီပွဲကို ဝန်ကြီးလာမယ်လေး ကျေးဇူးတင်လိုက်တာ ကိုဝေရယ် ဘာဝတ်ရမလဲ ဘာဝယ်ရမလဲလို့ စဉ်းစားနေတာ၊ ဒီအတိုင်းလေး အဆင်ပြေရဲ့လားဟင်"

"ပြေပါတယ်"

သူက မုန့်တီလက်စသပ်ပြီး ကော်ဖီခွက်လှမ်းကိုင်ရင်း ပြောလိုက်ခြင်းဖြစ်သည်။ ပဒေသာလေးလက်မစက်တူးအဝီစိတွင်းက. . အောင်မင်းစိန်လှူခြင်းဖြစ်သည်။ အလှူထက် လူကြီးတွေနှင့် သိကျွမ်းပြီး သတင်းထဲ ဂျာနယ်ထဲ ဓါတ်ပုံပါချင်သော. . အောင်မင်းစိန်၏ ထုံးဓလေ့တစ်ခုဖြစ်သည်။ ကြီးသန်းက စားရင်းသောက်ရင်း အနံ့ရလာပုံနှင့် ရှုကြည့်ရင်း. . .

"ဟယ်!. . ဟင်းအိုး"

ဟုမြည်၍ စားလက်စပန်းကန်ပါကိုင်၍ နောက်ဖေးဝင်သွားသည်။ နှစ်ယောက်တည်းကျန်မှ သူ့ကိုနှုတ်ခမ်းစူ မျက်စောင်းထိုး၍. . .

"သူများကတော့. . ကွက်တိဖြစ်ပြီး အရမ်းကျေနပ်နေလို့ ကြည်နူးပြီး ဒီအတိုင်းလေး အဆင်ပြေရဲ့လားလို့ ဝမ်းသာအားရမေးတာ ကိုဝေဖြေပုံက ဝတ်ကြေတန်းကြေကြီး. . "

"အွန်!. . ပြေလားဆိုတော့ ပြေလို့ပြေတယ် ပြောတာပဲဗျာ ကျောင်းအစ်မကလည်း. . ကျွန်တော်က ဘယ်လိုပြောရမလဲ"

"ဟယ်!. . လှလိုက်တာ ဘာညာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းအလှပြင်ရင် နှာခေါင်းရှုံ့လေ့ရှိတဲ့ . . ကြီးသန်းက တောင် ညည်းကိုမြင်မြင်ချင်း အဲ့ဒီစကားပြောပြီးပြီပဲ၊ ငါကဘာထပ် တွန့်တက်စရာ လိုသေးလို့လဲ"

"မရဘူး . . တစ်ခုခုတော့ ပြောရမယ်"

"အေး . . ပြောမယ်၊ ချစ်ချစ်မွေးတို့က သစ်ရွက်သီပြီးကပ် ကပ်၊ ဂုံနီအိတ်အစုတ်ပတ်ပတ် လှပြီးသားပါဗျာ၊ အာဆူလာအင်း ဒရက်(စ်)ဆိုတဲ့ ညို့မင်းသမီးကြီး ဘာလို့ပိုနာမည်ကြီးသွားလဲ . . သိ လား၊ သူ့ နာမည်ကို Andress နဲ့ အင်းဒရက်(စ်)လို့ ပေါင်းတယ်လေ၊ undress က အဝတ်မပါတာလေ၊ အဲ့ဒီမင်းသမီး ပလေးဘွိုင်းမဂ္ဂဇင်း မှာ undress Andress ဆိုပြီးဓါတ်ပုံအရိုက်ခံလိုက်မှ ပိုပြီး အုပ်အော် သောင်းနင်း ဖြစ်သွားတာလေ . . အရမ်းလှသွားတာကိုး"

"ဘာကိုပြောချင်တာလဲ"

"undress Andress ဆိုတာကိုမြန်မာပြန်ရန် ကဗျာသံပါ အောင် 'အဝတ်မပါ အာဆူလာ'တဲ့၊ ညည်းလည်း ဒီထက်လှချင်ရင် သစ်ရွက်မကပ်နဲ့၊ ဂုံနီအိတ်လည်း မပတ်နဲ့တော့လို့ ပြောမလို့ဟေ့ သိပလား . ."

"ကိုဝေနော် သူများကို"

ကြီးသန်းလာနေသဖြင့် ထုမည့်လက်သီးဆုပ်လေး တန့်ပြီး ပြန်ကျသွားရသည်။ ကြီးသန်းက အိမ်ရှေ့က ထိုင်ဆွမ်းကိုယ်တော် များဆီ ဆွမ်းလောင်းရန်ထွက်ခြင်းဖြစ်သည်။ သူက ကော်ဖီကို လက် စသပ်ပြီး ပြန်ရန်ပြင်သည်။



"ကဲ . . ဈေးသည်ကြီး အားလုံးယူမယ်၊ ကြိုက်တယ် ဘယ် လောက်ကျသလဲ"

"ထောင့်ငါးရာ"

"ရှန်! . ."

"စကော့ပူဒေါ်လာနဲ့ပြောနေတာ၊ မမကြည် ဝယ်ရင်းဈေးပဲ မယုံရင် ထဘီရော ဖိနပ်ရော ဘရာမှာရော ဈေးနှုန်းလေဘယ်လေး တွေကပ်ထားတယ်၊ ပြန်ချွတ် . . အသေအချာကြည့်ပြီး ပေါင်းကြည့်"

"အွန်! . ."

"အေး . . ယူဖြစ်ရင် ဖုန်းဆက်လိုက်၊ ငါ့ကိုစွရှိတယ် ပြန်ဦး မယ် ဟာ"

"နေ . . နေပါဦးကိုဝေရဲ့၊ မြန်မာငွေဆို ဘယ်လောက်တုန်းလဲ ဟင်"

"ညည်း စ,လုံးဒေါ်လာဈေးရှာပြီး မြှောက်ကြည့်ပေါ့"

"ဘာလို့ အတိအကျဖြစ်နေတာလဲ"

"ဘာကိုအတိအကျလဲဟ"

"ဈေးက ထောင့်ငါးရာအတိအကျ၊ ဆိုဒ်ကလည်း အတိအ ကျ . . အဲ့ဒါ ဘာလို့ဖြစ်နေတာလဲလို့"

သူကထရပ်ရင်း . . .

"နင့် ဆိုဒ်ကတော့ ငါ့ခန့်မှန်းချက်၊ ထောင့်ငါးရာကတော့ မတော်တဆဖြစ်နေတာ"

"ဟယ် . . အံ့သြစရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းတည်း အိမ်ကမဝေးပါ။ သူလမ်းလျှောက်ပြန်ရင်း တဟင်းဟင်း ရယ်လာမိသည်။

သူမ သူ့အိမ်နား၌ ဖိနပ်ပြတ်ဖူးသည်။ အိမ်က ဖိနပ်ဟောင်း တစ်ရံ ဝင်စီးရင်း. . ဖိနပ်ပြတ်က ကျန်ခဲ့သည်။ ထိုဖိနပ်ပြတ်လေး ပလတ်စတစ်အိတ်နှင့် ရန်ကုန်ပါသွားသည်။

ပြီးတော့ သူတို့သင်္ကြန်ယိမ်းအဖွဲ့ အကျီချုပ်သည့် ဒေါ်ညှပ် နှင့်သူက အင်မတန် အဖွဲ့ကျသည်။ ချစ်ချစ်မွှေး (၃၄၊ ၂၆၊ ၃၅)မှန်း သူသိနေခဲ့တာ ဘယ်လိုမှ အံ့ဩစရာမဟုတ်ပါချေ။

အဲ့သလို ချစ်ဝေကိုပါလေ။

ဩော်. . မေ့လို့၊ စင်ကာပူ ထောင့်ငါးရာက မမကြည်ဆီမှာ လေဘယ်မျိုးစုံရှိသည်။ ကပ်ချင်သလိုကပ်၍ လိုချင်တာ ဖရီးယူလို့ရ သည်လေ. . ။

ဟုတ်ကဲ့ အဲ့သလိုချစ်ဝေကိုပါလေ။









# အခန်း(၆)

ကန်သာယာအောက်ချိုင့် ထန်းတောတွင်ဖြစ်သည်။ ဇိပိတ်၊ ယုဝနှင့် ကိုကျားကြီးတို့ ပင်ကျရည်စစ်စစ်ကို ကြိုမှာထားပြီး ဟိုတစ်နေ့ကအောင်ပွဲကို ဆက်ခံနေကြသည်။

ညိုညိုမောင်းမောင်း ဗလကောင်းသော်လည်း ရှေ့သွားတစ် ချောင်းကျိုးနေသော ကိုကျားကြီးက "အိုးလိုက်ကောက်မော့ရင်း. .

"ငါကြီးဝိုင်းထဲမှာ အသေအကြေဆော်လို့ သိန်းမျိုးရဖူးတာ

www.burmeseclassic.com



တွေ ဘယ့်နှယ်မှမနေပါဘူးကွာ၊ ညောင်ပင်အောက်မှာ ကောင်မလေးနဲ့ ခဏလေးအတူနေတာနဲ့ တစ်ယောက်တစ်သောင်းရတာကို ငါ့ဘဝမှာ တခုတ်တရဖြစ်နေတာကွ၊ မင်းတို့နဲ့ငါ သွေးသောက်ညီအစ်ကိုဖွဲ့မယ်ကွာ. . ပွင့်ပွင့်လင်းလင်းငါ့ကိုပြောပြ ရှေ့ဆက်ပြီး ခင်မောင်တိုး သီချင်းထဲကလို. . ဟဲဟဲ. . ချစ်ကြသူချင်းမို့ ညီစေမင်းပေါ့ကွာ"

ဇီပိတ်က မှေးလွန်းသော သူ့မျက်စိကို ဖွင့်၍ ယုဝကို မျက်ခုံးပင့်ပြသည်။ ပြောရင်ကောင်းမလားဟု တိုင်ပင်ခြင်းဖြစ်သည်။ ယုဝက ပညာရှိဂိုက်စပေါက်နှင့်. . ထန်းရည်မူးရင် ကွဲခိုးပေါ်တယ်တဲ့ စကားရှိသကွနှင့် မော့သည်။

"အေးကွ ကိုကြီးကျားက တို့နဲ့သွေးသောက်လည်း ဖွဲ့မယ်လို့ ပြောတယ်၊ ထန်းရည်ကလည်း မူနေကြပြီ၊ အဲ. . ပြီးတော့ ဒီအမှုက ကွဲခိုးသလောက်လည်း ပြစ်မှုကြီးတာမဟုတ်ဘူးဆိုတော့ကာ. . မင်းပြောလိုက်ပေါ့ ဇီပိတ်ရာ၊ မိတ်ဆွေရင်းချာဆိုတာ ပွင့်လင်းမြင်သာမှု ရှိရတယ်ကွ"

ပြောရင်း. . ထန်းရည်ခွက်တွေလိုက်ဖြည့်သည်။ ဇီပိတ်က တစ်ခွက်ကောက်မော့ရင်း. . .

"မင်းနဲ့ ကိုဝေနဲ့စတဲ့ဇာတ်လေကွာ မင်းက အဓိကဇာတ်ကောင်၊ ငါကခွေးလျှားသီးပုံးကြမယ်ဆိုပြီး လွှစာမှုန့်အိတ် ပြန်ယူပေးတာရယ်၊ အောက်မှာဆိုင်ကယ်ပလပ်ဖြုတ်တာရယ်ပဲ သရုပ်ဆောင်ရတဲ့ ဇာတ်ပို့ပဲဥစ္စာ၊ မင်းပဲပြောပြလိုက်ပါကွာ. ."





ဇီပိတ်က လိမ္မာစွာလက်ရှောင်ရင်း ကြက်ကြော်ဖဲ့သည်။ ယုဝလည်း သူ့ခွက်ကို ဂလုခနဲ ကောက်မော့ပြီး ဂွပ်ခနဲပြန်ချရင်း. .

"ဒီမယ် ကိုကျားကြီး. . ဘောစိအောင်မင်းစိန်နဲ့ ကွမ်းယာဝေချစ်ကိုနှစ်ယောက်မှာ ခင်ဗျားဘယ်သူ့ကို ပိုခင်လဲ"

"ဟာ. . မေးနေရသေးလားမင်းက၊ ဝေချစ်ကို့ကို ပိုခင်တာပေါ့ကွ၊ မနှစ်က ဘုရားပွဲမှာ ယိုးဒယားကောင်နဲ့ ငါထိုးတော့ ငါးလေးတစ်လေးလေ၊ ငါ့ဘက်မှာ ဘယ်သူမှမရှိဘူး၊ ဝေချစ်ကိုတစ်ယောက်ပဲ ငါ့ဘက်ကရှိခဲ့တာလေ၊ ဒုတိယအချီမှာ ငါတော်တော်ခံနေရချိန် စင်ပေါ်တက်ပြီး တစ်သိန်းဆုချတဲ့အပြင် ငါ့နားကပ်ပြီး အားနဲ့မာန်နဲ့ ပြောသွားတာ ငါ့တစ်သက်မမေ့ဘူးကွ"

"ပြောတာတော့တွေ့တယ် ဘာကပ်ပြောတာလဲ အစ်ကို"

"ယိုးဒယားဆိုတာ ကျွန်တော်တို့ငယ်နိုင်ဗျ၊ ခင်ဗျား ရွှေဘိုနယ်သားပဲ အလောင်းဘုရားသွေး ပြစမ်းပါတဲ့၊ လွှတ်. . အားရှိသွားတယ် အဲ့သမှာ. . ငါတင်တော့တာ မင်းတို့အမြင်ပဲလေ အားရလိုက်တာကွာ. . ဟာဟ"

မှန်သည်. . အလောင်းဘုရား အလောင်းဘုရားဟု ကိုဝေက စအော်၏။

တစ်ရုံလုံး အလောင်းဘုရားသံ ပွက်ပွက်ညံ၍ ယိုးဒယားပက်လက်ကြီးကို လန်သွားခဲ့သည်လေ။ ပြန်ကိုမထတော့ ပြီး

ဇီပိတ်က ထပ်မှာသည်. . .

"နောက်တစ်အိုးလုပ်ပါဦး ကိုအညာသားရေ့ .



www.burmeseclassic.com

www.burmeseclassic.com



ကိုကျားကြီးက. . .

"အောင်မင်းစိန်က ဟိုဘက်က ငါးလေးတလေးကြေး ဖွင့်တဲ့ကောင်. . သူရစရာရှိရင် ရက်ရောတယ် နာမည်ကောင်းယူတယ်၊ ဝေချစ်ကိုက ဘာမှသူ့အတွက်ပြန်မရလည်း ပေးစရာရှိပေးပစ်တယ် စိတ်ရင်းချင်းကွာတယ်ကွ၊ လုပ်စမ်းပါဦး အဲ့ဒီနေ့က မင်းနဲ့ဝေချစ်ကိုနဲ့ ဘယ်လိုဇာတ်လမ်းစတာလဲကွ ငါစိတ်ဝင်စားလို့ပါ"

ယုဝက. . .

"အေးဗျ. . လက်ဖွဲ့ပွဲနေ့က သူမလောင်းဘဲ ခင်ဗျားကို သက်သက်အားပေးတာ ကျွန်တော်တို့သိတယ်၊ ကျွန်တော်တို့လည်း ကိုဝေ့ကိုပဲ ခင်ကြတာ၊ ဟဲဟဲ. . တရုပ်ဘောစိကိုတော့ ရေကျတတ်လို့ ပေါင်းနေကြတာ"

"မင်းကလည်းကွာ လိုရင်းကိုမရောက်ဘူး"

"ပြောပါ့မယ်ဗျ. . ဇာတ်လမ်းက ခင်ဗျားဆီကစတာ ကိုကြီးကျားရ"

"ဟေ. . ဘယ်လို ငါ့ဆီက. . ဟုတ်လား"

"ဒီလိုလေ ကေတီဗွီကကောင်မလေးနဲ့ ခင်ဗျားနဲ့ ငြိနေတာကို ကျွန်တော်က စကားစပ်မိပြီး ကိုဝေ့ကိုပြောပြမိတယ်၊ မနက်မနက် ခင်ဗျား. . ကေတီဗွီက သွားကြိုပြီး ညောင်ပင်အောက်မှာ သွားသွားနှပ်တာကိုပြောပြလိုက်တော့ ကိုဝေက ခဏစဉ်းစားပြီး. . အေးကွ ငါနဲ့ကိုကျားကြီးနဲ့က အလုံးအထည်တူတယ်၊ အောင်မင်းစိန် နက်ဖြန် သူ့ကားအသစ်ကို ရွှေညောင်ပင်ပြမယ်၊ ပြီးရင် ကန်သာယာထိပ်က





နေ ချစ်မွှေးဈေးအလာမှာ ဟန်ရေးပြမယ်၊ မင်းတို့နှစ်ယောက်တလည်း ပွဲ့ဂွင့်စားဖွယ်စုံမှာရှိနေမယ် ဆိုတော့ကာ. . .၊

ကဲ. . အဲ့သမှာ ဇာတ်လမ်းစတာလေ၊ မင်းနဲ့ ဇိုပိတ်နဲ့တဘယ်လိုဝင် ဘယ်လိုထွက်ပေါ့၊ အဲ့သမှာ စစ်ဆင်ရေးတွေ ခွဲလျာထိုးတွေ စီစဉ်ရတော့တာ၊ ဒါကြောင့်. . ကိုကျား အကျီအဖြူဝတ်ပြီး အဲ့ဒီညောင်ပင်အောက်မှာ ကောင်မလေးနဲ့ရောက်နေဖို့ ဖြစ်လာတာလေ၊ ကိုဝေနဲ့ ချစ်မွှေးက ကန်သာယာထဲကို သူ့ကားရှေ့က ဖြတ်ဝင်မြင်သွားတဲ့ အောင်မင်းစိန် အူနူကြွခတ်ဇာတ်က အဲ့ဒါပဲ. .၊ ခင်ဗျားကို သူက ကိုဝေပဲလို့ထင်၊ သူ့မျက်စိက သိပ်မမြင်ဘူးလေ"

"နေပါဦးကွ. . ကိုဝေတို့က ကန်သာယာထဲ စောစောစီးစီး ဘာလာလုပ်တာလဲ"

"ကြီးတော်သန်းက ဗေဒင်ယတြာသမားလေး ကဲ့ကော်ညွှန့် ဩဇာညွှန့် လာခူးတာ၊ ကိုဝေက ဗေဒင်ဆရာနဲ့ခင်တယ်လေ သူပဲ အဲ့ဒီယတြာကို ဗေဒင်ဆရာနဲ့ ပေါင်းပြီးပေးတာ"

"ဟာ ကိုဝေက ထောင့်စေ့လှချည်လား"

"ဒီထက်သေချာတာရှိသေးတယ်၊ ယုဝတဲ့. . မင်းက ဒီဟန်းဆက်နဲ့ အောက်ကအတွဲကို ဗီဒီယိုရိုက်တဲ့၊ ဟိုကောင် မင်းဆီက ပြန်ဝယ်လိမ့်မယ်တဲ့ ကွက်တိပဲဗျာ"

"အွန်!. . ဟော့ကောင် မင်းငါတို့အတွဲကို ဗီဒီယိုရုက်ခဲ့တယ် ဟုတ်လား"

"မရိုက်ပါဘူးဗျာ ဟန်ပြရိုက်ပြီး ဘာမှမပါတဲ့ memory card



www.burmeseclassic.com

www.burmeseclassic.com



ကို ရောင်းစားခဲ့တာပါ”

“အဲ့ဒါကို မင်းအောင်မင်းစိန်နဲ့ ဘယ်လိုရှင်းမလဲ”

“ခလုတ်မှားနှိပ်မိလို့ မထင်ဘူးပေါ့ဗျာ၊ သူလည်း ပြဿနာမရှာရဲပါဘူး. . သူ့လောဘနဲ့သူ ခံရတာကို လူကြားထဲ အဲ့ဒီလူ ဘယ်တော့မှ မပြောရဲဘူး၊ တစ်ပုံးလောက်က သူ့ကွမ်းယာဘိုးလောက်ပဲရှိတာ”

“ဘာကွ တစ်ပုံးတောင်ရတာ. . ဟုတ်လား”

“ကျနော်တို့က ခေါင်းစားတဲ့ အမိကဇာတ်ကောင်တွေလေဗျာ၊ ကိုကြီးကျားသဘောတူထားတဲ့ ငွေကြေးရတာပဲဟာ. . ဒီထန်းရည်ဘိုးလည်းရှင်းမှာပါဗျာ”

“ဟေ. . ထန်းရည်ထပ်ထည့်ဦး၊ ကြွက်ကြော်ပါနောက်တစ်ပွဲ”

ထိုစဉ်. . ထန်းတောထဲ ဦးထိုးမောင်းဝင်လာသော အောင်မင်းစိန်၏ ကားသစ်ကလေးကို လှမ်းမြင်လိုက်ကြရသည်။

ကျားကြီးကမမြင် ယုဝနှင့်ဇီပိတ်က ခပ်အေးအေးပင် လှမ်းကြည့်ရင်း. . .

“ကိုကြီးကျား မတ်တပ်ထပြီး လက်ဝှေ့ရေး နည်းနည်းလေးလုပ်ဗျာ၊ အလောင်းဘုရား အလောင်းဘုရားလို့ ကျွန်တော်တို့ အော်ချင်လွန်းလို့ပါဗျာ၊ လုပ်ပါ. . အလောင်းဘုရား. . အလောင်းဘုရား”

ကိုကျားကြီး ဈာန်ဝင်သွားသည်။

လုံချည်ပြင်ဝတ်သည်။





လက်အကျႌကို လိပ်တင်သည်။

သုံးလေးချက်လေထဲထိုးပြသည်။

အောင်မင်းစိန်ကား ငူးခနဲ နောက်ပြန်ဆုတ်၍ လှည်းလမ်းအတိုင်း ဖုန်တထောင်းထောင်းနှင့်. . မှုန်နေအောင် လစ်ပါတော့သည်။

“အလောင်းဘုရားကွ. . အလောင်းဘုရား. . . ဝါးဟားဟားဟား. . ”

ဝေချစ်ကို၏ တပည့်များဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်တဲ့က
စစ်ပွဲတစ်ရာနဲ့လိုက်ချင်ရဲ့
အချစ်တစ်ပွဲတော့ မနွှဲချင်တော့ဘူးတဲ့
တို့ကတော့...
တို့ကတော့..
အချစ်ပွဲတစ်ရာပဲနွှဲမယ်
စစ်ပွဲကြီးဘာလုပ်ရမှာတုန်း
စစ်ဆိုရင် မုန်းရတဲ့အထဲ။ ။







# အခန်း(၇)

"ဟာ!. . . ဦးချစ်ရာ ခင်ဗျားကလုပ်ပြီဗျာ၊ ဒါကြောင့် ခင်ဗျားကို တစ်မြို့လုံးက စကြာဦးချစ်ရဲ့ စကြာအပ်ချုပ်ဆိုင်လို့ခေါ်တာ တစ်ပတ်တောင် အချိန်ယူထားပြီး ဒီကော်လာကတုံးလေးတစ်ထည်ကို မပြီးနိုင်ဘူး"

"အပ်ထည်တွေ ကျနေလို့ပါ မောင်အောင်မင်းစိန်ရာ၊ ဟိုမယ်တွေ့လား ငါညှပ်ထားပြီးပြီ၊ မင်းပိတ်စက သိပ်ကောင်းပါလား



www.burmeseclassic.com

www.burmeseclassic.com



ကွာ. . ကိုးရိုးယား အစထင်တယ် အရောင်ကလည်း အဝါရောင်နုနု လေး လက်ပြီးပြေးနေတာပဲ၊ စတစ်ကော်လာ အကောင်းစား တပ် ပေးပါမယ်၊ မင်းက စိန်ကြယ်သီးတပ်မှာဆိုတော့ ဘယ်ညာအပေါက် နော်. . ငါအသေအချာ မှတ်ထားပါတယ်”

“ဦးချစ် ခင်ဗျားရှိုးတွေရှိုးနေပြီ. . ဒီညနေလိုချင်တယ်ဗျာ၊ ချုပ်ခလည်း ခင်ဗျားတောင်းသလောက် ပေးထားသားနဲ့ ”

BURMESE CLASSIC

“နက်ဖန်မှ ယူပါလား ငါ့တူရာ”

“ဖြစ်မလားဗျ၊ နက်ဖန်ပွဲကြီးပွဲကောင်း နွဲရမှာလေ ပဒေသာ ရပ်ကွက် ရေစက်ဖွင့်ပွဲဗျ၊ ဝန်ကြီးကိုယ်တိုင်လာမှာ MRTV 4 က လည်း သတင်းလာရိုက်မှာ၊ ပြီးတော့. . . ချစ်ချစ်မွေးက ကျွန်တော့် ကတ်ကြေးဗန်းကိုင်မှာ၊ သူက အဝါရောင်ဝတ်မှာမို့ ဒီပိတ်စကို နိုင်ငံ ခြားက ပြန်လာတဲ့ သူငယ်ချင်းဆီက မရမက ဝယ်ခဲ့ရတာ. . .”

“အေးကွာ မနက်အစောကြီးလာယူပါ ပြီးအောင်လုပ်ထား ပါ့မယ် ဘောစိရယ်၊ ဒါနဲ့ ချစ်မွေးနဲ့မင်းက ရွှေ့သွားလေ နောက်က လိုက်လေပဲ. . အဲ. . ရွှေ့သွားနောက်လိုက် အလွန်ညီတာပဲ၊ ငါပါ လက်ခုပ်လာတီးရင်း အဝါရောင် စုံတွဲလေးကို လာငေးပါဦးမယ်. . နက်ဖြန်စောစောလာခဲ့. . ”

“နက်ဖြန်မလုပ်နဲ့ ဒီညနေလိုချင်တယ်၊ ဒီမှာ. . ချုပ်ခနှစ်ဆ ယူဗျာ”

“ကဲ. . ကဲ. . လုပ်ပေးရတော့မှာပေါ့ကွာ. . ၊ မြို့မျက်နှာဖုံး သူဌေးက သဒ္ဒါလို့ ချုပ်ခနှစ်ဆ ပေးနေမှပဲ ငါညနေပြီးအောင် ရှန်းရ





တော့မှာပေါ့. . ”

“သဒ္ဒါလို့ ပေးတာတော့ မဟုတ်ဘူးပေါ့ဗျာ၊ ငွေအိုင်ပိုပွဲဝင်မှာ မို့ပေးတာ၊ ရော့. . ရည်ကြည့်ဦး. . ”

“စေ့ပါတယ်ကွာ. . ဒီအဟောင်းတစ်ရွက်လဲပေးဦး ဘောစိ တွေက ပက်ကင်အုပ်ထဲညှပ်သုံးလို့ရတယ်၊ တို့ဆင်းရဲသားက ပိုက်ဆံ အစုတ်ပေးရင် ဘယ်ဈေးသည်မှ တယ်မယူချင်ဘူး၊ ဒါနဲ့ တိုက်ပုံက ဘာရောင်ဝတ်မှာလဲ ရွှေဘောစိရဲ့”

“ကော်လာကတုံးက အဝါနု၊ တိုက်ပုံက ရွှေအိုရောင်. . ဟဲ ဟဲ. . ကာလာမက်ချ် ဖြစ်ပါတယ်နော်၊ ဦးချစ်ချုပ်ပေးတဲ့ တိုက်ပုံပဲ တစ်ပွဲမှတောင် မဝတ်ရသေးဘူး. . ”

“ဩော်. . အေး. . မနှစ်ကငါချုပ်ပေးတဲ့ နံ့နွင်းရောင်လေး ပိုးသားပဲ. . ဟဲဟဲ. . တင်တင်ဇော်နဲ့ မင်္ဂလာမဆောင်လိုက်ရတဲ့ အကျီပဲ”

“တော်ဗျာ. . အဲ့ဒီမိန်းမအကြောင်း မပြောနဲ့ စိတ်နာလွန်း လို့”

“ဆောရီးကွာ ငါမေ့သွားလို့၊ မင်းအနာပေါ် ဒုတ်လွတ်ချ သလို ဖြစ်သွားတယ်”

“ထားပါဗျာ. . ခင်ဗျားသား ဇိပိတ်ရော”

“သိဘူးကွ ညက အိမ်ကောပြန်အိပ်ရဲ့လား မသိဘူး”

“ခင်ဗျားတို့သားအဖက ပုလင်းတူဗူးဆို့တွေပဲ. . ၊ နက်ဖန် ဇိပိတ် ကျွန်တော့်နားမှာ ညာလက်ရုံးအနေနဲ့ နေပေးမယ်လို့ ကတိ



www.burmeseclassic.com

ပေးထားတယ်၊ သောက်မလာဖို့ တားပေးဦး. . ပွဲပြီးမှ အဝတိုက်မယ်လို့ ဆက်ဆက်ပြောပေး၊ ညနေ ကျွန်တော်တစ်ခေါက်လာရင်လည်း အိမ်မှာရှိပါစေလို့၊ ကဲ. . ကျွန်တော်ပြန်မယ်၊ ညနေဆက်ဆက်နော် စကြာမင်းကြီး"

"စိတ်ချပါကွာ"

သူငယ်ချင်းလိုနေသောအဖေနှင့် ဘောစိစကားပြောနေသည်ကို သုံးထပ်သားတစ်ချပ်သာခြားသော အိပ်ခန်းထဲက ဖိုပိတ် အစအဆုံး ကြားနေခဲ့သည်။

အဖေကို သူငယ်ချင်းလိုရော အဖေလိုရော ဘဝဲ့ရှိသော အမျိုးအရင်းအနေနှင့်ပါ ဖိုပိတ်အလွန်ချစ်သည်။ အိမ်မှာက နှစ်ယောက်တည်း ရှိသည်လေ. . ပြေးကြည့်မှ။

ဘောစိ အပေါ်စီးက ပြောနေဆိုနေသည်ကို လုံးဝမခံချင်။ တော်ရုံလူဆို နည်းနည်းလေး တင်စီးလာသည်နှင့် ဒါကျုပ်ပီတုဗျ. . ရော့. . ရော့. . ခင်ဗျားပိတ်စ ပြန်ယူသွား ချုပ်ခစရံလည်း သုံးဆပြန်လျော်ပစ်ခဲ့သည်ချည်း။

ခုဟာက ဘောစိဖြစ်နေတာရယ် ည္ဗကဖဲရှုံးထားတာရယ် ကြောင့် ဖြစ်သည်။ အိပ်ထဲပိုက်ဆံမရှိရင် ဒေါသတောင် ဖြစ်လို့မရပါလားဟုတွေးရင်း အိပ်ရာသိမ်းနေမိစဉ်. . .

ညက ဖဲကလည်းရှုံး၊ အရက်ကလည်း မူး၍ ပြန်လာခဲ့ပုံကို ပြန်သတိရသည်။ ခါတ်မီးက အားနည်းလှသည်မို့. . အိမ်သာအထိ ရောက်အောင်မသွားနိုင်ဘဲ ခြံထောင့်တွင်ပင် သေးထိုင်ပေါက်မိ





သည်။ ကျွဲခနဲ အသံကြား၍ ခါတ်မီးမှိန်မှိန်နှင့် လှမ်းထိုးကြည့်လိုက်သောအခါ ကြွက်ဆွဲသွင်းနေသော ပိတ်စအဝါလေး. . .

အခုနစကားတွေအရ ဘောစိအကျီအဝါကို အဖေညှပ်ထားပြီးပုံရသည်။ အဝါစက ယောကျ်ားလေးတွေ ဝတ်လေ့သိပ်မရှိ။

ဘောစိအကျီညှပ်စ အပိုဖြစ်နေက အကြောင်းမဟုတ်. . ချုပ်မည့်အစဖြစ်နေပါက ဟုတွေးရင်း ရေကပြင်တွင် မျက်နှာသစ်သည်။ သွားတိုက်တော့ အရက်သမား ထုံးစံအတိုင်း လေပျို့တော့သည်။ မောနင်းပက်ချင်လာသည်။ ဖြစ်ကတတ်ဆန်း တိုက်နေတာတောင်. . .

"ဝေါ့. . . ဝေါ့. . ."

"ဖိုပိတ်လား နောက်ဖေးက. ."

"သားအဖ. . ဝေါ့. . နှစ်ယောက်တည်း. . ဝေါ့. . ရှိတဲ့ ဝေါ့. . ဥစ္စာဗျာ မေးနေသေးလား. . ဝေါ့အော့"

ဖခင်ဦးချစ်က သားမှန်းသေချာအောင် မေးရခြင်းမှာ. . အောင်မင်းစိန်ပေးသွားသော ငွေကြေး၏ လုံခြုံရေးကြောင့် ဖြစ်သည် တမုံ. . .။

ဖတ်ခနဲ လိပ်၍ ချုပ်စက်အံဆွဲ အဆုံးဖွင့်၍ အတွင်းကျကျ ပစ်ထည့်၍ ဂျိတ်ခနဲ ပြန်ပိတ်လိုက်၏။ ဒါကို ဖိုပိတ်ကလည်း ကြားဖြစ်အောင် ကြားပါသည်။

အင်း. . အဖေ ငါလေပျို့သံကြားလို့ ခုတ်သားစတွေတော့ သိမ်းလိုက်ပြီဟုသိသည်။ သူတို့အသိုင်းအဝိုင်းက ခါတစ်ရံ ပိုက်ဆံကို

www.burmeseclassic.com



'ခုတ်သားစ' ဟုခေါ်ကြသည်။ ခုတ်မှထစ်မှ ထွက်ကျလာသော. . အသားစကို ဆိုလိုဟန်ရှိသည်။ လုံချည်အပေါ်စနှင့်ပင် မျက်နှာသုတ်၍ အိမ်ရှေ့ထွက်လာသောအခါ. . ဖခင်က ပေစောင်းစောင်း လှမ်းကြည့်ရင်း. . .

"မင်း ညက ဝိုင်းလုံးကျွတ် သိမ်းနေတယ်လို့ ယုဝ သတင်းပေးသွားတယ်၊ ဈေးသွားကွာ. . မင်းစားချင်တာဝယ်ခဲ့ အဖေ ရှယ်ချက်ပေးမယ်"

ရေအိုးစင်က ရေတစ်ခွက်သောက်ရင်း. . .

"သတင်းအမှားကြီးပါ ပီတာချစ်ရာ၊ ဒီကောင် ကျွန်တော်ပိုက်ဆံချေးမှာစိုးလို့ နိုင်ပြီးထပြေးရင်း သွားပုပ်လေလွင့် ပြောသွားတာပါ"

ညှပ်ထားသော အဝါစ ပိတ်အကောင်းစားတွေကို မသိမသာ လှန်လှောကြည့်သည်။ ပိတ်စတွေနား ကော်ခွက်ထဲမှာ ကြွက်ခြေရာတွေက အထင်းသားမြင်ရသည်။ စက်ချုပ်သမားပဲ. . သေချာသည် လက်ရှည်တစ်ဘက်စာ ပျောက်နေသည်။ သည်ပိတ်စက သည်မြို့မှာ ဘယ်လိုမှ ဝယ်မရမှန်းသိသည်။

ဖြတ်စ ညှပ်စတွေထဲ ပိတ်စ လက်တစ်ဘက်စာရှိမရှိ သေချာအောင် စစ်ကြည့်လိုက်သေးသည်။ မရှိ။

ပီတာချစ်ကို နိုင်ကွက်ရ ပြီ။ တစ်နည်းအားဖြင့် အဖေမရှင်းနိုင်သော ပြဿနာကို သူရှင်းနိုင်သည်လေ. . သူချစ်သောအဖေကို သူ ကူညီခွင့်ရရှိပြီလေ။ ကြွက်တွင်းထဲမှာ အဖေ့ ပြဿနာရှိသည်။





စက်ငုံ့ချုပ်နေသော ဖခင်ရှေ့တည့်တည့် ရပ်လိုက်သည်။ လက်ဖမိုးကို စက်ခုံပေါ်တင်၍ လက်ဝါးကို အကားဆုံးဖြန့်လိုက်သည်။ ပါးစပ်ကလည်း. . .

"ခုတ်. . သား. . စ. ."

အပ်ချုပ်ဘီးကို ဖမ်းရပ်၍ ဖခင်က မော့ကြည့်သည်။ မဲ့ရွဲ့၍. . .

"ခုတ်စရာ ထစ်စရာ ဘာအမဲမှ မရှိဘဲ ဘယ်လိုလုပ် ခုတ်သားစက ရှိမှာလဲ"

"ပီတာချစ်ရာ သားအဖချင်း မုသာဝါဒရင်လည်း ဒီစကားကြောင့် အပယ်လားတာပဲတဲ့၊ ပီတာချစ်ပဲ ပြောခဲ့တာလေ. ."

"ဟေ့ကောင်. . ငါ့ကို. . ပီတာ. . ပီတာနဲ့ မခေါ်ပါနဲ့ဆို၊ အဖေခေါ်ရင်ခေါ်. . မောင်ချစ်ခေါ်ရင်ခေါ်"

"မာတာက အမေလေ. . ပီတာက ပီတုကနေ ဆင်းသက်လာတဲ့ ပါဠိစကားပဲ၊ ရစ်မနေနဲ့ဗျာ. . ဘောစိရဲ့ခုတ်သားစ ဟောဒီအောက်က အံဆွဲထဲမှာရှိတယ်"

"ဟေ့ကောင် ခွေးမသား ဟိုမှာ ဝီစကီလက်ကျန် သုံးပတ်လောက်ရှိသေးတယ် မော့လိုက်"

"နှမ်းလေးတစ်စေ့ထောင်းပြီး ဆင့်ပါးစပ်ကို လာပက်နေဖြန်းပါပြီ၊ ခုတ်သားစ တစ်ဝက်ပေး. . မပေးရင် ဖခင်ကြီးရဲ့ဒုက္ခသောတာကို ကယ်တင်မယ့်သူနဲ့ ဝေးသွားလိမ့်မယ်"

"ငါက ဘာဒုက္ခရောက်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘောစို့ရဲ့ ကော်လာကတုံးအင်္ကျီလက်တစ်ဖက် ညက ကြွက်ဆွဲသွားပြီ၊ ဘယ်ကြွက်တွင်းဆိုတာ ဖိုပိတ်ကလွဲပြီး ဘယ်သူမှ မသိဘူး. ."

"ဘာကွ!. . ."

ပြောပြောဆိုဆို စက်ခုံကထ၍ အင်္ကျီပုံထဲ အပြေးရှာသည်။

အသေအချာရှာသည်။ မရှိ။

သားမျက်နှာကို မျက်နှာငယ်နှင့် လှမ်းကြည့်သည်။ ဖိုပတ်က အံဆွဲထဲက ပိုက်ဆံကိုယူ၍ ရေတွက်ပြီး တစ်ဝက်ပြန်ချသည်။ ဖခင်က ပြေးလုသည်။ ဖိုပိတ်က ရှောင်တိမ်းရင်း ဖိနပ်ကိုပါ အိမ်ပြင်ကန်ထုတ်သည်။ အိမ်ပေါ်က သုံးဆင့်ကျော် ခုန်ဆင်း၍ ဖိနပ်စွပ်ရင်း. .

"ပီတာချစ် တူးရှင်းနဲ့ ဂေါ်ပြားရှာထား၊ သားမောင် ခဏနေ ပြန်လာမှ တူးဖေါ်ပေးမယ်၊ မွေးသဖခင်ဒုက္ခကို ကယ်တင်မယ့်သားကို မွေးထားကြောင်း ဂုဏ်ယူရစ်ပါ ပီတာချစ်"

အပြေးတစ်ပိုင်း ထွက်သွားလေသော သားချော၏ ကျောကိုကြည့်ရင်း ပြစ်ပြစ်နှစ်နှစ်ဆဲရင်း ပြုံးကျန်ရစ်သည်။

ခုတ်သားစ တစ်ဝက်ထားခဲ့ဖေါ် ရသေး၍ ဖြစ်သည်တမုံ။









# အခန်း(၈)

"ကျွန်တော် ထန်းတောကပြန်တော့ နေစောင်းနေပြီ လမ်းကျမှ ကြွက်တွင်းတူးဖို့ သတိရတာ၊ ဒုန်းစိုင်းပြီး အိမ်ကိုပြေးတော့ အိမ်ရှေ့မှာ ဘောစိကားက ရပ်နေပြီ၊ ကျွန်တော်ခြံနောက်က ဝတ်ဝင်ပြီ အခြေအနေကို စနည်းနာကြည့်တော့. . ကျွန်တော့်အဖေကို နှစ်ပြားမတန်အောင် ပြောတော့တာဗျာ၊ ကျွန်တော်အိမ်ထောင့်ကနေ အံကြိတ်ရင်း မျက်ရည်တောင်ကျလာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဖေက ခခယယ တောင်းပန်ရှာပါတယ်၊ သူ့ဖွန်နဲ့. . အရောင်အသွေးအတူတူလေး ဝတ်ချင်တာလေးနဲ့ဗျာ. . ၊ ကျွန်တော့်အဖေက သူ့အဖေဒုက္ခရောက်တုန်းက ကူညီခဲ့ဖူးတဲ့ ကျေးဇူးကိုမှ မထောက်ဗျာ၊ ကျွန်တော်အတော်အသည်းနာတာပါ"

"မင်း အပြစ်လည်း မကင်းဘူးလေကွာ၊ ခုတ်သားစ ရပြီပဲ ဘွင်းတူးပြီး ပိတ်စရအောင်ရှာ လျှော်ဖွတ်ပြီးမှ ထွက်ပေါ့"

ဝေချစ်ကိုက အစားအသောက်စားရင်း ဇီပိတ်ပြောသမျှ နားထောင်နေ၍ ယုဝက ဇီပိတ်ကို ဝင်ကစ်ခြင်းဖြစ်၏။

အောင်မင်းစိန်အဖေ ဦးပေသီး ညကြီးမင်းကြီး ကားမှောက်၍ သွေးလွန်အဲ့ဆဲဆဲ ဇီပိတ်အဖေ ရောက်သွားပြီး ကယ်တင်ခဲ့ခြင်းဖြစ်သည်။

အတိတ်ကအဖြစ်ပါ. . . အောင်မင်းစိန်ခေါင်းထဲ ရှိမည်တောင်မထင်။

"ငါ့ကိုအဖေက မသန်မစွမ်းနဲ့ လိုက်ဖမ်းလို့ ဆင်းပြေးရင်းကြွက်တွင်းကို တစ်နေကုန်မေ့သွားတာပါကွာ"

ဇီပိတ်က ဝမ်းနည်းလေ သောက်လေဖြစ်သည်။ အရက်မသောက်သော ဝေချစ်ကိုက အချိုရည်နှင့်အစားအသောက်သာ ဖိတွယ်ရင်း ညီသူငယ်ချင်းများ ရင်ဖွင့်သမျှ နားထောင်လေ့ရှိသည်။

ယုဝက အရက်ဖြည့်ရင်း. . .

"ဘောစိနဲ့ မင့်ခမည်းတော်ဇာတ်လမ်းက ဘယ်လိုပြီးသွားသလဲ ဇီပိတ်"





"ပီတာချစ်က အဖြူရောင် ကော်လာဂတုံးပဲဝတ်ပါ၊ တိုက်ပုံက အဝါပဲ အတွဲညီပါတယ်လို့ ပြောပါသေးတယ်၊ ရတယ်. . ဒါပဲဝတ်မယ်ဆိုပြီး ဒေါနဲ့မောနဲ့ပြန်ယူသွားလေရဲ့၊ ခင်ဗျားသား မျက်နှာထောက်နေလို့တဲ့"

"ဟင်!. . အကျီက လက်တစ်ဖက်မပါဘူး၊ ဘေးမတွဲရသေးဘူး. . သူဘယ်လိုဝတ်မလဲ"

"လယ်ပင်းထိ ကြယ်သီးတပ်ပြီး အပေါ်ကတိုက်ပုံထပ်မှာပေါ့ဟ. . ဒါပဲရှိတာပဲ၊ ချစ်မွေးနဲ့အရောင်တူရင် ပြီးတာပဲဟာ ဘယ်သူက လာလှန်ကြည့်မှာလဲ. . "

ဤတွင် ဝေချစ်ကို ဟာသဉာဏ် ဝင်လာခြင်းဖြစ်သည်။

"ဇီပိတ် နက်ဖြန် အခမ်းအနား ပြင်ဆင်ရေးမှာ မင်းပါတယ်နော်"

"ပါတယ် ကိုဝေ၊ ဘောစိက သူ့ညာလက်ရုံးအဖြစ် အနီးကပ် ကိုယ်ရံတော်ပါ ခန့်ထားတာ"

"မင်းအဖေကို နင်ဘဲငဆ ပြောခဲ့ဆိုခဲ့တာတွေကို မင်းပညာနည်းနည်း ပြန်မပေးချင်ဘူးလား"

"ဟာ!. . ကိုဝေကလည်း နည်းနည်းမဟုတ်ဘူး. . များများပြန်ပေးချင်တာပေါ့ဗျာ"

ဝေချစ်ကို ကျွဲရိုင်းဗူးကို လက်ကလှည့်ရင်း ပြုံးနေလေသည် ဟုတ်ကဲ့. . ပြုံး. . နေ. . လေ. . သည်။ ထိုစဉ်. . .

"ကျေးဇူးပြု၍ နားဆင်ပါခင်ဗျာ. . ၊ ဟဲလို. . ဟယ်လို. .



www.burmeseclassic.com

www.burmeseclassic.com



မောင်ဆန်း အက်ကိုးနည်းနည်းတင်လိုက်စမ်း၊ ဟယ်လို. . ဟဲ. . လိုရပြီ. . ရပြီ. . ပြီ. . ပြီ. . ပြီ. . ကျွိ. . ဂလုပ်!. . ဂုတ်!. . ကျေးဇူးပြု၍ နားဆင်ပါခင်ဗျာ. . ကျွိ!. . .

စံပြကျေးရွာကြီးအဆင့်မှ မြို့အဆင့် တိုးမြှင့်ခြင်းခံရ၍ မြို့သူမြို့သားများဖြစ်လာကြသော ကျွန်တော်တို့ မြို့တော်သူမြို့တော်သား အပေါင်းတို့ခင်ဗျား

(ဟေ့လူ. . ကိုအောင်ဝင်း မြို့သူမြို့သားအပေါင်းဆို ရပြီလေဗျာ၊ မြို့တော်မှ မဟုတ်သေးတာ. . )

အဲ. . ကျွန်တော်တို့ မြို့သူမြို့သားအပေါင်းတို့ခင်ဗျား. . ကျွန်တော်တို့ နက်ဖြန်ခါဆိုရင် ကြီးကျယ်ခမ်းနားစွာ ဖွင့်လှစ်တော့မည့် ကျွန်တော်တို့ ပဒေသာရပ်ကွက် လေးလက်မ အဝီစိရေတွင်းသစ်ကြီးကို ကျွန်တော်တို့ မြို့မိမြို့ဖ အလှူရှင်သူဌေး ဦးအောင်မင်းစိန်နှင့်အတူ ကျွန်တော်တို့ တိုင်းဝန်ကြီးအဆင့်မှ ဆင်း၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးမည် ဖြစ်ပါ၍. . .

(ဟေ့လူ. . ဝန်ကြီးမှဆိုရင်ရပြီလေ ဆင်း၍မထည့်နဲ့ ဆင်းဆိုတာ ကြားသွားရင် စိတ်ကောက်ပြီး မလာဘဲနေဦးမယ်. . )

အဲ. . ကျွန်တော်တို့ တိုင်းဝန်ကြီးမှတက်၍ ဖဲကြိုးဖြတ်. . ကျွိ!. . ဖွင့်လှစ်. . ကျွိ!. . ပေးမည်ဖြစ်ပါ၍. . ကျွန်တော်တို့ မြို့ကြီးသား. . ကျွိ!. . ပီသသူ အားလုံး မနက်(၉)နာရီတိတိတွင် ပဒေသာရပ်ကွက် အဝီစိတွင်းသစ်ဖွင့်ပွဲ တက်ရောက်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍. . ကျွိ!. . နှိုးဆော်လိုက်ရပါသည်ခင်ဗျား. . ကျွိ!. .





(ဟေ့လူ. . ကိုအောင်ဝင်း နိဗ္ဗာန်နဲ့ မဆိုင်ဘူးလေဗျာ အဝီစိကိစ္စဗျ. . ၊

အေးကွာ. . မောင်စန်းရာ အကျင့်ပါနေလို့. . ဟဲဟဲ)"

မိုက်ခွက်က မိုင်ကုန်တင်ထား၍ လော်စပီကာမှ ရှိုးရှိုးစကားသံများပါ အပြင်ထွက်နေသည်ကို စက်ဆရာကိုဆန်းနှင့် မိုက်ခဲအောင်ဝင်းကတော့ သိမည်မထင်။

ဇိပိတ်နှင့် ယုဝက အူနှိပ်ရယ်နေသည်။

"အေးမင်္ဂလာမွှာရုံက ကျွန်တော်တို့ ကိုအောင်ဝင်းကြီးလေ၊ သူစကားပြောတာ တစ်မိနစ်မပြည့်ဘူး ကျွန်တော်တို့ ရှစ်လုံးပါသွားတယ်. . ဟားဟားဟား"

"စက်ဆရာကိုဆန်း သတိပေးတာလည်းဟုတ်တာပဲ၊ နိဗ္ဗာန်အကျိုးမျှော်စရာလား အဝီစိကိစ္စကြီးဟာကို. . "

ဝေချစ်ကိုက ပြုံးရုံလိုက်ပြုံးရင်း. . .

"နက်ဖြန် ဝန်ကြီးတစ်ဗန်း၊ အုပ်ချုပ်ရေးမှူးတစ်ဗန်း၊ အလှူရှင်တစ်ဗန်း. . နော် ဇိပိတ်"

"ဘာကိုလဲ ကိုဝေ"

"ကတ်ကြေးဗန်း ပြောတာ"

"ဟုတ်တယ်လေ. . ဘောစိဗန်းကို ချစ်မွှေးကိုင်မှာ"

"ဖဲကြိုးဖြတ်ဖို့ ကတ်ကြေးအသစ် သုံးလက်ကို မင်းဝယ်ထားမဟုတ်လား"

"ဟုတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီ ကတ်ကြေးသုံးလက်ထဲက ချစ်မွေးဗန်းထဲထည့်မယ့် ကတ်ကြေးကို ဒီလိုလုပ်. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."









# အခန်း(၉)

ကြက်ပျံမကျ စည်ကားသည်ဟူသော စကားရှိပါသည်။ သဘောမှာ. . အတောင်ပါသော်လည်း မြေကြီးပေါ်တွင်သာ ကျင်လည်ကျက်စားသော သတ္တဝါအမျိုးအစားဖြစ်သော ကြက်တာ အကြောင်းတစ်ခုကြောင့် ထပျံသောအခါ အနီးအနားတွင်သာပြန်ကျပါသည်။ တစ်စွေ့ခုန် တစ်ခါမြေကြီးပေါ် ပြန်ကျရမည်သာဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု စည်းကားနေပုံက သည်လူအုပ်နား မည့်သည့်ကြက် မည်သည့်အကြောင်းနှင့်မှ ထမပျံ့ရဲအောင် ဖြစ်နေပါသည်။ အကယ်၍ သူရဲကောင်းကြက်တစ်ကောင် ပေါ်ပေါက်၍ ထပျံ့ပါက ပြန်ကျလျှင်လည်း ကျရာအရပ်မှတစ်ဆင့် ဟင်းအိုးထဲရောက်သွားပါလိမ့်မည်။

ကျွန်တော်တို့ ကိုအောင်ဝင်းပြောသလို မြို့ကြီးသား ပီသသူအားလုံးမို့ ကြက်ပျံမကျသည်လား၊ ကောက်ညှင်းပေါင်းကျွေး၍ပဲလား၊ ဈေးထဲက ဒေါ်ညှပ်အမေ ဖွါးကပ်သီးပြောသလို. . .

“ဝန်ကြီးမမြင်ဘူးလို့ လာကြည့်ပါတယ်အေ. . ဟယ်တော့ လူလိုပဲ. . ”

ဆိုသကဲ့သို့. . ဝန်ကြီးတစ်ခါမှ မမြင်ဖူးကြ၍ပဲလား မသိပါလေတော့။ တစ်ရွာလုံး(အဲ)တစ်မြို့လုံး ရောက်နေလေတော့သည်။ ဖဲကြိုးဖြတ်၍ ခလုတ်နှိပ်ရေစက်ဖွင့်မည့် စင်မြင့်ကို စာသင်ကျောင်း ကခုံတွေ စီ၍ တာရပတ်အုပ်သည်။ အပေါ်က ဂုံနီကော်ဇောအစိမ်းကြီးခင်းထားသည်။ နောက်ခံကတ္တီပါ အနီစကြီးပေါ်တွင် အဖြူရောင်စာလုံးကြီးက ပြူးနေသည်။

(၄)လက်မ အဝီစိစက်ရေတွင်းဖွင့်ပွဲ

အလှူရှင် ဦးအောင်မင်းစိန်(ပေသီးရှေ့ပန်းတိမ်)

ပဒေသာရပ်ကွက်၊. . . . . . . မြို့။

ဖွင့်ပွဲစင်မြင့်၏ ညာဘက်ဘေးတွင်လည်း အုတ်ရေကန်ကြီးနှင့် ရေပိုက်ခေါင်းကြီးကို ကတ္တီပါအနီဖြင့်အုပ်၍ ကြွရောက်ဖွင့်လှစ်





ပေးသော ဝန်ကြီးနာမည်နှင့် ဂါရဝပြုစာတမ်းကို တခမ်းတနား တင်ထားသည်။

ဗီဒီယိုကင်မရာ သုံးလုံးကလည်း မြင်မြင်ရာ အကုန်ရိုက်နေသည်။ ဦးချစ်၊ ယုဝ၊ ကိုကျားကြီးနှင့် ဝေချစ်ကိုက စင်ဘယ်ဘက်နားရှိ သရက်ပင်ကြီးအောက်မှ ရှုခင်းအဖုံဖုံကို အနုလုံပဋိလုံ ကြည့်နေကြသည်။

စင်ပေါ်ရှိ စက်ခလုတ်ခုံသုံးခုကို လိုက်ကာအနီ အပြီးသတ်ပတ်ရင်း လက်ထဲက စတက်ပလာ(စက္ကူချုပ်စက်)နှင့် အနားလိုက်သပ်နေသော ဖိုပိတ်က သူတို့သုံးယောက်ကို ပြုံးပြရင်း မျက်စိမှေးမှေးကို မသိမသာမှိတ်ပြသည်။ သူ့အဖေ၏ တိုက်ပုံအဖြူက သူနှင့်ကြပ်ထုပ်၍ ခါးတိုပြီး ဗိုက်ကထွက်နေသေးသည်။ ခြေဆာနေ၍. . ယုဝကိုမှီရပ်ရင်း ဦးချစ်က. . .

“ဒီကောင် ခုလိုဆိုတော့လည်း. . ရုပ်ကထွက်လာပြီး လူရာဝင်သားကွ. . ငှင်း. . ငှင်း. . ငါ့သားပီသပါပေ့”

ကိုကျားကြီးက. . .

“ခင်ဗျားသား မောနင်းမပက်ရလို့ လက်တုန်ခြေတုန် ဖြစ်နေတာကော မြင်ရဲ့လား၊ ကျုပ်ကတော့ ကျုပ်သွေးသောက်ညီလေးတို့ ဖြေဆေးသွားပေးဦးမှဖြစ်မယ် ”

“ဘာဖြေဆေးလဲ ကျားကြီးရ”

“စပါကလင် အချိုရည်ဗူးထဲ ဂျင်သုံးပတ်လောက်ရောပြီး. . မသိမသာ သွားပေးရင် ညီလေး ဘယ်လောက်ဝမ်းသာလိုက်မလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်. . ဟိုနားက ဝေလင်းသူဆိုင်မှာ ဂျင်ရှိတယ်"

ပြောပြီးထွက်သွားလေ၏။ မကြာခင် ဂျင်နှင့်အချိုရည်ဗူးကို ဝမ်းသာအားရ မော့နေသော ဇိပိတ်ကို အောင်မင်းစိန်နောက်နား၌ မြင်ရလေသည်။

ဦးချစ်က. . .

"ဟာ!. . အောင်မင်းစိန် လယ်ကတုံးအဝါနဲ့ဟ. . ပိတ်စ ဘယ်ကရပြီး ဘယ်သူ့ဆီ အပြီးသွားချုပ်လည်း မသိဘူး"

ဖွင့်ပြောတော့မည့် ယုဝကို ဝေချစ်ကိုက လည်ပင်းဖက်ရင်း လက်ကုတ်သည်။ အမူအရာနှင့် ခေါင်းရမ်းပြလိုက်ရသည်။ ဧည့်ခံ မဏ္ဍပ်ထဲ၌ ဝန်ကြီးကို ပျာနေအောင် ဧည့်ခံနေသော အောင်မင်းစိန် နောက်နား၌ ကွမ်းတွေဝါးရင်း ဇိပိတ်ရွှေ့လျားနေသည်။

ဗန်းကိုင်မမတွေ ပေါ်မလာသေး။ ခြယ်တုန်းသတုန်း ရှိနေပေဦးမည်။

ဝေချစ်ကိုနှင့် ယုဝက အောင်မင်းစိန် တိုက်ပုံအောက်က. . ဖြူခနဲဖြူခနဲ ထွက်ထွက်လာတတ်သည့် အင်္ကျီလက်ဖျားစကို ဂရုတစိုက် လိုက်ကြည့်နေမိကြသည်။ သေချာသည်. . ညာဘက်ကသာ လက်ဖျားစ ထွက်ထွက်လာသည်။ ဘယ်လက်က ဟင်းချိန်းကြီးသာ ထွက်ထွက်လာသည်။ အောင်မင်းစိန်ကိုယ်တိုင်ပင် ထိုအဖြစ်ကို မေ့နေဟန်ရှိသည်။ ဟင်းချိန်းပါသောလက်ကို တွင်တွင်သုံးနေလေသည်။

"အဟမ်း!. . ကျွန်တော်တို့ အခမ်းအနားဖွင့်လှစ်တော့မည်





ဖြစ်ပါ၍ နေရာယူပေးကြပါရန်. . လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား "

အခမ်းအနားမှူး ကိုအောင်ဝင်း၏အသံက ဟိန်းထွက်လာသည်။

ခုမှပင် ဗန်းကိုင်များ ဒေါ်လှကြည်အိမ်ပေါ်မှ ဖြိုးဖြက်စွာ ဗန်းကိုယ်စီနှင့် ဧည့်ခံမဏ္ဍပ်ထဲ ဆင်းလာကြသည်။ ဝန်ကြီး၏ နောက်နားကခုံတွင် လှတပတလေးတွေ ဝင်ထိုင်ကြသည်။

မိုးပျံလေဗူးဆရာနှင့် ဇိပိတ်ကလည်း မိုးပျံပူဖေါင်းသုံးတွဲနှင့် ဖဲကြိုးစကြီးကိုင်ပြီး စက်ခလုတ်ခုံရှိ သံချိပ်တွင် လာရောက်တပ်ဆင်သည်။ တစ်တွဲတွင် ပူဖေါင်းအလုံးငါးဆယ်ခန့် တွဲချိတ်ထားသဖြင့် ဟူးဟူးထ လွင့်ပျံနေသည်။

အခမ်းအနားမှူးက အစီအစဉ်ကြေငြာသည်။ နိုင်ငံတော် အလံ အလေးပြုပြီး ဝန်ကြီးက ထုံးစံအတိုင်း ရေးလာသော မိန့်ခွန်းကို ဖြန့်ဖတ်သည်။

ရေအကျိုးဆယ်ပါးကို ဌာန်ကရိုင်းမကျသော ပါဠိသံတွေနှင့် အရှည်ကြီး ရှင်းပြသည်။ ဦးအောင်မင်းစိန်လို ပုဂ္ဂိုလ်မျိုးတွေ နိုင်ငံတော် ခေတ်မီဒီမိုကရေစီစနစ် တည်ဆောက်ရေးတွင် အများကြီးလိုကြောင်းနှင့် နိဂုံးချုပ်သည်။

မတ်တပ်ညောင်းနေသော ပရိသတ်၏ ဝမ်းသာအားရလက်ခုပ်သံများ ဘဝင်ညံသွား၏။

အုပ်ချုပ်ရေးမှူး၏ အစီအစဉ်တွင်မူ သူပြောမည့် ရေအကျိုး



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ပါးကို ဝန်ကြီးက တစ်လုံးမကျန် ပြောသွားပြီး ဖြစ်ပါ၍ ဝန်ကြီး ပြောသွားတဲ့အတိုင်းပါပဲ ခင်ဗျာနှင့် နိဂုံးချုပ်သွားသည်။ ဦးချစ်က ထိထိမိမိ စကားတစ်ခွန်းပြောသည်။

"တော်ပါသေးရဲ့ကွာ၊ သူလည်း ဗန္ဓုလငယ်နာမည်ပဲ မောင် ရစ်တဲ့. . ."

"ဟုတ်ကဲ့. . အစီအစဉ်အရ စက်ရေတွင်းကြီးဖွင့်ပါတော့ မယ် ခင်ဗျ၊ ကျွန်တော်တို့ ဝန်ကြီးနှင့်တကွ အုပ်ချုပ်ရေးမှူး၊ အလှူရှင် ဦးအောင်မင်းစိန်တို့က စက်ခလုတ်ခုံရှေ့မှ ဖဲကြိုးကိုဖြတ်ပြီး ပြိုင်တူ စက်ခလုတ်ကို နှိပ်ပြီး. . ဖွင့်ကြမှာဖြစ်ပါတယ်၊ နေရာယူပေးကြပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား၊

ကျွန်တော်တို့ ပရိသတ်အပေါင်းက စက်ရေတွင်းကြီးဖွင့် လှစ်ပေးပြီးတာနဲ့ မန်းတောင်ရိပ်ခိုလို့ အမည်ရတဲ့ မြန်နန္ဒာသီချင်းနဲ့ ပျော်ပျော်ပါးပါးကကြမှာ ဖြစ်ပါတယ်ခင်ဗျား"

ဝန်ကြီးနှင့် အဖွဲ့တော်သူအဖွဲ့တော်သားများ. . ခလုတ်ခုံ စင်မြင့်ပေါ်သို့ ဧည့်ခံမဏ္ဍပ်ထဲမှ ကြွချီလာကြစဉ်. . မောင်ဆန်းက ရေခင်းဖွင့်သည်။

ကတ်ကြေးဗန်းကိုင် ချစ်ချစ်မွှေးနှင့်တွဲ၍ တက်လာသော အောင်မင်းစိန်က ရင်ဘတ်ကြီးကော့ထားသည်။

ယုဝက အကျယ်ကြီးထအော်သည်။

"ဗျို့. . စက်ဆရာ ကိုမောင်ဆန်း ဇေယျတုသဗ္ဗမင်္ဂလာ ဖွင့် ရမှာဗျ. ."





ကိုကျားကြီးက လင်္ကာသံနှင့်. . .

"အခါတော်ပေါ်. . ပေး. . ပေးပေး တာက. . ငတ် ရေး. . ငယ်. . ရွှေစာ. . ကောက်ညှင်းပေါင်းတွေ. . ပြောင်ရှင်း. . မကောင်းခြင်း. . ခုချိန်ခါ. ."

ပရိသတ် ဝါးခနဲ ပွဲကျသွားသည်။ မိုက်ခဲကိုအောင်ဝင်းက မိုက်နဲ့တောင်းပန်ယူရသည်။ အောင်မင်းစိန်က ယုဝကိုမကြည်ကြည့် လှမ်းကြည့်၏။ ဘေးက ကိုကျားကြီးက ဘုကြည့် ပြန်ကြည့်ပေးမှ လွဲသွား၏။

ချိပ်မှဖြုတ်ယူလိုက်သော မိုးပျံပူပေါင်းတွဲသုံးတွဲက ပျံသန်း ရန် ရုန်းကန်နေသဖြင့် ဖိပိတ်နှင့်နောက်နှစ်ယောက်က ကြိုးများကို ဝင်ထိန်းထားရသည်။ ပူပေါင်းများနှင့် တွဲဆက်ထားသော ဖဲကြိုးတန်း ကို ဝန်ကြီးကိုခြံရံ၍ အုပ်ချုပ်ရေးမှူးနှင့် အောင်မင်းစိန်က တစ်ဘက် စီမှ အသင့်နေရာယူ၍ ရပ်လိုက်ကြသည်။

ချစ်ချစ်မွှေး၏အလှက ထင်းခနဲ ဖြစ်နေသည်။ အဝါရောင် ရွှေမင်းသမီးလေးလို ဗန်းကိုင်ထားသည်။ ဝန်ကြီးက ကတ်ကြေးယူမှ ဘေးကလိုက်ယူသည်။ မိတ်ပုံတွေ တဖျတ်ဖျတ်ရိုက်နေ၍. . ကတ် ကြေးကိုယ်စီဟ၍ အိုင်တင်ခံ နေရသေးသည်။ ဝန်ကြီး၏ ပီအေတ တိုင်ပင်ခပ်တိုးတိုး ခေါ်ပေးသည်။

"ဝမ်း. . တူး. . သရီး. ."

"ဖွ!. . ဖွ!. ."

ဝန်ကြီးနှင့် အုပ်ချုပ်ရေးမှူး၏ ဖဲကြိုးက ပြတ်သွား၍ ဗန်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ် ကတ်ကြေးပြန်တင်လိုက်ကြသည်။

အလှူ့ဒကာတော် အောင်မင်းစိန်၏ ဖဲကြိုးက မပြတ်သေး၊ အားစိုက်၍ လေးငါးဆယ်ချက်. . ဂျလက် ဂျလက်. . မြည်အောင် ညှပ်သည်။ မပြတ်။ ကတ်ကြေးကို ဘယ်ပြန်ညာပြန် ကြည့်သည်။

ထပ်ညှပ်သည်။ မပြတ်။

"ဟော့ကောင်. . ဇိပိတ်. . ဇိပိတ်၊ ဒီကောင် ဘယ်ရောက်သွားလဲဟ. . ဒီမှာမပြတ်ဘူး"

ဇိပိတ်က ရုတ်ရုတ်သဲသဲ မဖြစ်ခင်ပင် ဝန်ကြီး၏ ဖဲကြိုးဖြတ်စနှင့် အောင်မင်းစိန်၏ ပိုးတိုက်ပုံ နောက်ကျောအောက်စကို စက္ကူချုပ်စက် စတက်ပလာနှင့် မသိမသာ တွဲညှပ်လိုက်သည်ကို သတိထားကြည့်နေသော ဝေချစ်ကိုနှင့် ယုဝကလွဲ၍ ဘယ်သူမှမသိလိုက်။

ဇိပိတ်က ချုပ်စက်ကို သူ့တိုက်ပုံအဖြူထဲ ပြန်ထည့်၍ ဘေးက ဝန်ကြီးဇနီးကိုင် ကောင်မလေးဆီ လက်ကမ်းသည်။

ပေါင်ကိုစမ်းမိသည်။

"ဟဲ့!. . သောက်ပလုတ်တုတ်၊ ဘာလဲ ကိုဇိပိတ်ရဲ့. . "

"ကတ်ကြေး. . ကတ်ကြေး၊ နင့်ဗန်းထဲက ကတ်ကြေး"

"ရော့. . ရော့. . "

"အာစရိ. . အဲ့ဒီကတ်ကြေးထားလိုက်. . ဒါနဲ့ညှပ်"

ပရိသတ်က မင်တက်မိကြောင်ငေးနေသည်။

အုပ်မှူးပူဖေါင်းတွဲက တက်သွားပြီ၊ ဝန်ကြီးပူဖေါင်းက တက်တော့မည်၊ အောင်မင်းစိန်သာ ကျန်နေသည်။ ကတ်ကြေးလဲ၍ ညှပ်





လိုက်မှ ပြတ်သွားသည်။

"လွတ်!. . လွတ်!. . "

ပူဖေါင်းတွေ ဝေါခနဲ တက်သွားသည်။

လက်ခုပ်ဝိုင်းတီးစဉ်. . .

"ဟာ!. . ဟာ!. . ဘာဖြစ်တာလဲဟ"

အောင်မင်းစိန်၏ ပိုးတိုက်ပုံကြီး လန်တက်လာသည်။

ပူဖေါင်းက လေအတိုက်နှင့် ထိုးအတက် ပိုးသားတိုက်ပုံတလက်ခုပ် မြောက်အတီးမို့. . ဝေါခနဲ လျှောထွက်ပါသွားလေတော့သည်။

သူ့ပူဖေါင်းတွဲအောက်တွင်. . ဝါထိန်နေသော တိုက်ပုံကြီးတန်းလန်းပါသွားသဖြင့်. . ပရိသတ် မိုးပေါ်ကြည့်၍ ဝေါခနဲ အသံထွက် လက်ညှိုးဝိုင်းထိုးကြစဉ်. . .

အောက်တွင် လက်တစ်ဖက်မပါသော အဝါနု လယ်ကတုံးဘေးခွဲအကျီနှင့် ကိုးရိုးကားယား စင်မြင့်ပေါ် ကျန်ခဲ့သော အောင်မင်းစိန်ဆီ တစ်မြို့လုံး လက်ညှိုးများ ကျရောက်လာပြီး တဟီးဟီး တဟားဟား အူနှိပ်ကုန်ပါတော့သည်။

ဝန်ကြီးက စက်ခလုတ်နှိပ်ရန်ပြင်ရင်း သူပါ လူကြီးတန်မဆံ့ ပါးစပ်ပိတ် ကြိတ်ရယ်နေပြီ။

"မထူးဘူး. . လာ အောင်မင်းစိန်. . ခွိခွိ. . နှိပ်. . နှိပ်. . နှိပ်. . ဒါနှိပ်ပြီးမှ ပြီးမယ့်ကိစ္စ. . ခွိ. . ခွိ. . လာနှိပ်"

ကတ္တီပါ ကန့်လန့်ကာကြီး ရွှေ့ပြီး ဝူးခနဲ ပေါက်ကွဲသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေါခနဲ ရေတွေထွက်ကျသံကို မြို့သူမြို့သားအပေါင်း၏ သောင်းသောင်းဖြဖြ တဝေါဝေါရယ်သံက ဖုံးလွှမ်းသွားစဉ် တေးသွားက စဝင်လာသည်။

"ချိုပြုံးရွှင်သော နှမပျိုရယ်. . တစ်ကိုယ်လုံးပင် ချောအလှပိုတယ်"

ဗန်းကိုင်သုံးယောက်လည်း ဗန်းတွေပစ်ချ၍ စင်ပေါ်တွင် ဖင်ပါထိုင်ချခါ ဗိုက်နှိပ်ရယ်နေကြလေသည်။

ဗီဒီယိုသမားတွေက လျှပ်တပြက် မတော်တဆ ရိုက်ချက်တွေကို မလွှတ်တမ်း ရိုက်နေကြစဉ်. . ရယ်မောပျော်ရွှင်၍ တေးသံစဉ်ထဲ ကသူက,က၊ ဟိုးမှာ. . ဟိုးမှာ. . ဟု မိုးပေါ်က ပြန်ကျလာသည့် တိုက်ပုံအဝါဆီ လူအုပ်က စွန်ပြတ်လုသလို ပြေးသူကပြေး. . တဟေးဟေး. . .

ကျွန်တော်တို့ဇာတ်လိုက်ကျော် အောင်မင်းစိန်ကတော့. . ဘယ်ဂယ်ပေါက်က ဘယ်လိုပျောက်သွားသည်မသိ။ ဦးချစ်က. . .

"ငါ မြင်လိုက်တယ် ဝေချစ်ကိုရေ. . အောင်မင်းစိန် ဒေါ်လှကြည် အိမ်နောက်ဖေးက ရေလောင်းအိမ်သာထဲ ဝင်ပြေးသွားတယ် ဟားဟား. ."

ဖိုးပိတ်က စပါကလင် လက်ကျန်မော့၍ ဝေချစ်ကို လက်မ မသိမသာထောင်ပြစဉ်. . ဝေချစ်ကိုက 'ကတ်ကြေး'ဟု လက်ဟန်နှင့် သတိလှမ်းပေးသည်။

"လာ. . . အစ်ကိုကျား ဒေါ်လှကြည်အိမ်သာတံခါးက. .





ဟဲဟဲ. . အပြင်က သော့ပိတ်လို့ရတယ်"

"ဟား. . ညီလေး မင်းအကြံနိပ်တယ် အပိုင်ပဲ၊ ဒီတစ်ခါ. မင်းဇာတ်ညွှန်းကို လူကြမ်းကျားကြီး သရုပ်အပီဆောင်မယ်"

ယုဝနှင့်ကိုကျားနှစ်ယောက်သား လည်ပင်းဖက်၍ ထွက်ခွါသွားကြသည်။ စင်ပေါ်က ရယ်နေသော ဗန်းကိုင်ချစ်မွှေးလေး၏အကြည့်က သူ့ဆီရောက်လာသည်။ အလွန်အရေးကြီးသော အခါသမယလေးပါ။

လက်ထောင်ပြရင်း လက်ညှိုး၊ လက်ငါးချောင်းနှင့် လက်မ လက်ညှိုးနှစ်ခါ ဝိုင်းပြလိုက်သည်။ ခေါင်းညိတ်ရင်း ပြန်ပြုံးပြသည်တို့တော့ ဘယ်သူမှမသိလိုက်ပါချေ။ ပရိသတ်စင်အောက်က တောင်းဆို၍ သူမတို့ ထ၍ကပါတော့သည်။

"မြနန္ဒာ နေညိုညိုရစ်ခါသန်းတော့
ရွှေမန်းတောင်ရိပ်. . တူ. တူ. ခို. မယ်
ပျိုဖြူ သဇင်ရယ်
မြ. လေး. လေး. နန္ဒာ. မှာ. ကွယ်
နေ. ညို. ညို. ရစ်. ခါ. သန်း. တော့. . ."


"ကျွန်တော်တို့ ပဒေသာရေစက်ဖွင့်ပွဲကြီး မကြုံစဖူး အောင်မြင်ပျော်ရွှင်စွာ ပြီးဆုံးကြောင်း. . ကြေငြာအပ်ပါတယ် ခင်ဗျား. ."





www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၁၀)

ဘိန်းစား ဝေမင်းစော(ခေါ်)ပေတလူးသည် မကျည်းပင်ပေါ် လင့်စင်ထိုး၍ တက်ယူနေ၏။ ကောင်းပြီး. . ကဗျာဉာဉ်. . စာဉာဉ် ဝင်နေ၏။ စိတ်ထဲက မော်ဒန်ကဗျာစပ်နေ၏။

ဩော်. . ကံဆိုးချက်များ ပြောပါတယ်
အလကားရတဲ့ မန်ကျည်းရွက်
တက်ခူးရောင်းတာတောင်

☺ ဇော်မြင့်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ငါးမတ်ရှုံးသေးတယ်

အပင်ရင်းက

ခုံဖိနပ် သူများသုတ်သွားလို့

အဟုတ်ပါ. . ဆို။

(ဟဲ့. . ရစ်သမ်ညီတယ်)

အင်း. . . နောက်တစ်ပြောင်းလောက် ထပ်တင်လိုက်ရရင်တော့ ဒီမကျည်းပင်ကြီးပါ တိမ်ပေါ်မောင်းယူသွားလို့ရမယ်. . . တောက်!. . အာရကေကမရှိ။ (အာရကေလည်း ခုတ်သားစပင်ဖြစ်သည်။)

ထိုစဉ် အဝါရောင်လေး လေထဲက လွင့်လာပြီး ဟိုးအပေါ်က အကိုင်းခြောက်မှာ လာချိတ်နေသည်။ မနောက အန့်ရသည်။ ဒါ တန်ဘိုးတစ်ခုခုရှိပစ္စည်း ဖြစ်ကိုဖြစ်ရမည်။ အာရကေနှံ့ သင်းခနဲဝဲလှည့်သွားသည်။ ဇတ်ခနဲထ၍. . ကုတ်ကပ်တက်ပြီးသား ဖြစ်နေသည်။

အစွန်အဖျားမှာ ငြိနေခြင်းဖြစ်သည်။ အနီးစပ်ဆုံးအထိရောက်လာပြီး တစ်ကိုယ်ရေဒဏ် မခံနိုင်တော့ကြောင်း မကျည်းကိုင်းက သတိပေးမှ အသေအချာ လှမ်းကြည့်မိသည်။

ပိုးသားတိုက်ပုံ အင်္ကျီအကောင်းစားကြီး ဖြစ်နေသည်။

အတွင်းက အလှတိုးထားသည့် ကင်းခြေများလေးပင် ဖတ်လတ်ဖတ်လတ်နှင့်. . ။

“ဂွျတ်!. . ဂွျတ်!. . ”





မကျည်းကိုင်းက ညွှတ်ရာမှ ကျိုးစပြုလာသည်။ လောဘဇောက တိုက်ပုံပေါ် ရောက်နေသည်။ သစ်ကိုင်းခြောက်ကို လှုပ်ချလျှင် အောက်တစ်ဆင့်သို့ တိုက်ပုံကျမည်။ အကိုင်းကြီးသည်။ ချိတ်နေပါက အေးဆေးသူလှမ်းယူနိုင်သည်။ သူခိုထားသော အကိုင်းတိုနေတာကို လုံးဝသတိမရှိ။ သစ်ကိုင်းခြောက်လှုပ်ရန် သူ့အကိုင်းတိုသူကိုယ်တိုင် လှုပ်ခါချသည်။

“ဂွျတ်!. . ဗျောင်း!. . ”

တိုက်ပုံကလည်း ပိုးသားမို့ လျှောခနဲကျလာသည်။

သစ်ကိုင်းကျိုးကျ၍ ဂွမ်းထိုးမှောက်ခုံ ဖြစ်နေသည့်ကြားက တိုက်ပုံအင်္ကျီကို ညာလက်နှင့် ရအောင်လှမ်းဆွဲရင်း ဘယ်လက်ကမိရာအကိုင်းကို ဖမ်းဆွဲသည်။ တွဲလောင်းကြီး တင်နေသည်။ တိုက်ပုံလည်း ရင်ဝယ်ပိုက်မိပြီ။ ပါးစပ်နှင့်ကိုက်၍ မိရာအကိုင်းမှ ပင်စည်ပေါ် ပြန်ရောက်လာသည်။ ခြစ်ရာရှရာတွေကို ပေတလူး လုံးဝဂရုမစိုက်။ ရွှတ်ခနဲ သူဆွတ်ခဲ့သော အောင်ပန်းကို မွှေးသည်။

“တိုက်ပုံလေးက မွှေးနေတာပဲ. . ဟာဟ”

ပဒေသာရေစက်ဖွင့်ပွဲတွေ၊ ဝန်ကြီးလာမည်တွေ ဘာတစ်ခုမှ ပေတလူး(ခေါ်)ဝေမင်းစောမသိ။ လင့်စင်ပေါ်ရောက်မှ အင်္ကျီကိုအသေအချာ ကြည့်မိသည်။ အိတ်ကပ်ရှိသမျှ နှိုက်ကြည့်မိသည်။ တိုက်ပုံအပေါ်အိတ်ကပ်ထဲမှ ဂဏန်းတွေရေးထားသော စာတိုလေးတစ်စောင် ထွက်လာသည်။ ပြန်ထည့်ထားလိုက်၏။ သူက စာအတတ်၍ ဘာမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



သူသိသည်က. . လည်ဂုတ်ရှိ အကျီချုပ်ဆိုင်တံဆိပ်ပေါ်က စကြာအမှတ်အသား။ ဒါ. . ဦးချစ်ဆိုင်ကချုပ်သော တိုက်ပုံအကျီ ဖြစ်သည်။ ပေါက်ဈေးနှင့် တန်ရာတန်ကြေးကို ဦးချစ် ဧဝကံ အမှန် သိကိုသိရမည်။ ဦးချစ် ခေါင်းထဲဝင်လာသည်။

ပေတလူး လင့်စင်ပေါ်မှ အကျီကို ရိုရိုသေသေခေါက်၊ ပါး စပ်နှင့်ကိုက်၍ ဆင်းလိုက်သည်။

တစ်ပြောင်းမက. . ဆယ်ပြောင်းတောင် ရချင်ရနိုင်သည် လေ. . ဟေဟေ. . . ။

"ဦးချစ်"

"ရေလကွာ. . ဘာလဲ ပေတလူး"

"ဦးချစ် မိုးနတ်မင်းကို တိုက်ပုံအကျီတွေဘာတွေ ချုပ်ပေး ဖူးသလား"

"ဘယ်လိုမှ မပတ်သတ်ရပါဘူးကွာ ဘာဖြစ်လို့လဲ"

အပ်ချုပ်စက်ရှေ့ လာရပ်သော ပေတလူးမေး၍ စက်ချုပ် ရင်း ဦးချစ်က မော့ဖြေခြင်းဖြစ်သည်။ ပေတလူးက မျက်လုံးစင်းစင်း နှင့်. . .

"မိုးနတ်မင်းက ကျွန်တော့်ဆီ တိုက်ပုံတစ်ထည်လှမ်းပို့တယ် ဦးချစ်ရဲ့ စကြာတံဆိပ်နဲ့"

"မှန်း!. . ပြစမ်း"

ကျောဘက် ခါးကြားထိုးထားသော(သူ၏ ဂွမ်းထိုးမှောက်ခုံ ဖမ်းထားရသည့်)အောင်ပန်းကို ပေတလူး စမ်းလိုက်သည်။ ယူလိုက်





၏။

"ဒါ. . ဘယ်လောက်တန်သလဲပဲ ကျွန်တော်သိချင်တာပါ"

ဦးချစ်ပါးစပ် အဟသွားဖြစ်သွား၏။

"ဒါ. . ဒါ. . မင်းဘယ်ကရတာလဲ"

"မိုးနတ်မင်းက ကျွန်တော့်ဗိမာန်မှာ လာချိတ်ပေးထားတာ ပါဆို. . မယုံလည်းနေဗျာ"

ဦးချစ် ဆက်စပ်၍ ရသွားသည်။ မနက်က လေကြောင်းက ပေတလူးနေသော သပြေရိုးကုန်းဘက် သင့်နေခဲ့သည်။

"အဲ့ဒီ အပေါ်အိတ်ထဲမယ် ဂဏန်းတွေနဲ့ စာတစ်စောင်ပါ တယ်၊ ဟဲဟဲ. . ကျနော်က ချဲမထိုးဘူး၊ ဗမာစာတွေဆိုတော့ မဖတ် တတ်ဘူး. . "

"အေးပေါ့. . မင်းက အမေရိကားပြန်ကိုး. . ပြစမ်း"

(၀၉၄၂ သို့ဆက်သွယ်၍ ဆုငွေလာထုတ်ပါ။

*** ဘယ်သူ့မှ မပြောပါနှင့်. . . ။)

စာတိုလေးက ဒါပဲဖြစ်သည်။

"ကဲ. . ပေတလူး မင်းဒီအကျီကို ဘယ်လောက်ရရင် ရောင်း မလဲ"

"အွန်. . ဒါ ဘယ်လောက်တန်သလဲ သိချင်လို့ ဆြာချစ်ကို အရင်ဆုံး လာပြတာလေ"

"မင်းဘယ်သူ့ကိုမှ မပြသေးတာ သေချာတယ်နော်"

"မိုးနတ်မင်းရယ် ကျွန်တော်ရယ် ဆြာချစ်ရယ်ပဲ သိပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆို. . ”

“အေး. . မင်းခဏစောင့်ဦး. . ထိုင်ကွာ”

စာရွက်တိုလေးကိုင်၍ ဦးချစ် ဟိုဘက်က စတိုးဆိုင်ဘက် ထွက်သွားသည်။ ခဏအတွင်း ပြန်ရောက်လာသည်။ နောက်ဆုံး စတိုးဆိုင်က ခဏချေးလာသော ငါးထောင်နှင့် စျေးတည့်သွားလေသည်။ ပေတလူး အူမြူးစွာ ပြန်ရန်ပြင်စဉ်. . .

“ဟော့ကောင် ပေတလူး၊ ဒီကိစ္စ မင်းရယ် ငါရယ် မိုးနတ်မင်းရယ်ပဲသိတာ သေချာတယ်နော်”

“ကျွန်နော် ဘိန်းပဲရှူတာ. . ဒီတစ်ပါးပဲ မလုံတာပါဗျာ၊ ညာ မပြောတတ်ဘူး ”

အမှန်လည်း ပေတလူးမညာပါ။ အလာတုန်းက လောင်ကီး (ခေါ်)သိန်းကြည်ရွှေ၏ အပေါင်ဆိုင် ဝင်ပြခဲ့သေးသည်။ သုံးထောင် ဂိတ်ဆုံးပေးသည်။

သိန်းကြည်ရွှေ၏ အပေါင်ဆိုင်နှင့် အရက်ဆိုင်နာမည်က မိုးနတ်မင်း ဖြစ်သည်။









# အခန်း(၁၁)

အမြည်းကောင်းကောင်း အရက်ကောင်းကောင်း မစားရမသောက်ရတာ ကြာပြီဖြစ်သော ဦးချစ်ကို ဂျော်နီလမ်းလျှောက်နှင့် အမြည်းအစုံအလင်နှင့် ဝေချစ်ကို သူ့အိမ်တွင်ပင် ဧည့်ခံနေသည်။

“ခုလိုဆိုတော့ မင်းအဖေ အစ်ကိုစိုးမြင့်ဝေကို သတိရသွား မင်းအဖေက အရက်ကောင်းကောင်း အလွန်ကြိုက်တာ၊ နည်းနည်းလေး ဝင်သွားပလားဆို ဘယ်ကဘယ်လို ဟာသဉာဏ်တွေ ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



လဲမသိဘူး ပါးစပ်ကိုစိရဘူး၊ သူ့ပါးစပ်က ဟာသအသစ်တွေချည်းပဲ ထပ်တယ်ကိုမရှိဘူး တပွက်ပွက်ထွက်လာပါလေရော၊ ခါးအောက်ပိုင်း ဟာသတွေကိုလည်း ညစ်ညမ်းစကားလုံးမပါဘဲ မိန်းမကြားတောင် နားယဉ်အောင် ပြောတတ်သပေါ့ကွာ၊ အပျိုကြီး မလှကြည်ဆို အရက်ခေါ်တိုက်ပြီး မင်းအဖေဟာသကို သေးပါအောင် ရယ်လေ့ရှိပေါ့. . .”

ဦးချစ်က မလှကြည်ဟုပြောမှ မနက်က ကျားကြီးနှင့်ဖိုးပိတ်ဒေါ်လှကြည်အိမ်သာထဲ ပြေးပုန်းနေသော အောင်မင်းစိန်ကို ဘာတွေ သွားလုပ်ကြသနည်းဟု သတိရလာသည်။

“ယုဝနဲ့ ကျားကြီးကော ဦးချစ် ”

“အဲ့ဒီနှစ်ကောင် မလှကြည်အိမ်သာရှေ့ကနေ ခုတ်သားစတွေ ရလာပုံပေါ်တယ်၊ ဖိုးပိတ်အိပ်နေတာကို လာနှိုးပြီး ထတော သွားကြထင်ပါရဲ့၊ ကဲ. . . လုပ်ပါဦးကွ ဒီတိုက်ပုံဇာတ်လမ်းက”

ဝေချစ်ကိုက ဘဲကင်ကောက်ဝါးရင်း. . .

“အဲ့ဒါကို ပြောချင်လို့. . ဦးချစ်ကို ဝိုင်းတည်ပေးတာပါဗျာ၊ ကွန်ဖက်ရှင်းလို့ခေါ်တယ်. . ဖြောင့်ချက်ပေးချင်လို့ပဲ ဆိုပါတော့ဗျာ၊ ဇာတ်လမ်းက ဦးချစ်အိမ်ကပဲ စတာလေ. .”

“ဟေ. .”

“ဖိုးပိတ်က ကြေကြေကွဲကွဲ လာပြောတော့. . သူ့လယ်ကတုံးအကျီအဝါ အချိန်မီမပြီးလို့ မနက်ကောညနေပါ သူ့အဖေကို အောင်မင်းစိန် နှစ်ပြားမတန်အောင် ပြောဆိုတာကိုလေ. . တော်ရုံလူဆိုသုံးဆပြန်အမ်းပြီး ရိုက်ချချင်တာတဲ့. .”





“ငါ့သားပဲ. . ငါ့ဇတော့ ရှိသက္ကွ. . ဂလု!. . ဂွပ်!. .”

“အဲ့ဒါနဲ့. . မင်းဘောစိကို မင်းပညာနည်းနည်း မပေးချင်ဘူးလားဆိုတော့ နည်းနည်းမှတ်ဘူး များများပေးချင်နေတာတဲ့. . အဖေ့တူသားဆိုတော့. . ဟင်းဟင်း”

သူလည်း ကိုကာကိုလာထဲ ဂျော်နီနှစ်ပက်ခန့် ရောလိုက်သည်။

“ကျွန်တော်ကလည်း အောင်မင်းစိန်နဲ့ ပတ်သက်ရင်. . ဒဏ်ရာဒဏ်ချက်က ခုထိမပျက်နိုင် မပျောက်နိုင်သေးဘူးဗျာ(မော့သောက်လိုက်ပြီးမှ)၊ တင်တင်ဇော်ဟာ ကျွန်တော့်ငယ်ချစ်ကလေးဆိုတာ ဦးချစ်သိပါတယ်၊ တင်တင်ဇော်ရှေ့မှာ ကျွန်တော်အကြိမ်ကြိမ် သိမ်ငယ်အောင် ဒီကောင်လုပ်ခဲ့တယ်”

နာကျင်မှုအဖျားဆွတ်သော ဝေချစ်ကို အသံကြောင့်. . ငုံ့လက်စ အရက်နှစ်စက်သုံးစက် ဖိတ်သွားသည်။ မှန်စားပွဲက ပြောင်လက်နေသည်။ ဦးချစ်က ဖိတ်နေသောအရက်စက်တွေကို လက်ညှိုးနှင့်သပ်၍ ပွတ်ခနဲစုတ်ရင်း. . .

“ငါလည်း ရိပ်မိခဲ့တယ်၊ မင်းအတော်သည်းခံခဲ့ရမှာပဲ”

ဝေချစ်ကို ညစ်သွားမည်စိုး၍ ဦးချစ်က ဖေ့ါဖေးရန် စကားခံသည်။

“အရမ်းသည်းခံခဲ့ရတာပေါ့ဗျာ၊ ကျွန်တော်ကွမ်းယာသည်သားမှန်း. . ခဏခဏ သတိရနေဖို့ တင်တင်ဇော်ရှေ့မှာ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



အမြဲလုပ်တယ်"

(သောက်ခဲသော)ပြောခဲသော ငယ်စဉ်ခံစားမှုများ၊ ဝေချစ်ကို ရင်အစုံ အုံကြွလာသည်။ ဦးချစ် ဖေ့ါပေး၍မရတော့။ ပေါက်ကွဲပလေ့စေတော့။

အသိနုနုတွင် သံမှိုစွဲနေသော၊ အသည်းနုနုတွင် ဒဏ်ရာစွဲနေသော မြှုသိပ်ခဲ့ရသူ၏ စိတ်အုံ့ဖတ်များဟု ကဗျာဆန်သော ဦးချစ် တွေးသည်။ ပင့်တောင်ပေးလိုက်မိသေး. . .။

"အဲ့ဒီခွက်မော့လိုက် မောင်ဝေချစ်ကို၊ ပြီးရင် မင့်ဒဏ်ရာတွေ အံထုတ်. . ဦးချစ် တကယ်နားထောင်ချင်လာလို့ပါ. . မင်းက ဒါမျိုးပြောခဲလို့ပါ. ."

"ဟုတ်တယ် ကျွန်တော့်ဒဏ်ရာကို အံထုတ်တာပါပဲ "

သူ မော့ချပစ်လိုက်သည်။ အငဲ၏ နှံ့သီချင်းကို ခပ်ပါးပါး ထဖွင့်လိုက်သေးသည်။

ဒဏ်ရာတွေ မော့သောက်ခါ. .

ဝေဒနာအလွမ်း ဆေးရေးချယ်ရင်း. . .

ကျုံဝင်နေတဲ့ အချစ်နွံ

ဘယ်လိုများ ရုန်းနိုင်မလဲ. . .

"သူဌေးသား၊ ကားအုံနာသား ဖြစ်ချင်တာပေါ့ဗျာ၊ ကွမ်းယာသည်သား ဘယ်ဖြစ်ချင်မှာလဲ၊ ဘယ်သူကကော ဖြစ်ချင်မှာလဲ၊ ဒီကိစ္စက ကျွန်တော်ရွေးချယ်ခဲ့ရတာမှ မဟုတ်တာ. ."

ဦးချစ်က ကိုလာနှင့်ဝီစကီရောပေးသည်။ သူ့ရှေ့တိုးပေး





သည်။ တင်တင်ဇော်တို့မိဘများက အထည်ကြီးပျက်ဟု အရပ်စကားနှင့် လွယ်လွယ်ပြောကြပါစို့။ ဟန်မပျက်တော့ နေနိုင်သေးသည်။ လေးတန်းကတည်းက ချစ်သူငယ်ချင်းမလေး ဖြစ်သည်။

မုန့်မှုစားနေကျဆို မြင်လောက်ပြီ။ ငယ်ငယ်တည်းက. . အသက်ဝင်နေသော ဗိုလ်မရုပ်ကလေးလိုလှသည်။ ဗိုလ်လည်းဆန်သည်။

"နင်နဲ့ငါနဲ့ နမ်းကြည့်ရအောင်"ဟု ဝေချစ်ကိုလေးကို ဘိုဆန်ဆန် သူမကပင် စပြောဖူးသည်။

ဦးချစ် မရိုးမရွ ဖြစ်သွားသည်။

"အဲလိုပြောတော့ မင်းက. . ."

"ထားပါ ဦးချစ်ရာ၊ ကဲ. . ချီးယားစ်"

"ခွပ်!. . ချွင်!. ."

ပြိုင်တူမော့၍ ခွက်ပြန်ချသည်။

"အဲ့သလိုနဲ့ အရွယ်ရောက်လာတယ်"

"မင်းကွာ. . ဟုတ်ကော့လုပ်ပြီ၊ ကဲ. . အရွယ်ရောက်တော့ကော အဲ့ဒီစကား ပြောသေးလား"

"ပြောစရာမလိုတော့ဘူးလို့ပဲ ထားလိုက်ပါတော့ဗျာ. . ကျွန်တော်နာကျင်တာက. . အဲ့ဒီအရွယ်မှာ မိဘဆင်းရဲတာကို ရှက်တတ်နေသေးတယ်၊ ဂုဏ်ငယ်တယ်ပေါ့ဗျာ. . လူပျိုပေါက် ရှစ်တန်းလေ၊ ဒီကောင် တင်တင်ဇော်ရှေ့မှာ ကွမ်းယာအမြဲမှာတယ်၊ မနက်ကျောင်းလာရင် ကွမ်းငါးရာဘိုး အမြဲထုပ်ခဲ့ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါးရာဘိုးရောင်းလည်း ရောင်းရတာပါပဲ၊ မိသားစုဝင်ငွေလေ. . ဒါပေမယ့် ကျနော်စုတယ်. . ဒီကောင်ရှစ်တန်းနဲ့ ကျွမ်းစွဲတာပေါ့. . ဟင်းဟင်း”

သရော်ရယ်ရယ်သည်။ ကျုံနေသော မျက်မှောင်က မပြန့်။

“ရှစ်တန်းကျမှ ဒီကောင်က ရန်ကုန်က ပြန်ပြောင်းလာတာဆိုတော့ မြို့သားသူဌေးသားပေါ့ဗျာ၊ မိသော်ရဲ့ သူငယ်ချင်းအသစ်၊ ရုပ်ကလည်းရှိတော့ မိသော် သူ့ကိုအရေးပေးလာတယ်၊ ဒီကောင်က ရွှေတွဲလွဲ ငွေတွဲလွဲနဲ့ပေါ့ဗျာ. .”

ဦးချစ် အရက်ထပ်စုပ်သည်ကို သူစောင့်ရင်း. .

“ဘာနေ့ ညာနေ့ဆိုရင်လည်း လက်ဆောင်တန်ဘိုးကြီးတွေ သူကပေးနိုင်တာပေါ့၊ ရင်ထဲက ကဗျာတွေနဲ့အတူ. . ကျွန်တော်က ပို့စကာဒ်လောက်ပေးနိုင်တာလေ”

ဝေချစ်ကို မျက်ရည်ဝဲလာသည်။

“ဒီကောင့် ကွမ်းယာဖိုးတွေနဲ့ စာဖတ်ရင်း၊ စာအုပ်ဝယ်ရင်း ကျွန်တော့်ဘဝ စခဲ့တာ ဦးချစ်ရ၊ အဲ့ဒီကနေ စပွားတာ၊ လိမ္မာပါးနပ်မှုဆိုတဲ့ အသိပညာ၊ လက်စားဘယ်လိုချေရမယ်ဆိုတာ၊ သူ့ထက်ချမ်းသာအောင် ဘယ်လိုလုပ်ရတယ်ဆိုတာ၊ စာအုပ်တွေထဲက ရပါတော့တယ်၊ အခုအချိန်မှာ ကျွန်တော့်မှာနေအင်အား ဒီကောင့်ကို ဝယ်လို့ရနေပြီ၊ ဘယ်သူ့မှမပြောနဲ့ ဦးချစ်. .”

“မင်း အဲ့သလောက် ချမ်းသာနေပလား၊ သိသိပ်လိုက်တာကွာ. . မင်း ဒီပြင်ဘာစီးပွါးလုပ်တာလဲ”





“စီမံကိန်းတွေကြည့်ပြီး ဖြစ်နိုင်ချေသေချာရင် ရွှေဝယ်ထားပေါ့ဗျာ၊ ပြန်ရောင်းရမယ့်အချိန် ကွက်တိသိနေတာမို့ပေါ့. သတင်းကြီးတွေ နားစွင့်တတ်ရတယ်. .”

တစ်ခွက်မော့အပြီး အမြည်းတွေ အားပါးတရ စားနေပြန်သည်။ စားရင်း. . .

“သတင်းနားစွင့်ရမှန်း၊ စာဖတ်ရမှန်း မသိတဲ့. . အောင်မင်းစိန် အခု ဟန်ပဲရှိတော့တယ် အဆံမရှိတော့ဘူး၊ ကျွန်တော်သူ့ဟန်ပြ ဘဏ်စာရင်းကအစ သိတယ်”

ထပ်သောက်လိုက်သေးသည်။

“ကျွန်တော် လှလှပပ လက်စားချေချင်လို့ ဟာသဉာဏ်နဲ့ ဒီကောင့်ကို ဆော့နေတာ၊ မိသော်. . အဲ. . တင်တင်ဇော်က မိဘ သွန်သင်မှုကြောင့် ငွေမက်တယ်၊ နောက်ဆုံးတော့ ငွေကြောင့်ပဲ ဒီကောင့်လက်ထဲ ပါသွားတယ်၊

ဒီကောင် ဘာမှမဘာရခင် သူထက်ချမ်းသာတဲ့ သူဌေးသားလက်ထဲ ကျွန်တော် ထည့်ပေးလိုက်တယ်၊ ဟိုကောင်က တကယ်ချမ်းသာတယ်၊ မိသော်ကိုတကယ်ချစ်တယ်. . တကယ်ယူတာ၊ အဲဒီဇာတ်ညွှန်းလည်း ကျွန်တော်ပဲရေးတာ၊ အသည်းကတော့ ဖြန်းဖြန်းကွဲနဲ့ပေါ့ဗျာ. . .”

မျက်ရည်တွေ ကျလာသည်။ ဝေချစ်ကိုအသံတွေ အဖျားခတ်တုန်ခါတိမ်ဝင်သွားသည်။

“နောက်တစ်ယောက်. . . ကျွန်တော်သိပ်ချစ်တဲ့ ချစ်ရွှေ



www.burmeseclassic.com

www.burmeseclassic.com



လေး၊ ဒီကောင်လိုက်လုနေပြန်ပြီ၊ ကျွန်တော်က ကျွန်တော် အောင်မင်းစိန်ထက် ချမ်းသာနေတာကို ထုတ်မပြဘူး၊ ချစ်မွှေးလည်း မသိဘူး၊ ကျွန်တော်ပေးမယ့် လက်ဆောင်တောင် တန်ဘိုးတောင်းတာ ဟင်းဟင်း. . ချစ်မွှေးလည်း ကျွန်တော့်ကို ခုထိကွမ်းယာသည်ပဲ ထင်နေတယ်၊ ဒီလိုပဲ ထင်နေစေချင်တယ်"

ပြောရင်း စိတ်ထဲ ထောင့်ငါးရာကိစ္စက ဝင်လာသည်။ နှစ်ဦးချင်းသာသိသော ထောင့်ငါးရာကိစ္စကို လူပုံအလည်မှာ သူချစ်မွှေးကို မတော်တဆ လုပ်ပြခဲ့သည်။ ကိုယ်ဟန်အမူအယာနှင့်လေ. . ။

ပွဲတော်ရိုက် ဗွီဒီယိုကင်မရာသုံးလုံးစလုံး စင်အနီးပတ်ဝန်းကျင်မှာ ရှိနေခဲ့တာကို သူသတိပြုမိသည်။ ချစ်မွှေးနှင့် သူ့အမူအယာ ပါသွားနိုင်သည်။ သူ ဦးနှောက်ထဲ လင်းခနဲ လက်ပြန်သည်။

မတော်တဆ ကောင်းကွက်ဖြစ်၏။

ထပြိုင်နက်၌ ဇိပိတ် အမူအရာတွေ သရုပ်ဆောင်ချက်တွေ ဟု. . ထန်းခနဲ သတိရလိုက်သည်။ တိုက်ပုံနဲ့ ဖဲကြိုးနဲ့ ချုပ်နေတာများ ပါသွားပါက. . ၊ အင်း. . အောင်မင်းစိန်ကလည်း သူ့တိုက်ပုံ ဘယ်လိုချိတ်ပြီး ဘယ်လိုပါသွားသလဲ တွေးနေမှာ။

ဇိပိတ်ကို ကာကွယ်ရမည်။

"နေဦး ဦးချစ်. . အရေးတကြီး ကျွန်တော်ဖုန်းဆက်စရာရှိလာတယ်"

မနက်က ရေစက်ဖွင့်ပွဲ ရိုက်ကူးရေးအဖွဲ့၏ ပင်မတည်းဖြတ်သူ ကိုမျိုးခိုင်ဆီကို လှမ်းဆက်ခြင်းဖြစ်သည်။





"လာခဲ့လေ ကိုဝေ၊ ကိုဝေလာမှ တပည့်ကြီး တည်းဖြတ်ပါမယ်၊ အရမ်းသဘာဝကျတဲ့ လျှပ်တပြက် အကွက်တစ်ကွက်တော့ ကျွန်တော်တွေ့ထားနှင့်ကြောင်းပါ အာစရိ"

"ဘယ်သူ့မှမပြနဲ့ဦးနော် မျိုးခိုင် ငါတည်းဖြတ်မယ်၊ အရေးကြီးလို့ကွာ. . "

"ရက်(စ်)ဆား"

ဖုန်းပိတ်လိုက်သည်။ ဦးချစ်က ဘာမှနားမလည်။

သူက မျိုးခိုင်အား ငွေစိုက်၍ ကွန်ပျူတာဝယ်ပေးပြီး တည်းဖြတ်စနစ် ဆော့ဖ်ဝဲလ်ပါ ရှာ၍ သင်ပေးထားသူလေ။ ချမ်းသာလို၍ အရာရာကို သင်ယူတတ်မြောက်ထားသော ဝေချစ်ကိုလေ. . . ။

"ဘာတွေဖြစ်နေတာတုန်း မောင်ဝေ"

"ကျွန်တော်ချစ်တဲ့ ဇိပိတ် ဘာအန္တရာယ်မှ မရှိအောင်ပါ ကျွန်တော် ကာကွယ်ရမယ့် တာဝန်ရှိတယ်"

"ဟာ!. . ငါ့သား ဘာအန္တရာယ်ရှိနေလို့လဲ မောင်ဝေ"

"ဇိပိတ်က သူ့အဖေကို စော်ကားလို့ ပညာပေးတာ၊ ကျွန်တော်က ကျွန်တော့်မွေးရာပါဘဝကို စော်ကားလို့ လှလှပပ လူပုံအလယ် ဟာသဖေါက် လက်စားချေတာ၊ ကျွန်တော့်ဇာတ်ညွှန်းကို အစိက ဇိပိတ်သရုပ်ဆောင်တာ. . "

"ငါ့လည်းရှင်းအောင် ပြောပြပါဦးကွာ"

ကိုလာချည်းပဲ အဝမော့ချလိုက်သေးသည်။ ပြီးမှ. .

"ဒီလိုဦးချစ်ရေ၊ ဇိပိတ်ကပြောတယ် အဲ့ဒီ လယ်ဂတုံးအတိုး



www.burmeseclassic.com

www.burmeseclassic.com



ကို ဒီအတိုင်း တိုက်ပုံနဲ့ဖုံးပြီး ဝတ်လိုက်မယ်. . ဆိုရော. . ကျွန်တော် အကြံပေါ်လာတာ၊ သူညှပ်မယ့် ကတ်ကြေးကို ခါးသွေးကျောက်နဲ့ ဖောင်းသိမ်းခိုင်းတယ်၊ မနက်အစောကြီး အောင်မင်းစိန်က ဖိပိတ်ကို ခေါ်ထားတော့ ဖုန်းနံပါတ်နဲ့ ဆုငွေစာတိုလေးရေးပြီး အပေါ်အိတ်ထဲ မသိမသာ ထည့်ခိုင်းလိုက်တယ်၊ အပေါ်အိတ်ထဲ ရုတ်တရက်ဘယ်သူမှ မနှိုက်ဘူးလေ"

"မင်း. . ဘာလို့ အဲ့ဒီတိုက်ပုံ ပြန်ယူချင်တာလဲ"

"တဲ. . အဲ့ဒီအကျီ်ထုတ်လိုက် ကျွန်တော်ပြမယ်"

ခုမှပင် ဦးချစ်က ခါးကြားက အောင်မင်းစိန်တိုက်ပုံကို ထုတ်၍ စားပွဲပေါ်တင်သည်။ ဝေချစ်ကိုက ဆွဲဖြန့်၍ ကျောဘက်အောက်စနား လျှောက်ရှာသည်။ သေချာအောင်ရှိနေသည်။

"ဟောသမှာတွေ့လား ဦးချစ်၊ စာအုပ်ချုပ်တဲ့ ကလစ်လေးနှစ်ချောင်း ဒီမယ်ကပ်နေတယ်၊ မတော်တဆ ဒီအကျီ် ဒီအတိုင်း ဟိုကောင့်လက်ထဲ ပြန်ရောက်သွားရင်. . စင်ပေါ်မှာ ရက္ကုချုပ်စက် တဂျပ်ဂျပ်ကိုင်နေတာ ဘယ်သူလဲ. . ဖိပိတ်လေ၊ သူ့နောက်ကျောကို ခါးနဲ့ဘယ်သူထိုးတာလဲဆိုတာ တန်းပေါ်မှာပေါ့"

"အေးဟ. . မင်းအတော်ပြေးတဲ့ကောင်ပဲ၊ စွေလည်းစေ့စပ်လှသကွာ"

"ဒါကြောင့် ကတ်ကြေးကိုလည်း အသစ်နဲ့ပြန်လဲခိုင်းထားတယ်၊ ဟိုကောင်က ကတ်ကြေးအသစ် မပြတ်တာကို သံသယဝင်ရင်. . ရှာရင် ကျောက်စားထားတာ မမြင်အောင်ပေါ့"





"သပ်သပ်ရပ်ရပ်ပါကွာ၊ တကယ်ပဲ မင်းအကွက်က တတယ့်ကို ထောင့်စေ့နေတာပါပဲလား၊ ဒါနဲ့ ဒီဖုန်းနံပါတ် မတော်တဆ တိုကောင်နှိုက်မိရင် မင်း ဘယ်လိုလုပ်မလဲ၊ အမြစ်က ပေါ်မှာလေကွာ"

"ဟင်းဟင်း. . အဲ့ဒီ နံပါတ်ကို ဦးချစ်တစ်ယောက်ပဲ ဆက်သေးတာ၊ ကဒ်အသစ် ဝယ်ထားတာလေ"

"ဝေချစ်ကို မင်းကတော့ စံပါပဲကွာ"

"မစံသေးဘူး ဦးချစ်ရ. . ခံရမယ့်အကွက်တွေ ကြံပြီးကာရဦးမယ်၊ အဲ့ဒီ ရေစက်ဖွင့်ပွဲအခွေက ထွက်လာမှာလေ. . ဝန်ကြီးပါ ကြည့်မှာလေ"

သီချင်းပိတ်၍ ဗီဒီယိုစက်ဖွင့်သည်။ ရီမုဒ်လှမ်းပေးရင်း. .

"ကဲ. . သောက်နှင့်၊ ကျွန်တော် ဆင်ဆာသွားဖြတ်ရဦးမယ်၊ သောက်ရင်းစာရင်း ကြိုက်တဲ့အခွေ ထိုးကြည့်နေဗျာ၊ ခင်ဗျားကိုအိမ်အပ်ခဲ့တယ် ဦးချစ်ကြိုက်မယ့်အခွေတွေက ဒီအောက်ကစင်ပေါ်မှာ"

"ဟေဟေ. . မင်း ရင်ဖွင့်တာက ရေမီးအစုံအလင်ပါလားကွာ၊ ပျော်စရာကြီး. . အဟီး"

ဤသို့ဖြင့်. .

ဤသို့သော ဝေချစ်ကိုသည်. . .





www.burmeseclassic.com

www.burmeseclassic.com

“မြန်မာစကားပုံတစ်ခုကို
ဂဏန်းနဲ့ချရေးလို့ရတယ်”
“အဆန်းပါလား ဘယ်လို”
“10, 1, 9, 100”
“ဘာလဲဟ”
“ဆယ်ရေး တစ်ရေး ကိုးရေး တစ်ရာ...လေ”







# အခန်း(၁၂)

“ဟ!. . အာစရိ မသောက်စဖူး. . အာစရိဆီက အနံ့ရတယ်”

“ဟုတ်တယ် အမူးသောက်မလို့ပဲ အရေးပေါ် လုပ်စရာရှိလို့ ညက်ရွှင်နေတုန်းလေး၊ ကဲ. . ထည့်စမ်း အားလုံးကြည့်ရအောင်”

“ကျွန်တော့်အကြိုက်ဆုံးကဒ်ကို. . နောက်ဆုံးမှ ကြည့်ရအောင်အာစရိ. . နော်”



www.burmeseclassic.com

www.burmeseclassic.com



သူက ဆုံလည်ပေါ် ပစ်ထိုင်ချရင်း ok ဟု မျိုးခိုင်ကို ပြန်ပြောလိုက်သည်။ ရီမုဒ်နှင့် လိုသည်အထိ ရစ်လိုက်သည်။ ဖဲကြိုးဖြတ်ချိန် တိခနဲ ဖမ်းလိုက်သည်။

အောင်မင်းစိန် ဖဲကြိုးဖြတ်ခါနီး သွားကြီးဖြီးနေပုံ။

ကတ်ကြေး . . အနီးကပ် ဝန်ကြီးလက် . . တိခနဲပြတ်သွားသော ဖဲကြိုးလေး လေထဲဖလပ်ဖလပ်လွင့်ကာ အောင်မင်းစိန် ဖဲကြိုးမပြတ်။

ဂျပ်. ဂျပ်. ဂျပ်. ဂျပ်. . လေးငါးချက် ဆက်ဖြတ်. . မပြတ်ငုံ့ကြည့်ရင်း ဖြီးနေသောသွားကြီး နှုတ်ခမ်းက ပြန်ငုံသွား။

ဂျပ်. ဂျပ်. . သူ့အနေး ခလုတ်နှိပ်လိုက်သည်။ အောင်မင်းစိန် မျက်ခုံးတွန့်ကွေးလာ ကျောတွင် ဖဲကြိုးလေး (ဝန်ကြီးဆီမှလွင့်ခါ) တဖတ်ဖတ် လာရိုက်နေစဉ် သူခဏ pause လိုက်သည်။

"မျိုးခိုင် ဘီယာတစ်ဗူးနဲ့ အမြည်းတစ်ခုခုကွာ"

မျိုးခိုင်ပါမသိအောင် အက်ဒစ် လုပ်ရမည်။ ပိရိဖို့ အထူးလိုသည်။

"ဟုတ်ကဲ့ ကျွန်တော့်ပျက်ကွက်မှုပါ အာစရိ၊ စီစဉ်ပါ့မယ် အိပ်ကတ်စ်ကျူးမိ. ."

မျိုးခိုင် ရေခဲသေတ္တာရှိသော နောက်ဖေးဘက် ထွက်သွား၏။ တိုက်ပုံအစ်ကိုနှင့်ဖဲကြိုးကို လက်နှစ်ဖက်က ကလစ်ချုပ်သော အခန်းကိုတော့ သူကွန်ပျူတာဆီပို့၍. . သည်အခွေထဲ ရာသက်ပန် ဖျောက်ပစ်လိုက်သည်။ မျိုးခိုင်ထက် ကျွမ်းကျင်သူပင်. . ပြန်ဖော်၍





မရစေရ။

နောက်တစ်ကဒ်။ သို့သော် သည်ကဒ်ကို ဝေချစ်ကိုကတော့ သိမ်းကိုသိမ်းဆည်းရမည်လေ။

နောင်တစ်ချိန် ဒီကောင့်ကို ပြန်ဖွင့်ပြဖို့ပေါ့. . ဟင်းဟင်း။

ခဏအကြာ၌. . ဘဒ်ဝိုင်ဇာဘီယာနှင့် အစေ့အစုံကြော် ရောက်ရှိလာသည်။ မျိုးခိုင်က ကိုယ်တိုင်ဖေါက်ပေးသည်။

"ဘဲကင် လာလိမ့်မယ် အာစရိ"

"ကဲ. . မျိုးခိုင် မင်းအကောင်းဆုံးတွေ့ထားတဲ့ကဒ် ကြည့်ရအောင်၊ ဒါလို့ ငါကတော့ ထင်တာပဲ. . ."

သီချင်းနှင့်ထကနေသော ချစ်မွှေးပုံရိပ်ကို နှိပ်လိုက်သည်။ လှပသော အနီးကပ်မျက်နှာနှင့် ပရိသတ်ကို လှဲခနဲ ပြုံးပြနေပုံဖြစ်သည်။ သူမ၏ အပြုံးတည့်တည့်၌ သူရှိနေသည်။

"အာစရိ ကျွန်တော် အဲ့ဒီကဒ်ကြိုက်လို့ အက်ဒစ်လုပ်ထားတယ် ကျွန်တော့်လက်ရာ မြည်းကြည့်. ."

"ဖျောင်း!"

လက်ဝါးချင်းထောင်ရိုက်လိုက်သေးသည် ။

ဘီယာက အေး၍ ချိုရှပြင်းပျစွာ လည်ချောင်းထဲ ဆင်းသွား၏။

"အော့!. ."

တစ်ယောက်အကြည့် တစ်ယောက်ထပ်ထား၏။

ဖြည်းဖြည်းချင်းပြုံးလာနေသော ဖိုမနှုတ်ခမ်းနှစ်ခု ထပ်ထား



www.burmeseclassic.com

www.burmeseclassic.com



၏။ ကော့ပျံနေသော နှုတ်ခမ်းလေး ထောင့်စွန်းကွေးသထက်ကွေးစဉ် ဖြူစင်သော သွားကလေးတွေ နှုပ်ခမ်းနှစ်လွှာကြားမှ ဖြူခနဲ လှစ်လာ၏။

ထိုစဉ် (၁၅၀၀)ဆိုသော ခန္ဓာဗေဒ လက်၏ဘာသာစကားဝင်လာ၏။

မျိုးခိုင်က ထိုးရပ်လိုက်၏။

"မဟော်သမါနဲ့ အမရာကာဒ်ပဲ အာစရိ. . အရမ်းလှတယ်၊ ဒီလောက်ရှုပ်ရှက်ခတ်နေတဲ့ကြားက ရထားတဲ့ lovely scenes တွေ"

လက်တစ်ချောင်း လက်ငါးချောင်း သုံးညနှစ်ကွင်းက. . ရှင်းနေသည်။ ရီထား၍ အူမြူးနေ၍ သူမျက်လုံးက မျက်ရည်နှင့် ဝင်းတောက်နေသည်(တစ်နည်း)အချစ်ရည်တွေ ဝင်းမှည့်ရွှန်းလဲ့လို့. .

သူမက သွားတွေအားလုံး အလှဆုံးပေါ်အောင် ပြုံးရွှင်ရယ်မောရင်း. . အင်းဟု (အနွေး)ခေါင်းညိတ်ပြသည်။ မိတ်ကပ်နှင့် မျက်တောင်အတုလေးပါ စင်းလို့ လှပစွာ အင်းခြင်းဖြစ်သည်။ မျက်လုံးပါ အင်းခြင်း. . .

"ထောင့်ငါးရာနော် အချစ်နော်"

"အင်း"

ဆိုသော အသံမပါသော်လည်း အမြင်မှာ ကြားနေရသည်။

"ကဒ်!. ."

"ဖျောင်း!. . ဖျောင်း!. ."

လက်ဝါးရိုက်၍ မျိုးခိုင်ကို ချီးကျူးလိုက်သည်။





"မင်းလက်ရည်တက်လာတယ် မျိုးခိုင်၊ ရော့. . မင်းပညာတို့အစ်ကို ဆုချတာ"

"ဟာ!. . တစ်. နှစ်. သုံး. လေး. ငါး. ဟာ. . ဆယ်သိန်းတောင်၊ ဟုတ်လား. . အစ်ကို"

"ဒါက မင်းသုံးဖို့ပေးတာ၊ မင်းစက်တွေ ငါအဆင့်မြှင့်ပေးဦးမယ်"

"ဗျာ!. . အစ်ကို"

ဤသို့ဖြင့်. .

ထိုအခွေသည်. . .

စံပြကျေးရွာမှ မြို့ဖြစ်လာသော လမ်းဆုံမြို့ပေါက်စလေးကိုဗုံးထိသလို ထပေါက်လေသည်။





www.burmeseclassic.com

www.burmeseclassic.com

မိန်းမတွေက
ယောကျ်ားတွေ
မေ့လျော့လေ့ရှိတာတွေကို
စိတ်ပူတတ်တယ်။
ယောကျ်ားတွေကတော့
မိန်းမတွေ သတိတရရှိတတ်တာတွေကို
စိတ်ပူတတ်တယ်။







# အခန်း(၁၃)

အောင်မင်းစိန်က သူ့အရှက်တော်ပုံကြီးဖြစ်သဖြင့် ခနအင်အား ပါဝါအင်အားနှင့် ထိုအခွေကို ရသလောက် တားဆီးသည်။ ခိုး၍ ထွက်လာသမျှ ဝယ်၍မီးရှို့သည်။

ထိုအတောအတွင်း မူရင်းခွေရှိနေသော ဖိပိတ်နှင့်ယုဝ အတော်အလုပ်ဖြစ်လိုက်သေးသည်။

သူတို့နှစ်ယောက်ကိုပင် ထိုအခွေ တားဆီးရေး၊ ဝယ်၍. .



www.burmeseclassic.com

www.burmeseclassic.com



မိးရှို့ရေးတာဝန်ခံအဖြစ် အောင်မင်းစိန်က ခန့်ထားသည်လေ။

(ဝန်ကြီးပါ ပါနေ၍ တစ်တိုင်းလုံး ပေါက်သည်ဟု သိရသည်။)

ဖြစ်ချင်တော့ ထိုအခွေကို အောင်မင်းစိန် တစ်ခါမှ မကြည့်မိခြင်းက အများသူငါ လက်တို့မေးငေါ့၍ ရယ်စရာဖြစ်နေခြင်းပါပင်။

မပော်သခါနှင့် အမရာကဒ်က တစ်မြို့လုံး(ထို့ထက် တစ်တိုင်းလုံး) သိနေပါသော်လည်း အောင်မင်းစိန် မသိလေခြင်း။ ဝေချစ်ကိုနှင့် ချစ်ချစ်မွှေးတို့၏ သင်းပျံ့နေသော သတင်းမွှေးကို အောင်မင်းစိန် ရေးရေးမှ အနံ့အသက် မရရှိလေခြင်းပါ။ အနီးကပ် တပည့်နှစ်ကောင်ကလည်း အခွေတွေသာ အထပ်လိုက် မီးရှို့ပြနေသည်။ အထဲ၌ အချစ်သင်္ကေတ ဘယ်လိုပါတယ်။ ဘယ်သူတွေဟု လုံးဝမပြောပြကြ။

“အာစရိ ဖွင့်ကြည့်သင့်တယ်” ဟုသာ အပြစ်လွတ် မရုတ်မလွန် ပြောထားကြသည်။ အောင်မင်းစိန်က ထိုအခွေကို မစင်လို့ရွံနေသည်။ ကာဗာကိုတောင်မကြည့်။

ပြီးတော့. . . ထိုဖွင့်ပွဲနေ့ကအဖြစ်ကို သူကိုယ်တိုင် ချစ်ချစ်မွှေးအား အတင်းအဓမ္မ လိုက်ရှင်းပြရင်း ဆင်တူဝတ်ချင်လွန်းသော သူ၏အချစ်ကို သက်သေလိုက်ပြနေတော့သည်။

ဖုန်းရှောင်လေ ဆက်လေ. . လူရှောင်လေ လိုက်လေ ဖြစ်နေတော့သည်။ ဝေချစ်ကိုနဲ့ ချစ်နေတာကို သိသိကြီးနဲ့ အောင်မင်းစိန်က သရဲမရဲ လိုက်နေပါ့လားဟု လက်တို့ကြ၊ မေးငေါ့ကြ. . ဖြစ်





ကုန်တော့သည်။

(အာဏာရပါတီ ဆိုင်းဘုတ်က သူ့အဖေ၏ ပေသီးမွှေဝန်းတိမ်ဆိုင်းဘုတ်အပေါ် တင်ထား၍၊ နည်းနည်းလည်း မောက်မာ၍ ခပ်ချဉ်ချဉ် ပရိသတ်ကလည်း များသကိုးလေ။ အောင်မင်းစိန်တ. . လာမည့်ရွေးကောက်ပွဲ ဝင်မည်တဲ့လေ. . )

အမှန်က ဝေချစ်ကိုနှင့် ချစ်မွှေးက ဘာမှမဖြစ်ကြသေးပါ။

အကြွေး၊ စလုံးဒေါ်လာ လှမ်းတောင်းခြင်းသာ ဖြစ်သည်လေ။ ဖလင်အယ်ဒီတာ မျိုးလှိုင် ပညာအပြကောင်း၍ ရသမြောက်နေခြင်းသာပါ။ လူပြောများ၊ လူကြိုက်များနေခြင်းသာပါ. . ။

အမှန်မှာ ဝေချစ်ကိုက စင်ပေါ်ကလှနေသော ချစ်မွှေးလေးကို လှမ်းစခြင်းသာဖြစ်သည်။ သူ့ဟာသူ တိုက်ဆိုင်စွာ ကံကြမ္မာဇာတ်ဆရာက ဇာတ်ညွှန်းဝင်ရေးသွားခြင်းဖြစ်သည်။ ဆယ်သိန်းဆုရ. . မျိုးခိုင်ကလည်း ဝင်ရေးသည်ဟုဆိုရမည်။

ဝေချစ်ကိုနှင့်ချစ်ချစ်မွှေး မကြာခဏ ဖုန်းချင်း၊ လူချင်းဆုံသော်လည်း ထိုအခွေထဲကကိစ္စကို ဘယ်သူကမှ စမပြောကြ။

အောင်မင်းစိန် သဲသဲမဲမဲ လိုက်နေ၍လည်းဖြစ်သည်။

ချစ်မွှေးကို ရွေးချယ်ခွင့် ‘ဟင်းနီးကပ်’ ပေးထားခြင်းလည်းဖြစ်သည်။ သူကတော့စ၍ ပြောမည်မဟုတ်။ သို့သော် ကံကြမ္မာက ခပ်ကြီးကြီးတစ်ခုနှင့် ဇာတ်ရှိန်တင်လိုက်ပါသည်။

အောင်မင်းစိန်တို့နှင့် စင်ပြိုင်ပါတီ(နေပြည်တော်ရုံးချုပ်)တွင် ကိုယ်ရောစိတ်ပါရင်း၍ အလုပ်သွားလုပ်နေသော ချစ်ချစ်မွှေး



www.burmeseclassic.com

www.burmeseclassic.com



၏ မိဘနှစ်ပါး မြို့လေးသို့အပြန် (၃၉)မိုင်၌ ကားမှောက်ခြင်းဖြစ်သည်။

အတွင်းလူနာတဲ့. . ။ ပြင်းထန်သတဲ့. . ။
ချစ်သူလေးဘဝအတွက် အကြီးကြီးဖြစ်ပါသည်။
ကောင်းကင်ပြိုခြင်း ဖြစ်ပါသည်။









# အခန်း(၁၄)

တွန့်ရီလှိုက်ခါနေသော ရှိုက်သံလေးနှင့်. . .

"ကိုဝေ ဖေဖေနဲ့မေမေ ကားမှောက်လို့တဲ့. ."

"ကိုဝေ အခုလာခဲ့မယ်၊ အခုဘယ်မှာလဲ ချစ်မွေး"

" မြို့ကြီးအထူးကုဆေးရုံက အကြောင်းကြားတာ၊ ချစ်မွေးက အိမ်မှာ. ."

"ဘာမှ အားမငယ်နဲ့ ကိုဝေလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ည(၉)နာရီခွဲကျော်နေပြီဖြစ်သည်။ အတူရှိနေသော ယုဝကို သော့တွဲလှမ်းပေးလိုက်သည်။ အစီအစဉ်ကို အမြန်ဆုံး ရေးဆွဲလိုက်သည်။

"ယုဝ တိုက်ကျောင်းကို ငါ့ဆိုင်ကယ်နဲ့ပြေး. .၊ အဲ့သမှာ ဂိုဒေါင်သော့နဲ့ ကားသော့၊ ချက်ချင်းကားထုတ်ပြီး ချစ်မွှေးတို့အိမ်ကို မောင်းလာခဲ့"

"စိတ်ချ ကိုဝေ"

သူ ကားလိုင်စင်၊ ယာဉ်မောင်းလိုင်စင်နှင့် ပိုက်ဆံအိတ်ပါးကို ယူ၍ ကုန်းကြောင်းပင် ဒုန်းစိုင်းပြေးနေမိသည်။

အိမ်ရှေ့ဆင်ဝင်အောက်တွင် အောင်မင်းစိန် ကားရပ်ထားသည်ကို လှမ်းမြင်မှ အပြေးရှိန်ကို လျှော့ချ၍. . ပုံမှန်ပင် တံခါးဝနားချဉ်းကပ်သွားလိုက်သည်။ မှန်ပြူတင်းမှ ဧည့်ခန်းကို လှမ်းမြင်နေရသည်။ ပြူတင်းလိုက်ကာနား သူကပ်၍ ရပ်လိုက်သည်။

ပုတီးစိပ်ရင်း တရှုံ့ရှုံ့ငိုနေသော ကြီးသန်းကို ချစ်မွှေးကဖက်ရင်း ဆိုဖါပေါ် ထိုင်နေသည်။ အောင်မင်းစိန်က စားပွဲပေါ် ငွေစက္ကူထုပ်တွေ တင်ပေးရင်း. . .

"ကိုယ်ကိုယ်တိုင် ဆေးရုံမလိုက်နိုင်တာတော့ ချစ်မွှေးနားလည်ပေးပါ၊ ချစ်မွှေးမေမေက ကိုယ်နဲ့ အတိုက်အခံပါတီက အမတ်လောင်း ဖြစ်နေတယ်လေ၊ ကိုယ့်မဲဆန္ဒရှင်တွေ ယုန်ထင်ကြောင်ထင် ဖြစ်မှာစိုးလို့ပါ"

"ကျွန်မ ကိုအောင်မင်းစိန်ကို အစအဆုံး နားလည်ပါပြီ၊





ရှင် ကူညီတာကိုတော့ ကျွန်မ ဘယ်နည်းနဲ့မှ မယူနိုင်ပါဘူး"

ချစ်မွှေး၏ရဲနေသော အပူမျက်နှာလေးက ပြတ်သားတင်းမာနေ၏။ သူ့ရင်ထဲ အလွန်ကြည်နူးသွားသည်။ ချစ်မွှေးတို့တာ အိမ်တွင် ငွေပိုငွေလျှံ ရှိသည်မဟုတ်။ ဘဏ်တွင်သာ ရှိနေသည်။ သည်အချိန် ဘဏ်ကပိတ်နေပြီဖြစ်သည်။

အရေးပေါ် ငွေကိုလိုပေလိမ့်မည်။ အောင်မင်းစိန်လည်း ဦးဝိန်ဆီက အရေးပေါ်ဆွဲလာသောငွေ ဖြစ်ကိုဖြစ်ရမည်။

အောင်မင်းစိန် ချစ်မွှေးဘေး သွားကပ်ထိုင်သည်။

"ဒီငွေနဲ့ ကိုယ့်ကားဟာ ချစ်မွှေးကိုယ်ပိုင်လို့ပဲ သဘောထားလိုက်ပါလား ချစ်မွှေးရယ်"

"အို!. . ကျွန်မဟာမှ မဟုတ်တာ"

"ကိုယ့်ဟာဟာ မင်းဟာပေါ့ ချစ်မွှေးရယ်၊ ဒီအချိန်မှာ. . ချစ်မွှေးကိုယ့်ကို အားမကိုးရင် ဘယ်သူ့အားကိုးမလဲ"

သူမ ပခုံးပေါ်ကို လက်တင်လိုက်သည်။ ချစ်မွှေးက ခပ်သာသာပင် ဖယ်ချလိုက်ပြီး. . .

"ကိုဝေ လာလိမ့်မယ်"

"ဘာ!. . ဒီကွမ်းယာသည်ကို ချစ်မွှေးအားကိုးတယ်၊ လတ်ကြီးပဲလာပြီး လူချည်းပဲ စိုက်မဲ့ကောင်ကို မင်းက ဒီလိုအခြေအနေမှာ အားကိုးတုန်းလား၊ ဒီငွေနဲ့ဒီကားကို မင်း အခုမယူရင် မင်းမိဘနှင်းကို ဘယ်လိုကယ်မလဲ၊ အချိန်က အရမ်းအရေးကြီးနေပြီ ချစ်မွှေး"

"ဝုန်း!. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်!. . ကိုဝေ"

"ဟုတ်တယ်. . အောင်မင်းစိန်၊ မင်းပြောတာမှန်တယ်. . အချိန်က သိပ်အရေးကြီးနေပြီ၊ အဲ့ဒီပိုက်ဆံယူ ကားမောင်းပြီး မင်း ပြန်တော့၊ ချစ်မွှေး လိုအပ်တာတွေထည့်. ."

"ဟော့ကောင် မင်းဝင်မရှုပ်နဲ့ ဝေချစ်ကို. . ပိုက်ဆံမပါဘဲ ကားမရှိဘဲ မင်းပါးစပ်နဲ့ ဝင်ရှုပ်လို့မရဘူးကွ"

"ဟော့ကောင်!. ."

သူ့ခပ်ငေါက်ငေါက်အသံက မာန်ပါနေ၏။

"မင်း ပိုက်ဆံပြန်ယူ အဝိနဲ့ကိုပြန်ပေးလိုက်၊ မင်းပြန်တော့ မင်းအကူအညီ မလိုဘူးလို့ ချစ်မွှေးပြောပြီးပြီ"

ထိုစဉ်. . အိမ်ထဲဖြာခနဲ မီးထိုး၍ ဆိုက်ကနပ် ကားဖြူကြီး ထိုးဆိုက်လာ၏။ ယုဝ အမောတကော ဝင်လာသည်။

"အသင့်ပဲ ကိုဝေ"

"ကားနောက်ခန်းက ဆာလာအိတ်လေး တဆိတ်ယူပေးပါဦး ယုဝ"

ခဏချင်း ယုဝက ဆာလာအိတ် ထမ်းဝင်လာရင်း ဘုတ်ခနဲ ပစ်ချသည်။ သူက အိမ်အပြင်ကို လက်ညှိုးထိုး၍. . .

"အဲ့ဒါ ကား. . အောင်မင်းစိန်၊ ကဲ. . ယုဝ အိပ်ဖွင့်ပြလိုက် ပါဦး"

"ရှူ!. ."

အတန်ကြီး အထုပ်အသစ်တွေ ပြခနဲ ထွက်လာ၏။





"အဲ့ဒါ ပိုက်ဆံ၊ ကဲ. . မင်းပြန်မလား ငွေအိတ်နဲ့ရုတ်ထုတ်ရ မလား၊ ငါကလေးမဆန်ချင်ပေမယ့် မင်းနဲ့တန်အောင် လိုရင်းပြောတာ ပြန်. . အချိန်မရှိဘူး၊ ကဲ. . ချစ်မွှေး အဆင်သင့်ဖြစ်ရင် သွားမယ်"

"ဂျိတ်!. . ဂွိတ်!. . ဂွိတ်!. . ဝူး!. ."

အောင်မင်းစိန် ဆတ်ဆတ်လူး၍ ကျန်ခဲ့သည်ကိုတော့ သူ ကားမောင်းရင်း နည်းနည်းပြုံးမိသည်။ ကြီးမေကို ဘာတွေပြော၍ ကျန်ခဲ့မည်မသိ. . .။

"ကားနဲ့ငွေက တကယ်လိုနေခဲ့တာပါ ကိုဝေ၊ ရှိစုမဲ့စု ငွေ ကလည်း ဘဏ်မှာလေ"

ညှိုးငယ်နေသော ချစ်သူလေးပခုံးကို ဖွဖွလှမ်းဆုပ်၍ နှင် သိမ့်လိုက်သည်။

"ချစ်မွှေး ပြတ်ပြတ်သားသား. . ကိုယ့်နားနဲ့ဆတ်ဆတ်. . ငြင်းလိုက်တဲ့အချိန်လေးမှာ ကိုယ်အရမ်းကြည်နူးသွားတယ်၊ ပြီးတော့ ကိုဝေ လာလိမ့်မယ်ဆိုတဲ့ စကားလေးပေါ့၊ ဟင်းဟင်း. . သူပြောသ လို လက်ကြီးပဲလာပြီး လူချည်းပဲ စိုက်မယ့်ကောင် ဖြစ်နေရင် ချစ်မွှေး ဘယ်လိုလုပ်မလဲ. . ."

မျက်ရည်ကြားက ကားမောင်းနေသော သူ့ဘေးတိုက်မျက် နှာကို စေ့စေ့ကြည့်ရင်း. . .

"စဉ်းစားပြီးသားပါ၊ ကိုဝေလာရင် ပြည့်စုံပြီလေ၊ အကောင်း ဆုံးခေါင်းရယ်. . ချစ်မွှေးနဲ့ ကြီးသန်းကိုယ်ပေါ်က ရှိသမျှပစ္စည်းရယ် ပေါင်းလိုက်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့်ပဲ သူ့ကို ငြင်းတယ်ပေါ့"

"နောက် တစ်ကြောင်းနှစ်ကြောင်းလည်း ရှိပါသေးတယ်"

"ဘာအကြောင်းတွေပါလိမ့် ကိုဝေ သိခွင့်ရှိလား"

"မပေါ်သေးခင်ကနဲ့ အမရာကို တစ်တိုင်းလုံး သိနေတယ်လေ"

"နောက်တစ်ကြောင်းကကော. ."

"သူ ဆေးရုံကို မလိုက်နိုင်တာ မေမေက သူနဲ့အတိုက်အခံ ရွေးမယ့် အမတ်လောင်းဖြစ်နေလို့တဲ့၊ သူ့မဲဆန္ဒရှင်တွေ ယုန်ထင် ကြောင်ထင် ဖြစ်ကုန်မယ်တဲ့၊ သူက ခရိုနီနဲ့အာဏာရှင်ဘက်က. . ကျွန်မက ပြည်သူဘက်က၊ အခြေခံနိုင်ငံရေးခံယူချက်က မြဒါးတစ်လမ်း သံတစ်လမ်းလေ. . ဘယ်လိုအားကိုးမလဲ"

သူကြည်နူးစွာ ပြုံးမိသည်။ နှစ်ခြိုက်စွာ လှည့်ကြည့်ရင်း. .

"နောက်တစ်ကြောင်း ရှိသေးလား"

"ကျွန်မ အကြွေးတင်နေလို့"

သူ ဟက်ဟက်ပက်ပက်ပင် ရယ်လိုက်မိသည်။

"တမင်ရယ်နေတာမဟုတ်ဘူးနော်၊ အရေးပေါ်ကာလကြီး ကားမောင်းရင်း တကယ်ရယ်မိတာပါ ချစ်မွေးလေးရယ်. . သဘော ကျလို့ပါ။ ပြီးတော့. . လောလောဆယ် မင်းအပူတွေမေ့ပြီး ခေါင်း အေးစေချင်လို့ပါ။ ခေါင်းအေးအေးနဲ့ ရွေးချယ်ဆုံးဖြတ်စရာတွေ လာတော့မှာ. . ရန်ကုန်ကို ရွှေ့ရလိမ့်မယ်ထင်တယ်၊ ဒီထက်မက စင်ကာပူထိ လိုအပ်ရင် စီစဉ်နိုင်ရမယ်၊ ခေါင်းအေးအေးထား ကိုဝေ ရှိတယ်. ."





ပခုံးပေါ် တင်ထားသော သူ့လက်ဖမိုးကိုလာဆုပ်၍ အုပ် ကိုင်ထားသည်။ လက်အေးလေး ချွေးစို့နေသည်။

"ကိုဝေ ဘာလုပ်လို့ ဒီလောက်ချမ်းသာနေတာလဲ"

"ကွမ်းယာရောင်းတာလေ"

"ခရီးထွက်ထွက်နေတယ်၊ ဒီပြင်အလုပ်ရှိပါတယ်. . ပြော"

"မြေ့မြေ အရောင်းအဝယ်လုပ်တာလေ၊ သမာအာဇီဝပါ လိမ်မှာပါးနပ်မှုတော့ လိုတာပေါ့"

"ဖြစ်နိုင်တယ်. . ကိုဝေက လှပ်လှပ်ကလေး"

"ဘာကို လှပ်လှပ်ကလေးလဲဗျာ၊ လူကို မသမာကောင်ကြီး ကျလို့"

"သိပါတယ်နော် ကိုဇိပိတ်က အကုန်ပြန်ပြောတယ်"

"ဘာတွေပြောလဲ ဒီကောင်"

"အကုန်လုံးပဲ"

"တစ်ခုနှစ်ခု ပြောပြ"

"တစ်ခုက ယတြာပန်းခူးထွက်တဲ့ မနက်ခင်းတဲ့၊ ဒီလောက် ဆို ကိုဝေသဘောပေါက်ပါတယ်နော်"

"ဟာ!. . ဇိပိတ်ကွာ. . လုပ်ပဟ"

သူ့အကွက်ချစီစဉ်ထားသော ကူလီကူမာဇာတ်မို့ လိပ်ပြာက နည်းနည်းရှက်သွားသည်။ ချစ်ချစ်မွေး သူ့ကိုဘယ်လိုမြင်သွားသ နည်း။ သည်မေးခွန်း အရေးကြီးသည်။ အရဲစွန့်၍ ထပ်မေးကြည့် သည်။



www.burmeseclassic.com

www.burmeseclassic.com



“နောက်တစ်ခုကကော. . .”

ရွှေ့ဟာကားကို မြားလိုကျော်၍ အရှိန်ပြန်လျှော့ရင်း. . .

“ပြောပါ နောက်တစ်ခု. .”

“နောက်တစ်ခု အသေးစိတ်ကို ကိုဇိပိတ်က ပြောပြတာပါ ရှင်. . မိုးပျံတိုက်ပုံတဲ့”

ကုန်ရော. . ။ တော်သေး၏ (၁၅၀၀)ကွက်တိကို ဇိပိတ်မသိ လို့. . ။

သူရယ်ကြဲကြဲနှင့် မောင်းနေရသည်။ မောင်းရင်း ထိထိမိမိ မေးခွန်းထုတ်ရန် စကားလုံးစီရသည်။

“ကိုယ့်ဇာတ်ညွှန်းတွေမှန်း ချစ်မွှေးသိသွားတော့. . အမှန် ပြော ကိုယ့်ကိုဘယ်လိုမြင်သလဲ”

“အရမ်းတော်တာပဲ”

“မကောင်းတဲ့ဘက်မှာလားဗျာ”

“မဟုတ်ပါဘူး. . အခြေအနေနဲ့ အချိန်အခါကို လှလှပပ အသုံးချတတ်လို့ပါ၊ ပြီးတော့. . ဇိပိတ်က သူချစ်တဲ့ ကျွန်တော်တို့ အန္တရာယ်ကိုလည်း အသေးစိပ်ကြိုမြင်တယ် ကြိုကာကွယ်ဖို့ အကွက် ချပြီးသားတဲ့၊ တိုက်ပုံကို ရအောင်ပြန်ယူတာလေ. . ကျောမှာကပ်နေ မယ့် ချုပ်စက်ကလေးကအစ ဂရုစိုက်ထားတာလေတဲ့. . ၊ သူချစ်သူဆို သူဘယ်လောက်များ ဂရုစိုက်မလဲ တွေးကြည့်တဲ့. . ၊ ကိုဇိပိတ်က ကျွန်မကို တွေးကြည့်ခိုင်းခဲ့သေးတာကလား”

ဇိပိတ် အပို့ကောင်းသည်။ တပည့်ကောင်း ပီသသည်။





မောင်းရင်း ဇိပိတ်ဆီ ဖုံးလှမ်းဆက်လိုက်သည်။

“ဇိပိတ် မင်းကိုဆုချမလို့၊ ကြီးသန်းဆီသွား. . ဟိုတောင်ငွေ ဆယ်သိန်း အတင်းထားခဲ့တယ်၊ ကြီးသန်းက ပြန်ပို့ဖို့ မင်းကိုစောင့် နေတယ် ဒါပဲ၊ မင်းချစ်တဲ့ မင်းအဖေအတွက် လိုတာအရင်ဖြည့်. . ကျန်တာ မင်းအကုန်သုံးလိုက်တော့၊ ဟော့ကောင် ငါပြောတာကြား လား. .”

“ထ,ကနေလို့ ပြန်မပြောဖြစ်တာ နောင်ဝေ. . မြန်နှာ. .”

“ကားရှိနေရဲ့သားနဲ့ ဘာလို့မစီးတာလဲ ကိုဝေ”

“စီးပါတယ် ချစ်မွှေးတို့ မမြင်အောင်ပေါ့”

“မြင်တော့ ဘာဖြစ်လဲ”

“ကွမ်းယာသည်အဖြစ်နဲ့ပဲ အချစ်ခံချင်လို့ပေါ့”

“အဲ့ဒီစကားလုံး ပါလာပလား. .”

မကြားတကြားပြောခြင်း ဖြစ်၏။

ထိုစဉ်. . ဖုန်းဝင်လာသည်။ ချစ်ချစ်မွှေးဖုန်းဖြစ်သည်။ ပူပင် သောကကို ခဏဖြတ်တောက်၍ ကြည်နူးနေသော အဝန်းအဝိုင်းထဲ သတင်းကောင်း ဝင်လာခြင်းဖြစ်သည်။ ပြင်ပအထူးကုဆေးရုံ၌ သူမ ဖေဖေရော မေမေပါ စိုးရိမ်စရာမရှိ။ လုံးဝ သတိကောင်းကောင်းရ နေကြ၏ဆိုသော သတင်းဖြစ်သည်။

သက်ပြင်းများပြိုင်တူ ချလိုက်မိကြသည်။

“တို့လက်ရှိအခြေအနေမှာ. . အပူတပြင်း သောကပွဲနေ လည်း အဲ့ဒီသတင်းကောင်းနဲ့ အခြေအနေအကောင်းကို ရောက်တို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာမှာပဲလေ၊ ပူပင်သောကဟာ လူကိုညှင်းတယ်၊ ဦးနှောက်ဆုံးဖြတ်ချက်တွေကို သင်းကွပ်တယ်. ."

"ဟုတ်တယ်. . ပြဿနာအခက်အခဲကြားမှာ ဟာသဉာဉ်နဲ့ ရှင်နိုင်ရမယ်၊ ကိုဝေ့ အားသာချက်က အဲ့ဒါပဲ. . ."

သူနှင့်အင်မတန် ထိုက်တန်သောစကားကို ချစ်သောချစ်မွေးကိုယ်တိုင်က ပြောလိုက်ခြင်းဖြစ်သည်။ (ဟု သူကထင်ပစ်လိုက်သည်။) သည်ကလေးမ ငါ့ကိုမြင်တတ်လှချည်လားဟုလည်း သွေးနားထင် ရောက်သွားသည်။ ပြီးတော့. . သည်ကောင်မလေး ကဗျာဆန်သည်။

ယတြာပန်းခူးထွက်တဲ့ မနက်ခင်းတဲ့. . မိုးပျံတိုက်ပုံတဲ့. . အလွန်ထိမိတဲ့ စကားလုံးတွေပဲ၊ ဂွမ်းခနဲ ငါ့ကိုထိတယ် သိပ်မပေါ့ဘူး။

"အဲ့ဒီ ဟာသဉာဉ်နဲ့ ပြိုင်ဘက်တစ်ယောက် အရှက်တကွဲ အကျိုးနည်းအောင် ကလဲ့စားချေတာကတော့ အထင်သေးစရာ လုပ်ရပ် မဟုတ်ဘူးလား၊ ကိုဝေ လုပ်ခဲ့တာတွေလေ. ."

"နာကျည်းချက်ရှိခဲ့လို့ နေမှာပေါ့"

"ဟုတ်တယ် ချစ်မွေး မသိချင်ပါနဲ့. . အကျိုးမရှိဘူး"

ချစ်မွေးက ခပ်ပြုံးပြုံးသူ့ကို ဘေးတိုက်စိုက်ကြည့်နေသည်။ သူမအပြုံး၏ အဓိပ္ပါယ်ထဲ၌ လက်ခနဲ တစ်ခုခုဖွက်ထားသလားလို့။

ချစ်မွေးမသိချင်ပါနဲ့တဲ့. . ။ သိလို့ ခက်ခဲ့တာပေါ့ ကိုကိုရယ်။

သူမ စကားလမ်းကြောင်းပြောင်းသောအားဖြင့်. . .

"ကားပေါ်မှာ အမြဲတမ်း အဲလိုအိတ်နဲ့ ပိုက်ဆံတွေ အသင့်





ထည့်ထားတာပဲလား"

"မြေဝယ်ဖို့ ချက်ချင်းငွေချပေးရတာမျိုး ရှိတယ်လေ၊ ဖြီတော့. . အခုလို အရေးပေါ်ကိစ္စမျိုး ချစ်မွေးဖြစ်လာတော့. . တိုယ်အသင့် ဖြစ်နေတာပေါ့"

"ဒါလည်း ကိုဝေ့ဇာတ်ညွှန်းပဲလားဟင်"

"ဘာကိုပြောတာလဲ ချစ်မွေး"

ဂုံးကျော်တံတား ပိတ်မိနေသေး။ အရေးထဲ. . ။

ငြိမ်သက်သွား၏. . . ။

"ချစ်မွေးနဲ့ ဖူးစာဆုံအောင် ကိုဝေ ဒီဇာတ်ညွှန်းကိုများ ကြိုရေးထားသလားလို့. ."

ကားတွင်းမီးရောင်ထဲ အကြည့်နှစ်ခု မီးပွင့်သွား၏။

"တစ်ဝက်က ကိုယ်ရေးတာပါ၊ မင်းကိုချစ်လို့. . အဲ. . တစ်ဝက်က ကံကြမ္မာကရေးတာပါ"

'ဒီစကား ပြောလာပြီပဲ. . ဟင်းဟင်း'ဟု သူမစိတ်ထဲက ကြိတ်ရယ်လိုက်သေးသည်။ ကျွန်မ အဲ့ဒီစကားကို ရင်နဲ့အမျှ စောင့်စားခဲ့ရတာပါရှင်။ မင်းကိုချစ်လို့. . တဲ့။

မမဇော်ကလွဲပြီး ချစ်စကား ဘယ်သူ့ကိုမှ မပြောဘူးဆိုတဲ့ လူကြီးလေ၊ ဘယ်နှယ့်ရှိစ မမဇော်. . လောင်းကြေး ကျွန်မနိုင်တယ်နော်. . ဟု. . ချစ်မွေးစိတ်ထဲက လက်မထောင်ပြောရင်း. .

မမတင်တင်ဇော်ရေ မမဟာ ကျွန်မနဲ့တိုးတိုးပေါ်ဆိုတာ ခုထိ ရှင့်လူကြီးမသိဘူး။ ငွေမက်တဲ့ မမဇော်နဲ့ရှင့်ကို ကျွန်မ သဘော



www.burmeseclassic.com

www.burmeseclassic.com



မတူခဲ့ဘူးဆိုတာ မမဇော်လည်း မသိဘူး. . ဟင်းဟင်း. . ။

ဉာဉ်ကောင်းတဲ့၊ ဉာဏ်ကောင်းတဲ့ ကိုဝေနဲ့ မမဇော်(ခေါ်) မငွေခင်နဲ့ ဖြစ်ပါဘူးလေ၊ ငယ်ငယ်ထဲက ကိုဝေ့ကို သူရဲကောင်းတင်ပြီး ကျွန်မက ချစ်ခဲ့တာ. . ချစ်ခဲ့တာ. . ချစ်. . ခဲ့. . တာ. . ။

မီးရထားက မလာသေး။ ဂုံးကပိတ်ဆဲ။

ကားတွင်းမီးရောင်ထဲနှင့်ပင် မျက်နှာချင်းဆိုင်၍ ချစ်မွေး ကြည့်လိုက်သည်။ စူးစူးစိုက်စိုက်. . . ။

မခံချင်စိတ်ကို သည်းခံပြီး အင်အားအဖြစ် ပြောင်းလဲပစ်နိုင်မယ့် ကိုကို့အရည်အသွေးကို ကျွန်မတွေ့သပေါ့. . ကျွန်မလည်း စာအလွန်ဖတ်တယ်လေ။ ကိုကိုသည်လောက်ချမ်းသာနေမှန်း. . ကျွန်မ မသိပါ၊ အဲ့ဒါ ကျွန်မရဲ့ရိုးသားခြင်း မဟုတ်ရင် ဘာလဲကိုကို၊ အခက်အခဲထဲမှာပဲ ကိုကို့ကို. . အင်း. . ကွမ်းယာသည်ကို ကျွန်မ ရွေးတယ်. . ဒါပဲလေ။

"ကိုဝေ့ကို ချစ်မွေးတစ်ခုမေးမယ်နော်"

"မေးစေဗျာ"

"ကျွန်မနဲ့ကိုဝေ ဖူးစာဆုံပလား"

"ပြောနေရသေးလား ချစ်မွေးရယ်၊ ဒီအခြေအနေရောက်အောင်. . ကိုယ်ဘယ်လောက် ရုန်းကန်ခဲ့ရသလဲ၊ ချုပ်တီးခဲ့ရသလဲ၊ လျှို့ဝှက်ခဲ့ရသလဲ၊ ပြိုင်ဘက်ကို အနိုင်တိုက်ခဲ့ရသလဲ ဆိုတာ ချစ်မွေးနားလည်သင့်နေပြီပဲ၊ မင်းလေးဟာ ကိုယ့်ကြိုးစားမှုအားလုံးရဲ့ ဆုလာဘ်ကလေးပါ ချစ်မွေး"





"ဒီစကားကြားရတာ ချစ်မွေးဝမ်းသာလိုက်တာ၊ ဒါဆို. . . ကိုဝေနဲ့ ကံကြမ္မာနဲ့ ပူးပေါင်းရေးတဲ့ ဒီဇာတ်လမ်းက ပျော်ရွှင်စွာ အဆုံးသတ်တဲ့ Happy ending ဇာတ်ညွှန်းပေါ့နော်"

"ဒီလိုပဲ ပြောရတော့မှာပေါ့ ချစ်မွေးရယ်၊ အဲ့ဒီ ဇါတ်ညွှန်းထဲမှာ မုသားမပါ လင်္ကာမချောဆိုသလို မာယာတွေ မုသားတွေလည်း ပါကောင်းပါနိုင်ပါတယ်၊ အဲ့ဒါကို ကိုဝေ လိပ်ပြာမသန့် ဖြစ်နေတယ်"

"မဖြစ်ပါနဲ့ ကိုဝေရယ်၊ လောကဆိုတာက ရိုးသားဖြောင့်မတ်ခြင်းနဲ့ ဖြတ်သန်းရင် အရနည်းတယ်၊ လိမ္မာပါးနပ်ခြင်းနဲ့ ဖြတ်သန်းနိုင်မှ လူ့အရသာပိုရတယ်၊ အဲ့ဒီခံယူချက်ကို ပြောင်းလိုက်. . ကိုဝေ လိပ်ပြာသန့်သွားလိမ့်မယ်"

"ဟုတ်တယ်. . လိမ္မာပါးနပ်ခြင်းနဲ့ ဖြတ်သန်းတာ ကိုယ်တကယ်လိပ်ပြာသန့်သွားတယ် ချစ်မွေးရယ်၊ ဒါမှ ကိုယ့်ဘဝခရီးဖေါ် အစစ်ပါလား. . "

"ကိုဝေ ဘယ်သူ့ကိုမှ အကြီးအကျယ် ထိခိုက်နစ်နာအောင် မလုပ်ခဲ့ပါဘူး. . ချစ်မွေးသိတာပေါ့"

"အဲ့ဒီစကားက ပိုအားရှိတာပေါ့ အချစ်လေးရယ်၊ ကိုယ် ဒီဇာတ်ညွှန်းရေးရကျိုး နပ်သွားပါပြီ၊ ချစ်လိုက်တာ ချစ်မွေးရယ်"

သူမပခုံးကို ဆွဲပွေ့၍. . သူ့ကိုယ်ကြီး ကိုင်းညွတ်ကျလာနေစဉ်. . .

"အဟမ်း!. . ယုဝ ပိုက်ဆံပုံပေါ် ခဏမှိန်းနေတာ အိပ်ပျော်တယ်လို့ ထင်မထားကြနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး နောက်ခုံက ယုဝကို မေ့နေခဲ့ကြပါသည်။

"ကိုဝေ ဒီထက်လိပ်ပြာလုံအောင် ချစ်မွေးပြောပြမယ်. . ဒီဇာတ်ညွှန်းက ကိုဝေရေးတာမဟုတ်ဘူး၊ ချစ်မွေး ဒီတစ်သက်မပြောဘူးလို့နေတာ. . လိပ်ပြာမလုံလို့. . "

"ဟင်!. . ဘယ်လို. . ဘယ်လို"

"ဝေချစ်ကို ချစ်ချစ်မွေး ဇာတ်လမ်းနဲ့ ဇာတ်ညွှန်းက ကိုဝေရေးတာလည်း မဟုတ်ဘူး၊ ကံကြမ္မာရေးတာလည်း မဟုတ်ဘူး. . "

"အွန်!. . "

ထိုစဉ် ဖုန်းဝင်လာလေသည်။ ဟယ်. . မေမေတော့. . ဟုရွတ်၍ သူမ ကားတံခါးဖွင့်ဆင်းလိုက်သည်။ အဝေးမှ ရထားဥသြသံ တစ်ချက် ကြားရသည်။

"ဟလို မေမေ. . ပြောပါ"

"သမီး ဘယ်ရောက်နေပလဲ"

"မြို့အဝင် ဂုံးတံတားမှာ မေမေ"

"အခြေအနေ ပြောပါဦး. . စကားပြောရတာ လွတ်လပ်ရဲ့လား. . "

"သူက သူ့ဆိုက်ကနပ်ကားထဲမှာ မေမေ၊ သူက တကယ့်ကိုချမ်းသာနေတာ မေမေရေ့၊ မေမေ့စီနအတင်းလာပို့တဲ့ ငွေထုပ်ကို သူ့တပည့်ကို ဆုချပစ်လိုက်တယ်၊

မေမေ့စိန်က ပြောသွားသေးတယ် ဆေးရုံကို လူမလိုက်နိုင်တာ နားလည်ပေးပါတဲ့၊ မေမေနဲ့ သူနဲ့က ရန်သူတွေ သဘောမျိုး





ပြောတယ်၊ လေးစားရမယ့် ပြိုင်ဘက်လို့ သဘောမထားဘူး၊ ထားပါဂုံးတံခါး ဖွင့်တော့မယ်၊ ဖေဖေနဲ့မေမေတို့ လိုအပ်ရင် စင်ကာပူအထိပို့ပြီးကုဖို့ ငွေထုပ်ကြီးနဲ့ မေမေ့သားမက် ကားထဲမှာ စောင့်နေတယ် ဖေဖေကော ဘာလုပ်နေလဲ. . "

"အထူးကုဆေးခန်းထဲအထိ မမ္မပဒ စာအုပ်ယူလာပြီး ဟိုမယ် ငုတ်တုတ်ဖတ်နေလေရဲ့. . "

"တအောင့်နေ ရောက်လာတော့မှာ. . လှဲနေဖို့ ဖေဖေကို ပြောထားဦး၊ စာလည်းဖတ်မနေနဲ့ စာအုပ်ပါသိမ်း. . "

"ဟုတ်ကဲ့ မယ်မင်းကြီးမ အမိန့်အတိုင်း ရှိစေရပါမယ်"

"ကဲ. . မေမေ၊ မေမေ့ယောင်းမ ကြီးသန်းတောင်. . ချစ်အောင် ကုလီကူမာလုပ်နိုင်တဲ့ ဉာဏ်ရည်မြင့်လူတော်တစ်ယောက် သမီးနောက် အထုပ်အထည်နဲ့ ကောက်ကောက်ပါလာပြီ သမီးနိုင်တယ်"

"ဟုတ်တယ် မာမီတို့ရှုံးသွားပြီ၊ မမဇော်ကို သက်သေပြဖို့ ကားထဲက အသံဖိုင်လည်း ရထားရောပေါ့. . "

"ချစ်ချစ်မွေးပါမေမေ အသင့်ပါပဲ၊ မေမေနဲ့ဖေဖေကို သက်သေပြဖို့ကတော့ သမီးဇာတ်ကောင်ကို အရှင်လတ်လတ် အခုပဲခေါ်လာနေပြီ"

မီးရထားက တကျောက်ကျောက် ဖြတ်လျှောက်သွား၏။ သူမလည်း ကားဆီပြန်လျှောက်လာနေ၏ စဉ်းစားရင်း လာနေခြင်းဖြစ်သည်။ သည်ဇါတ်လမ်းက ကံကြမ္မာရေးတာလည်းမဟုတ်ဘူး. . .



www.burmeseclassic.com

www.burmeseclassic.com



ကိုဝေ ရေးတာလည်း မဟုတ်ဘူးဆိုရင်. . .

ကားထဲဝင်တာနဲ့ ကိုဝေ မေးတော့မယ်. . ဘယ်သူရေးတာလဲလို့၊ ကိုဝေ့လိပ်ပြာလုံအောင်. . ကျွန်မ လိပ်ပြာလည်းလုံအောင် ဖြေရတော့မယ်. . .။

ဒီဇာတ်လမ်း ဘယ်သူရေးတာလဲ. ?

ဒီဇာတ်လမ်း ဘယ်သူရေးတာလဲ. ?

?

?

?

?

?

?

?

?

?

ဟိုအောက်မှာ ကမ္ပည်းထိုးထားတဲ့ 'လူ'။ ။

☺ အောင်မြင်စာပေ ☺




www.burmeseclassic.com